# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၈၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ သောကြာနေ့။


ဒါနဥ္စ တံမင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း
လှူဒါန်းခြင်းသည်
မြတ်သောမင်္ဂလာ မည်၏။

# စိုက်ပျိုးရေးနှင့်မွေးမြူရေး တိုးတက်ရန် ပြည်ပနိုင်ငံများနှင့်ချိတ်ဆက်ပြီး စနစ်တကျဆောင်ရွက်




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်ဖြူမြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**သံတွဲ ဒီဇင်ဘာ ၂၅**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာလာရာ ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ ရောက်ရှိပြီး ငပလီမြို့ မဒေးတောင်ရှိ အမတသုခအလိုတော်ပြည့်တောရကျောင်း၌ အလိုတော်ပြည့်ဆရာတော် ဒေါက်တာအရိယဝံသနှင့်ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မဒေးတောင်ရှိ တိလောကသယမ္ဘူ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●

# ပတ်ဝန်းကျင်ဆိုင်ရာအခြေခံအချက်အလက်များ တိုင်းတာစစ်ဆေး

မင်းထက်အောင်
(မန်းကိုယ်ပွား)

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်များဖြစ်သော လေထု၊ မြေအောက်ရေနှင့် မြစ်၊ ချောင်းများအတွင်းရှိ ရေထုတို့၏အရည်အသွေးများကို တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ အမျိုးသမီးရေးရာအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် Myanmar Environmental Institute(MEI) မှ ပညာရှင်များ ပါဝင်ကြသောအဖွဲ့တို့၏ ညှိနှိုင်းဆွေးနွေးအကြံပြုချက်များအရ တိုင်းတာစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီလုပ်ငန်းကို အဓိကပံ့ပိုးကူညီပေးတာက MEI အဖွဲ့ကပါ။ သူတို့မှာ ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ လိုအပ်တဲ့စက်ပစ္စည်းတွေရှိတယ်လေ။ ကျန်တဲ့အဖွဲ့တွေကတော့ ဆွေးနွေးအကြံပြုချက်တွေနဲ့ ဝိုင်းဝန်းဆောင်ရွက်သွားမှာပါ"ဟု ၄င်းကပြောသည်။

*စာမျက်နှာ ၇ ကော်လံ ၁* *

**ယနေ့ မာတိကာ**


ဘယ်လိုစဉ်းစားကြမှာလဲ ဆောင်းပါး
စာမျက်နှာ » ၆

အမြန်လမ်းမကြီး ဥပဒေကြမ်း
စာမျက်နှာ » ၁၅၊ ၁၆၊ ၁၇၊





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရန်ကုန်စည်ပင်ရွေးကောက်ပွဲ

ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရတစ်ခု ဖြစ်ပါသည်။ ဒီမိုကရေစီစနစ် ကျင့်သုံးသောနိုင်ငံတို့တွင် မြို့နယ်အဆင့် ရွေးကောက်ပွဲများမှသည် ပါလီမန်ရွေးကောက်ပွဲများအထိ အများဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ကြပါသည်။ အများဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းသည် ဒီမိုကရေစီ၏အလေ့အကျင့်ကောင်းလည်းဖြစ်ပါသည်။

ရန်ကုန်မြို့တော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် မြို့တော်ကြီးဖြစ်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းကို ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပသွားရန် စီစဉ်လျက်ရှိပါသည်။ ဤသို့ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ရာတွင် ကော်မတီဝင်အဆင့် (ဗဟိုအဆင့်) ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များအဖြစ် ခွဲခြားထားပါသည်။ မြို့နယ်အဆင့်တွင် (ရပ်မိရပ်ဖ)ဥက္ကဋ္ဌ၊ တတ်သိပညာရှင်နှင့် လူမှုအဖွဲ့အစည်းဟူ၍ သုံးနေရာသတ်မှတ်ထားပါသည်။ ဤသုံးနေရာသို့ ဝင်ရောက်အရွေးခံသော ကိုယ်စားလှယ်လောင်းများအား ပြည်သူများက ဆန္ဒမဲပေးရွေးချယ်ပေးရမည်ဖြစ်ပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ်ပေါင်း ၃၃ မြို့နယ်တွင် ၂၁၃ ဦး မြို့နယ်အဆင့် ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း သိရပါသည်။ ယင်းတို့အနက် တစ်မြို့နယ်လျှင် သုံးဦးကျစီ မြို့နယ်ပေါင်း ၃၃ မြို့နယ်အတွက် ၉၉ ဦးရှိပါမည်။

ရွေးချယ်ခံရသော ရပ်မိရပ်ဖနေရာအရွေးခံရသူသည် မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌဖြစ်လာမည် ဖြစ်ပါသည်။ လက်ရှိစည်ပင်အုပ်ချုပ်ရေးမှူးသည် အတွင်းရေးမှူး ဖြစ်လာမည်ဖြစ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဦးသည် ဒုတိယဥက္ကဋ္ဌ ဖြစ်လာမည်ဖြစ်ပါသည်။ ပြည်သူရွေးကောက်တင်မြှောက်လိုက်သော အခြားနှစ်ဦးဖြစ်သည့် တတ်သိပညာရှင်နှင့် လူမှုရေးအဖွဲ့အစည်းအတွက် ဝင်ရောက်အရွေးခံသူတို့သည် အဖွဲ့ဝင်များဖြစ်လာကြမည်ဖြစ်ပါသည်။ ယင်းတို့ငါးဦးဖြင့် မြို့နယ်စည်ပင်သာယာကော်မတီကို မြို့နယ်အလိုက် ဖွဲ့စည်းကာ စည်ပင်သာယာလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အတူ ခရိုင်အဆင့်တွင်လည်း ရပ်မိရပ်ဖဥက္ကဋ္ဌ၊ တတ်သိပညာရှင်နှင့် လူမှုရေးအဖွဲ့အစည်း ကိုယ်စားလှယ်လောင်းဟူ၍ သုံးဦးအား ပြည်သူများ၏ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ပေးရမည်ဖြစ်ပါသည်။ ခရိုင်အဆင့်တွင် ဝင်ရောက်အရွေးခံသူ ၆၂ ဦးရှိပြီး လေးခရိုင်အတွက် ၁၂ ဦး ရွေးချယ်မည်ဖြစ်ပါသည်။ ခရိုင်အဆင့် ကော်မတီဖွဲ့စည်းပုံမှာလည်း မြို့နယ်အတိုင်းဖြစ်ပါသည်။

ဗဟိုကော်မတီဝင်အဆင့် ရွေးချယ်ရာတွင် ခရိုင်လေးခရိုင်မှ တစ်ဦးကျစီ ရွေးချယ်ပေးရမည်ဖြစ်ပါသည်။ ခရိုင်လေးခရိုင်မှ လေးဦးသည် ဗဟိုကော်မတီဝင်များ ဖြစ်လာမည်ဖြစ်ပါသည်။ ယင်းလေးဦးကို ရန်ကုန်လူထုကပင် ရွေးကောက်တင်မြှောက်ပေးရမည်ဖြစ်ပါသည်။ ကော်မတီဝင်အဆင့် ဝင်ရောက်အရွေးခံသူ ၃၈ ဦးရှိကြောင်း သိရပါသည်။ သို့ပါ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ ယင်းမှပေါ်ထွက်လာသည့် စည်ပင်သာယာရေးကော်မတီတို့က ပြည်သူလူထုအတွက် မြို့ပြများပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ




# အာဆီယံစီးပွားရေး ဝန်ကြီးများအနေဖြင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ)နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် အစည်းအဝေးများ၏ ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများနှင့် AEC Scorecard အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို တင်ပြနိုင်ရန်အတွက် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်း စီမံချက်ပါ လုပ်ငန်းကော်မတီများ၏ (၁၇)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရာ၌ (၂၄) ကြိမ်မြောက်နှင့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ၊ (၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေး၊ အေအီးစီ လုပ်ငန်းကော်မတီ (၁၅) ဖွဲ့နှင့် သက်ဆိုင်သည့် အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်သည့်အတွက် အာဆီယံသမိုင်းတွင် အလွန်အောင်မြင်ခဲ့သည်ကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော အစည်းအဝေးများ ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေနှင့် အေအီးစီ Scorecard အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း၊ အေအီးစီ Scorecard အကောင်အထည်ဖော်ရန် အချိန်တစ်နှစ်သာလိုသဖြင့် အေအီးစီဆိုင်ရာကိစ္စများ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို တင်ပြကြရန်၊ ၂၀၁၅ ခုနှစ်သည် လက်ရှိ အစိုးရ၏ ပထမ ငါးနှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သကဲ့သို့ အေအီးစီအကောင်အထည်ဖော်ရန် နောက်ဆုံးနှစ်ဖြစ်၍ ကဏ္ဍတိုင်းတွင် ကျန်ရှိနေသည့် ကိစ္စရပ်များကို မည်ကဲ့သို့ဖြည့်ဆည်းမည်နှင့် မည်သည့်အချိန်တွင် ပြည့်မီနိုင်မည်ကို သိရှိရန်လိုအပ်သဖြင့် လက်တွေ့လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ပေါင်းစပ် ညှိနှိုင်းရမည်ဖြစ်ကြောင်းနှင့် အာဆီယံစီးပွားရေးဝန်ကြီးအနေဖြင့် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အီလက်ထရွန်နစ် ဆက်သွယ်ရေးနည်းဖြင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသောင်းတင်က e-Commerce ဖြစ်ပေါ်လာရေး အတွက် ဆောင်ရွက်ထားရှိမှုနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းလုပ်ကိုင်စေနိုင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးထင်အောင်က ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေနှင့် ၂၀၁၅ ခုနှစ် အာဆီယံ စီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာသည့်အခါ ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် အဆင့်အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ငွေကြေး အရင်းအနှီးများ လွတ်လပ်စွာ စီးဆင်းစေနိုင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ငွေကြေးဆိုင်ရာဖြေလျှော့မှုများ၊ အာဆီယံတွင် လက်မှတ်ရေးထိုးရမည့်ကိစ္စရပ်များ၊ နိုင်ငံခြားအကူအညီများ ရရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ လုပ်ငန်းကော်မတီ ကိုယ်စားလှယ်များက အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးညှိနှိုင်းခဲ့ပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**






(၂၀၁၃)ခုနှစ်
မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားအား
စိတ်ချယုံကြည် ရောဝတီဘဏ် မှ
ဂုဏ်ယူစွာဖြင့် ပံ့ပိုးကူညီသည်။

ရောဝတီဘဏ်
AYA Bank
စိတ်ချယုံကြည်ရောဝတီ

၂၄-၁၂-၂၀၁၄ (စနေနေ့) Myanmar Event Park

ပြည်တွင်းသတင်း

# ပိုလ်ရှုခံအခမ်းအနားသို့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပါဝင်တက်ရောက်ကြမည့်အဖွဲ့များအား တွေ့ဆုံအားပေး



**နေပြည်တော် ဒီဇင်ဘာ ၂၅**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပိုလ်ရှုခံအခမ်းအနား ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းတွင် ပိုလ်ရှုခံအခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီး/ပြည်နယ်များမှ အဖွဲ့ဝင်များတည်းခိုသည့် အားကစားလေ့ကျင့်ရေးစခန်း(နေပြည်တော်)သို့ သွားရောက်အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် အားကစားလေ့ကျင့်ရေးစခန်း (နေပြည်တော်)၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီးနောက် စားရိပ်သာများ၌ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အဖွဲ့ဝင်များ၏ ညစာသုံးဆောင်နေမှုများကိုကြည့်ရှုပြီး **(ယာပုံ)** လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ကိုရီးယားနိုင်ငံ ဗီဂန်မြန်မာ ပရဟိတကျန်းမာရေးစင်တာမှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ကျပ် ၁၅ သိန်းတန်ဖိုးရှိ HASELL INFRARED RAYS သုံးလုံးလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံယူနေစဉ်။** (မြန်မာ့အလင်း)

***ကျောဖုံးမှ***

အဆိုပါ တံတားသည် တံတားအရှည် ၄၀၀၅ ပေ ၃ လက်မ ၁၂၂၀ ဒသမ ၈၅ မီတာ၊ တံတားအကျယ် ယာဉ်သွားလမ်း ၂၈ ပေ၊ လူသွားလမ်း ၃ ပေအကျယ် နှစ်ဖက်ပါရှိပြီး ပင်မတံတားအောက်ခံအုတ်မြစ် ၁ ဒသမ ၅ မီတာ Bored Pile အမျိုးအစား၊ တံတားကိုယ်ထည် RC concrete၊ တံတားအပေါ်ထည် Streel Truss and RC concrete အမျိုးအစားဖြစ်ကာ ယာဉ်တစ်စင်းချင်း ၇၅ တန် ခံနိုင်ဝန်ရှိကြောင်း သိရသည်။

ဘိုကလေး မြစ်ကူးတံတားမှ ပင်လယ်ဒေသရှိ ကျေးရွာများဖြစ်သည့် သာပေါင်း၊ ညီနောင်၊ ကံ့ကော်တစ်ထောင်(ပေချောင်းကြီး)၊ မဂူ၊ ကြိမ်ချောင်းကြီး၊ ကဒုံကနိ စသည့် ကျေးရွာအုပ်စုများအထိ သွားလာနိုင်မည်ဖြစ်ပြီး ထိုဒေသနေပြည်သူများသည်လည်း ဘိုကလေး-ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ကော့မှူး-ဒလမြို့တို့မှတစ်ဆင့် ရန်ကုန်မြို့သို့လည်းကောင်း၊ ဘိုကလေး-ဖျာပုံ-ကျိုက်လတ်-မအူပင် (မအူပင်တက္ကသိုလ်) ရန်ကုန်မြို့သို့ တိုက်ရိုက်ဆက်သွယ် သွားလာနိုင်ကြမည်ဖြစ်သည်။

ဖျာပုံခရိုင်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် ပင်လယ်ဒေသထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် ကုန်စည်များသယ်ယူပို့ဆောင်ရာ၌ ယခင်က ရေလမ်းခရီးကိုသာ အားထားအသုံးပြုနေရာမှ ယခုအခါ ကုန်းလမ်းခရီးသစ်တစ်ခု ရရှိလာပြီဖြစ်ရာ ပင်လယ်ဒေသကုန်စည် စီးဆင်းမှုသည်လည်း ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

“ဒီတံတားတည်ဆောက်ပေးတဲ့အတွက် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါတယ်။ နာဂစ်ကာလမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် ဖြစ်သင့်တာထက်ပိုပြီး အန္တရာယ်ကြုံခဲ့ရပြီးပါပြီ။ အခုလို ဒီမြစ်ကူးတံတားရှိတော့ ဒေသခံတွေအတွက် ကောင်းကျိုးတွေအများကြီး ဖြစ်လာနိုင်လို့ဝမ်းသာရပါတယ်” ဟု ဒေသခံ ဦးကျော်လှိုင်က ပြောသည်။

ဘိုကလေးမြစ်ကူးတံတား ဖွင့်လှစ်ပြီးပါက ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို ရာသီမရွေး အန္တရာယ်ကင်းကင်း၊ အချိန်ကုန်သက်သာစွာဖြင့် ဆက်သွယ်သွားလာနိုင်ခြင်း၊ အောက်မြန်မာပြည်၏ ထင်ရှားသည့် ကံ့ကော်တစ်ထောင် သာသနာအောင်မြေစခန်းရှိ ကံ့ကော်တစ်ထောင်ဘုရားများကိုလည်း အလွယ်တကူ သွားရောက်ဖူးမြော်နိုင်မည့်အပြင် ဖျာပုံခရိုင်၏ ကုန်စည်စီးဆင်းမှုသည်လည်း ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ငံကြီးသားပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ**

# သန်လျင်၌ ငါးပါးသခင်ဒါရ်ဂါပွဲတော်ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အစ္စလာမ်ဘာသာဝင်များ၏ သူတော်စင်ကြီးငါးပါးသခင် ဒါရ်ဂါပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် ဒါရ်ဂါတော်ဝင်းအတွင်းရှိ မင်္ဂလာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ တိုင်းနှင့် ခရိုင်ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားရေးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ခင်၊ အစ္စလာမ်ဓမ္မဗိမာန် ဦးဆောင်ညွှန်ကြားရေးမှူး ခလီဖွာဟ်ဦးအေးလွင်နှင့် ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်မှူး ဦးမိုးမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးမြင့်ဦး၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖ ၁၀၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းလှိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ဟာဂျီဦးကျော်ဝင်း၊ အဖွဲ့ဝင် အစ္စလာမ်ဓမ္မဗိမာန် အမ်ဒီ ခလီဖွာဟ် ဦးအေးလွင်တို့က မိန့်ခွန်းပြောကြားကြသည်။

သန်လျင်မြို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ခန့်လောက်ကတည်းက ပင်လယ်ဆိပ် ကမ်းဖြစ်ပြီး အာရပ်၊ အီရန်၊ ဥရောပ ပေါ်တူဂီ၊ ဒတ်ချ်စသည့် နိုင်ငံသားများ ပင်လယ်ရေကြောင်းမှ ဝင်ထွက်သွားလာသည့် ဒေသဖြစ်ခဲ့ကြောင်း၊ ခရစ်နှစ် ၁၆၀၀ ဝန်းကျင်ခန့်က ယခု ငါးပါးသခင် သူတော်စင်များသည် မက္ကာမြို့၊ တွာအိဖ်ဒေသမှ သာသနာပြုသူတော်စင်များ ဖြစ်ပြီး ယခုအုတ်ဂူများရှိရာနေရာတွင် တရားအားထုတ်ခြင်း၊ တပည့်များကို တရားချပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ သန်လျင်တွင် မင်းမူခဲ့သည့် ဒီဗရစ်တို (ငဇင်ကာ)က သူတော်စင်များကို သတ်ဖြတ်လုပ်ကြံခဲ့ကြောင်း သမိုင်းများမှာ တွေ့ရှိရပါကြောင်း၊ ငါးပါးသခင် သူတော်စင်များ စံပျော်ရာ ဗိမာန်မှာ သမိုင်းဝင်နေရာဖြစ်ကြောင်း သိရသည်။

အခြား သမိုင်းအထောက်အထားများအရ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်ကတည်းက ငါးပါးသခင်များ၏ ပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ငါးပါးသခင် ကိန်းဝပ်ရာ နေရာကိုလည်း သာသနာ့မြေအဖြစ် အစိုးရက သတ်မှတ်ပေးခဲ့ကြောင်း။

မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံနေထိုင်ရာ နိုင်ငံဖြစ်ပြီး အစဉ်အလာအရ ချစ်ခင်ရင်းနှီးစွာ အတူတကွနေထိုင်လာခဲ့ကြောင်း၊ အလားတူ ဆက်လက်နေထိုင်ကြရန်လိုကြောင်း မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ကြသည်။

**ကျော်ဖေ-သန်လျင်**

# ဟဲဟိုးလေဆိပ်၌ကျန်ရစ်သော နိုင်ငံခြားသားခရီးသည်တစ်ဦး၏ပစ္စည်းကို လေဆိပ်တာဝန်ကျရဲကတွေ့ရှိ၍ ပိုင်ရှင်ထံတာဝန်သိစွာ ပြန်အပ်နှံပေးခဲ့

**ဟဲဟိုး ဒီဇင်ဘာ ၂၅**

ဟဲဟိုးလေဆိပ် လေကြောင်းရဲတပ်ဖွဲ့တပ်စုမှူး ရဲမှူးလှရီ၏ ကြီးကြပ်မှုဖြင့် လေဆိပ်လုံခြုံရေးတာဝန်ယူဆောင်ရွက်နေသော ရဲအုပ်စိုးဝင်းကျော်(နယ်မြေရဲ)နှင့် လေကြောင်းရဲတပ်ဖွဲ့စု(ဟဲဟိုး)မှ ရဲတပ်ကြပ် ယဉ်မင်းဦးတို့သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီခန့်က ဟဲဟိုးလေဆိပ် ဆိုက်ရောက်ဆောင်၌ ပိုင်ရှင်မဲ့ ခရီးဆောင်အိတ်တစ်လုံးကို တွေ့ရှိသဖြင့် လေကြောင်းရဲတပ်ဖွဲ့စုမှူးထံ သတင်းပို့အပ်နှံခဲ့ရာ လေကြောင်း ရဲတပ်ဖွဲ့စုမှူးက သက်သေများ ရှေ့မှောက်တွင် ယင်းခရီးဆောင်အိတ်ကို ဖွင့်ဖောက်စစ်ဆေးခဲ့သည်။

အဆိုပါ ခရီးဆောင်အိတ်အတွင်း၌ အမေရိကန်ဒေါ်လာ ၈၃ ဒေါ်လာ၊ ကိုရီးယား ဝမ် ၁၉၀၀၀ နှင့် Mr. Hwang Byoung Rak အမည်ပါ ငွေထုတ်ကတ်တစ်ခု၊ ယာဉ်မောင်းလိုင်စင်တစ်ခုအပါအဝင် ပစ္စည်းအမယ် ၁၆ မျိုးတို့ကို တွေ့ရှိရ၍ လေကြောင်းလိုင်းများနှင့် ပူးပေါင်းစုံစမ်းရာ ယင်းအိတ်ပိုင်ရှင် ကိုရီးယားနိုင်ငံသား Mr. Hwang Byoung Rak သည် Yangon Airways လေကြောင်းလိုင်း ခရီးစဉ်အမှတ် YH-909 လေယာဉ်အမှတ် XY-AIN လေယာဉ်ဖြင့် ရန်ကုန်-ညောင်ဦး-ဟဲဟိုး ခရီးစဉ်အတိုင်း ဟဲဟိုးလေဆိပ်သို့ ရောက်ရှိစဉ် ဆိုက်ရောက်ဆောင်၌ ခရီးဆောင်အိတ် ကျန်ရစ်ခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ပစ္စည်းပိုင်ရှင် ကိုရီးယားနိုင်ငံသား ခရီးသည်သည် ညောင်ရွှေမြို့နယ် အင်းလေး Sky Lake Hotel ၌ တည်းခိုလျက်ရှိပြီး ဒီဇင်ဘာ၂၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်းနှင့် ပစ္စည်းများကို ထိုနေ့နံနက်တွင် ပြန်လည်လက်ခံမည်ဖြစ်ကြောင်း Sky Lake Hotel နှင့် ဟဲဟိုး လေဆိပ်လေကြောင်းရဲတပ်စုမှူးတို့ ဆက်သွယ်စီမံဆောင်ရွက်ခဲ့ကြသည်။ စီမံထားသည့်အတိုင်း ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခန့်တွင် အသိသက်သေများ ရှေ့မှောက်၌ ပစ္စည်းများကို ပိုင်ရှင်ကိုယ်တိုင် အသေအချာစစ်ဆေးစေ၍ အခြားပစ္စည်းပျောက်ဆုံးမှု တစ်စုံတစ်ရာမျှ မရှိကြောင်း ပြောကြားသဖြင့် တပ်စုမှူးရဲမှူးလှရီက ပိုင်ရှင် ကိုရီးယားနိုင်ငံသားခရီးသည်ထံသို့ ပစ္စည်းများကို စနစ်တကျပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ရာ ပိုင်ရှင်မှတွေ့ရှိရသည့် ပစ္စည်းများကို ပိုင်ရှင်ထံ အချိန်မီပြန်လည် ပေးအပ်ခဲ့သဖြင့် ပိုင်ရှင်နှင့် ခရီးသွားအဖွဲ့ခေါင်းဆောင်တို့က တာဝန်ရှိသူများကို ကျေးဇူးတင်ဝမ်းမြောက်ကြောင်း အထပ်ထပ်အခါခါ ပြောကြားသွားခဲ့ကြောင်း သိရသည်။

**သန်းအောင်(ဟဲဟိုး)**

# ရမည်းသင်းမြို့၌ ဆောက်လုပ်ဆဲသီလဝခန်းမ၏ ဝရန်တာနှင့်ရေတံလျှောက်ပြိုကျ



**ရမည်းသင်း ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် သီလဝခန်းမကြီး ဆောက်လုပ်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က ဝရန်တာနှင့် အထက်ရေတံလျှောက် (၄×၁၉)ပေခန့် သုံးခန်း ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

သီလဝခန်းမကြီးအဝင် မျက်နှာစာ အနောက်မြောက်ထောင့်ရှိ (၄× ၁၉) ပေအကျယ်ရှိသော ဝရန်တာ လေးခန်း၏ အပေါ်တွင် (၄×၃)ပေအတိုင်းအတာဖြင့် ရေတံလျှောက်ကို RC လောင်း၍ လွန်ခဲ့သောရက် ၂၀ က ဆောင်ရွက်ခဲ့သည်ဟု သိရပြီး ယင်းသို့ဆောင်ရွက်ခဲ့သော ဝရန်တာနှင့် ရေတံလျှောက် လေးခန်းမှ သုံးခန်းပြိုကျပျက်စီးသွားခြင်းဖြစ်သည်။ အထက်အောက်ဝိတ်မမျှ၍ ပြိုကျခြင်းဖြစ်သည်ဟု လာရောက်ကြည့်ရှုသူများအကြား ပြောဆိုနေသည်ကို ကြားသိရသည်။ ယင်းသို့ ပြိုကျပျက်စီးမှုကြောင့် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

နိုင်ငံတကာသတင်း

# ဆီးရီးယားနိုင်ငံအတွင်း ပျက်ကျခဲ့သော ဂျော်ဒန်လေယာဉ် အိုင်အက်စ်တို့ ပစ်ချခဲ့ခြင်းမဟုတ်ဟု အမေရိကန်ဆို



**ဂျော်ဒန် ဒီဇင်ဘာ ၂၅**

ဆီးရီးယားနိုင်ငံအတွင်း ပျက်ကျခဲ့သော ဂျော်ဒန်လေယာဉ်သည် အိုင်အက်စ်စစ်သွေးကြွများ ပစ်ချခဲ့ခြင်းမဟုတ်ကြောင်း အမေရိကန်က ပြောသည်။

အဆိုပါလေယာဉ်သည် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက အိုင်အက်စ်တို့၏ ပိုင်နက်နယ်မြေအတွင်း ပျောက်ဆုံးသွားခဲ့ရာ လေယာဉ်မှူးမှာ အဖမ်းခံထားရသည်။ ယင်းလေယာဉ်ကို အိုင်အက်စ်စစ်သွေးကြွများက ဒုံးကျည်ဖြင့် ပစ်ချခဲ့သည်ဟု ဆိုသော်လည်း ပစ်ချမှုအထောက်အထားမတွေ့ရကြောင်း အမေရိကန်က ပြောသည်။

ဆီးရီးယားနိုင်ငံအတွင်း အိုင်အက်စ်စစ်သွေးကြွများအား လေကြောင်းမှ ဦးဆောင်တိုက်နေသည့် အမေရိကန်ညွန့်ပေါင်းအဖွဲ့တွင် အာရပ်လေးနိုင်ငံပါဝင်ရာ ဂျော်ဒန်နိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။

အဆိုပါ F-16 ဂျက်တိုက်လေယာဉ်သည် စက်တင်ဘာလ လေကြောင်းစတင်တိုက်ခိုက်ခဲ့ပြီးနောက် အိုင်အက်စ်နယ်မြေအတွင်း ညွန့်ပေါင်းအဖွဲ့မှ ဆုံးရှုံးခဲ့ရသည့် ပထမဆုံးသောလေယာဉ်ဖြစ်သည်။ အိုင်အက်စ်စစ်သွေးကြွများက ၎င်းတို့ဖမ်းဆီးထားသည့် လေယာဉ်မှူးဓာတ်ပုံများကို ထုတ်ဖော်ပြသခဲ့သည်။ လေယာဉ်မှူးအမည်မှာ ယူဆက်အယ်လ်ကာဆက်ဘက်ဖြစ်သည်ဟု ဆိုသည်။ အဆိုပါဂျက်လေယာဉ်ပျက်ကျပြီးနောက် အမေရိကန်တို့က လေယာဉ်များဖြင့် ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း အမေရိကန်တို့၏ ကယ်ဆယ်ရေးလုပ်ငန်း မစတင်မီ အဆိုပါလေယာဉ်မှူး အဖမ်းခံခဲ့ရသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

# ကိုင်ရိုမြို့၌ မော်စီထောက်ခံသူများ ဆန္ဒပြ

**ကိုင်ရို ဒီဇင်ဘာ ၂၅**

ရာထူးမှ ဖယ်ရှားခြင်းခံရသော အီဂျစ်သမ္မတ မိုဟာမက်မော်စီနှင့် ဥပဒေပြင်ပအဖွဲ့ အစည်းဖြစ်သည့် မွတ်ဆလင် ညီအစ်ကိုတော်များ လှုပ်ရှားမှု ထောက်ခံသူများက အီဂျစ်နိုင်ငံတွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများ ထပ်မံပြုလုပ်လာသည်။

ဆန္ဒပြသူများက မြို့တော် ကိုင်ရို၌ ဗုဒ္ဓဟူးနေ့က ချီတက်ဆန္ဒပြခဲ့ပြီး စစ်အုပ်ချုပ်မှု အဆုံးသတ်ရန် တောင်းဆိုခဲ့ကြသည်။ ယင်းတို့အနေဖြင့် အစိုးရက နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရန်လည်း တောင်းဆိုခဲ့ကြသည်။ လွန်ခဲ့သည့်လများအတွင်း အီဂျစ်နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများတွင် တက္ကသိုလ်ကျောင်းသားများ ပါဝင်ခဲ့သည်။



လွန်ခဲ့သော သီတင်းပတ်က အက်စ်ယုမြို့တော်ရှိ အီဂျစ်တရားရုံးက မော်စီထောက်ခံသူ ၄၀ အား ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ခဲ့သည်။

အီဂျစ်နိုင်ငံတွင် ၂၀၁၃ ခုနှစ်တွင် ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ခဲ့သော သမ္မတမော်စီအား ဇူလိုင်လတွင် ရာထူးမှဖယ်ရှားလိုက်ပြီးနောက် ဆန္ဒပြမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ မော်စီသည် ၂၀၁၁ ခုနှစ်က နိုင်ငံကို ကာလအတန်ကြာအုပ်ချုပ်ခဲ့သော ဟိုစ်နီမူဘာရက်အား ဖြုတ်ချခဲ့သည်။

အီဂျစ်တပ်ဖွဲ့ဝင်များက မော်စီထောက်ခံသူများအား ဖြိုခွင်းခဲ့ရာ လူပေါင်း ၁၄၀၀ သေဆုံးပြီး ၂၂၀၀၀ ကျော် အားဖမ်းဆီးခဲ့သည်။ လူပေါင်း ၂၀၀ ခန့်ကို အစုအပြုံလိုက်စစ်ဆေးပြီး သေဒဏ်ပေးခဲ့သည်။

**(ပရက်စ်တီဗွီ)**

# သည်အင်တာဗျူးဇာတ်ကားသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိခိုက်နိုင်မည်လော

**နယူးယောက် ဒီဇင်ဘာ ၂၅**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်အား လုပ်ကြံသတ်ဖြတ်သည့် အကြောင်းကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် "သည်အင်တာဗျူး" ဇာတ်ကားသည် ဖျော်ဖြေရေးကားတစ်ကားမဟုတ်ဘဲ ပဋိပက္ခများကို လှုံ့ဆော်ဖွယ်ရှိသည့် ဝါဒဖြန့်ချိရေးတစ်ရပ်ဖြစ်ကြောင်း နိုင်ငံရေးကျွမ်းကျင်သူ ဂလိုဘယ်နယူးစင်တာဝက်ဘ် စာမျက်နှာ၏ သတင်းအယ်ဒီတာ တင်ကင်းက သုံးသပ်ထားသည်။

"သည်အင်တာဗျူး" ဇာတ်ကားသည် စကြဝဠာအတွင်း ပေါက်ကွဲမှုဖြစ်စေနိုင်သည့် ပြင်းထန်သော စွမ်းအားတစ်ခုနှင့်တူကြောင်း၊ ထို့ပြင် ကမ္ဘာလောကကြီးအတွင်း မှီတင်းနေထိုင်သော သက်ရှိလူသားများအတွက် ခြိမ်းခြောက်မှုတစ်ခုကို အချိန်မရွေးဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက ထပ်လောင်းဖော်ပြထားသည်။

ခရစ္စမတ်နေ့တွင် ပြသသော အဆိုပါ "သည်အင်တာဗျူး"ဇာတ်ကားသည် တိုက်တိုက်ဆိုင်ဆိုင်ပင် အီရန်ဆန့်ကျင်ရေးလှုံ့ဆော်မှုဇာတ်ကားတစ်ခုဖြစ်သည့် အာဂိုရုပ်ရှင်ဇာတ်ကားနှင့်တူကြောင်း သုံးသပ်ထားသည်။ မြောက်ကိုရီးယားက အဆိုပါရုပ်ရှင်ဇာတ်ကားကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ မြောက်ကိုရီးယားသည် ကုလသမဂ္ဂတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်ပြီး ဆွေးနွေးလုဆဲဆဲတွင် အဆိုပါရုပ်ရှင်ကားကို ပြသခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းက စစ်ပွဲတစ်ခုကို ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက ပြောခဲ့သည်။

သို့သော် မြောက်ကိုရီးယားသည် ဤရုပ်ရှင်ကားနှင့် ပတ်သက်ပြီး အမေရိကားကို မည်သည့်တုံ့ပြန်အရေးယူမှုမှ မလုပ်ခဲ့ပေ။ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သည့် ဤကဲ့သို့ ဇာတ်ကားမျိုးကို ပြသခွင့်မပြုသင့်ကြောင်း အဆိုပါ နိုင်ငံရေးကျွမ်းကျင်သူ အယ်ဒီတာက သုံးသပ်ထားသည်။ **(ပရက်စ်တီဗွီ)**




## ပြင်သစ်နိုင်ငံအတွင်း အလုပ်လက်မဲ့မှုနှုန်းစံချိန်တင်

**ပါရီ ဒီဇင်ဘာ ၂၅**

ပြင်သစ်နိုင်ငံ၌ အလုပ်အကိုင်ရှာဖွေမှုအရေအတွက် စံချိန်တင်မြင့်တက်ခဲ့ကြောင်း တရားဝင်စာရင်းဇယားများတွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် နိုဝင်ဘာလက ၂၇၄၀၀ ရှိခဲ့ရာမှ ၄၈၈၃၀၀ အထိ စံချိန်တင် မြင့်တက်ခဲ့သည်ဟု အဆိုပါ စာရင်းဇယား၌ ဖော်ပြသည်။ အဆိုပါ အရေအတွက်သည် လွန်ခဲ့သည့် နှစ်ကထက် ၅ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

အစိုးရကလည်း စီးပွားရေးတိုးတက်မှုကို လွန်ခဲ့သည့်နှစ်ကထက် ကျဆင်းလိမ့်မည်ဟု ခန့်မှန်းခဲ့ရာမှ ၀ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။

၂၀၁၂ ခုနှစ်က ရွေးကောက်တင်မြှောက်ခံရသော သမ္မတဖရန်ဆွာဟော်လန်သည် ပြင်သစ်နိုင်ငံအတွင်း အလုပ်အကိုင်များ ပိုမိုဖန်တီးပေးရန် ကြိုးစားမည်ဖြစ်ကြောင်း ၎င်း၏ ရွေးကောက်ပွဲကာလအတွင်း လှုံ့ဆော်ပြောကြားခဲ့သည်။ သို့သော်လည်း ၎င်း၏ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဟု ဆိုသည်။ **(ဘီဘီစီ)**

## တရုတ်နိုင်ငံမြို့တစ်မြို့ရှိ စာသင်ကျောင်းများ၌ ခရစ္စမတ်ပွဲတော်များ ကျင်းပခြင်းပိတ်ပင်

**ဟန်ကျို့ ဒီဇင်ဘာ ၂၅**

တရုတ်နိုင်ငံအရှေ့ပိုင်းမြို့တစ်မြို့ရှိ စာသင်ကျောင်းများ၌ ခရစ္စမတ်ဆိုင်ရာပွဲလမ်းသဘင်များ ကျင်းပခြင်းကို ပိတ်ပင်တားမြစ်ထားသည်။

ယင်းလုပ်ဆောင်ချက်သည် ကျီကျဉ်းပြည်နယ် ဝမ်ကျို့မြို့၏ စာသင်ကျောင်းများ၌ တရုတ်ရိုးရာပွဲတော်များကို ဦးစားပေးဆောင်ရွက်ရန်ဖြစ်သည်ဟုဆိုသည်။

စာသင်ကျောင်းများ၌ မည်သည့် ခရစ္စမတ်ဆိုင်ရာအခမ်းအနားမျိုးကိုမှ မပြုလုပ်ရန် ၎င်းမြို့၏ ပညာရေးဆိုင်ရာ အာဏာပိုင်က လက်ကမ်းကြော်ငြာထုတ်ပြန်ခဲ့သည့်အပြင် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဟု ဆိုသည်။

ခရစ္စမတ်ဆိုင်ရာ တားမြစ်ချက် ထုတ်ပြန်ခြင်းသည် အနောက်တိုင်းပွဲတော်များကို ပိတ်ပင်ခြင်းမဟုတ်သော်လည်း စာသင်ကျောင်းများ၌ ယင်းပွဲတော်များကို နှစ်သက်စွဲလမ်းမှု မဖြစ်ပေါ်စေရန် ဖြစ်သည်။

ခရစ္စမတ်ပွဲတော်ကျင်းပခြင်းသည် တရုတ်လူငယ်များအကြား ရေပန်းစားလျက်ရှိပြီး ပျော်ရွှင်ဖွယ်ရာ ခရစ္စမတ်ပွဲတော်တွင် ၎င်းတို့၏ သူငယ်ချင်းများ၊ အခြားရင်းနှီးသူများနှင့် ပါတီပွဲကျင်းပခြင်း၊ ညစာစားပွဲပြုလုပ်ခြင်းတို့ကို ပြုလုပ်ကြသည်။ ထို့ကြောင့် တရုတ်ရိုးရာ ယဉ်ကျေးမှုမြတ်နိုးသူများကလည်း ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်စိမ့်ဝင်လာခြင်းကို သတိပေးခဲ့သည်။

**(ဆင်ဟွာ)**

## ဂျပန်ပါလီမန်က ရှင်ဇိုအာဘေးကို ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်

**တိုကျို ဒီဇင်ဘာ ၂၅**

ယခုလ အစောပိုင်းတွင် ရှင်ဇိုအာဘေးပါဝင်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက အကြိုရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် ဂျပန်နိုင်ငံ ပါလီမန်က ရှင်ဇိုအာဘေးကို နောက်ထပ်သက်တမ်းအတွက် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ရန် ဗုဒ္ဓဟူးနေ့က ပြန်လည်ရွေးချယ်ခဲ့သည်။

အောက်လွှတ်တော်တွင် ရှင်ဇိုအာဘေးသည် ဆန္ဒမဲ ၄၇၀ တွင် ၃၂၈ မဲဖြင့် ထောက်ခံမဲရရှိခဲ့သည်။ အာဘေးသည် အထက်လွှတ်တော်တွင်လည်း အလားတူထောက်ခံမဲရရှိခဲ့ကာ ကာကွယ်ရေးဝန်ကြီးဌာနမှလွဲ၍ ၎င်း၏ ဝန်ကြီးအဖွဲ့ကို အစိုးရအဖွဲ့သို့ အမည်တင်သွင်းခဲ့ခြင်းဖြစ်သည်။ အစိုးရအဖွဲ့ဝင်လူကြီးများသည် ဘုရင်အကီဟီတိုနန်းတော်တွင် အခမ်းအနားတက်ရောက်ကြမည်ဖြစ်သည်။

အနိုင်ရရှိသူ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ၎င်း၏ မိတ်ဖက်ကိုမဲအိပါတီသည် အာဘေး၏ နည်းဗျူဟာဖြစ်သည့် ဂျပန်နိုင်ငံ၏ တိုးတက်မှုမရှိသော စီးပွားရေးကို သုံးသပ်မည်ဖြစ်သည်။ **(အယ်အေတိုင်းမ်)**

# (၁၁၅)မိုင် စားသောက်ဆိုင် ဂက်စ်အိုးပွင့်ရာမှ ခရီးသွားများနှင့် ဆိုင်ဝန်ထမ်းများဒဏ်ရာရ

**ဖြူး ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၄ ရက် ည ၈ နာရီ ၅၅ မိနစ်က ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း ၁၁၅ မိုင် ယာဉ်ရပ်နားဝင်းရှိ Feel စားသောက်ဆိုင်အတွင်း လုံးပတ်နှစ်ပေ၊ အမြင့်ခြောက်ပေရှိ ဂက်စ်အိုးမှ ဂက်စ်ယိုစိမ့်မီးလောင်မှုဖြစ်ပွားသဖြင့် အနီးရှိ Feel စားသောက်ဆိုင်ဝန်ထမ်းများနှင့် ခရီးသွားများ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သတင်းအရ ဖြူးမြို့နယ် ရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးရာ အာဘာဒင် ဂက်စ်မီးဖိုရောင်းဝယ်ရေး တောင်ငူမြို့မှ ကိုစိုးလွင်(၅၂နှစ်) က လိုက်ထရပ်ကားဖြင့် ဒီဇင်ဘာ ၂၄ ရက် ည ၈ နာရီခွဲတွင် ဂက်စ်အိုးများပို့ပေးစဉ် ဆိုင်ဝန်ထမ်း ကိုဝင်းကို သယ်ဆောင်သည့် ဂက်စ်အိုးသည် ဆိုင်အိမ်သာအနီးအရောက် ပြုတ်ကျသွားသဖြင့် ဂက်စ်အိုးယိုစိမ့်ခဲ့ပြီး အနီးရှိ မီးဖိုအပူရှိန်ကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အနီးတွင်ရှိနေကြသော ခရီးသွား မအိရွှေစင်မြင့် (၃၂ နှစ်)၊ ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူသည် အတွင်းလူနာ (စိုးရိမ်ရ)၊ ကိုစိုးထက်ကို (၂၀ နှစ်)၊ ဆိုင်ဝန်ထမ်း အတွင်းလူနာ(စိုးရိမ်ရ)၊ ကိုရဲမင်းပိုင် (၂၁) နှစ်၊ ဆိုင်ဝန်ထမ်း အတွင်းလူနာ (စိုးရိမ်ရ)၊ ကိုဝင်းကို (၂၇ နှစ်) ဆိုင်ဝန်ထမ်းအတွင်းလူနာ (စိုးရိမ်ရ)၊ မမြသဇင်လွင် (၁၈ နှစ်) ဆိုင်ဝန်ထမ်း ပြင်ပလူနာ မစိုးရိမ်ရ၊ မောင်စောဟာဦး (၁၈ နှစ်)၊ ဆိုင်ဝန်ထမ်း ပြင်ပလူနာ(မစိုးရိမ်ရ)၊ ဒေါ်အေးအေးလှိုင် (၅၈ နှစ်) ခရီးသည် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်၊ ပြင်ပလူနာ (မစိုးရိမ်ရ)၊ မသင်းသင်းလှိုင် (၂၃ နှစ်) ဆိုင်ဝန်ထမ်းပြင်ပလူနာ (မစိုးရိမ်ရ)၊ မောင်အောင်မိုးဇော် (၁၈ နှစ်) ဆိုင်ဝန်ထမ်းပြင်ပလူနာ (မစိုးရိမ်ရ ) နှင့် မောင်သောဆေး (၂၁ နှစ်) ဆိုင်ဝန်ထမ်းတို့ ဒဏ်ရာရရှိကြသဖြင့် ဖြူးပြည်သူ့ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။

ဂက်စ်အိုးသယ်ဆောင်သူ ဝင်းကိုအား ဖြူးမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

ပြည်တွင်းသတင်း

# ကလေးဝ-မော်လိုက်လမ်း၌ ဘူဒိုဇာတင် ၁၀ ဘီးယာဉ်ကြောင့် တံတားကျိုး

**မော်လိုက် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝ-မော်လိုက်လမ်းမကြီး၌ ဘူဒိုဇာတင် ၁၀ ဘီးယာဉ်ကြီးသည် တံတားခံနိုင်ဝန်အားထက်ကျော်လွန်၍ တင်ဆောင်လာကာ ဖြတ်သန်းမှုကြောင့် ကလေးဝမြို့နယ် နန်းမော်ကယ်ကျေးရွာနှင့် ပလူဇဝကျေးရွာကြားတွင် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခန့်က သံပေါင်ဘေလီတံတားတစ်စင်း ကျိုးကျခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဘူဒိုဇာတင်ဆောင်လာသောယာဉ်မှာ MDY 3B/---- ဖြစ်ပြီး ကားခေါင်းမှာ အစိမ်းနုရောင်ဖြစ်ကာ Nissan Desel ၁၀ ဘီးယာဉ်ဖြစ်သည်။

"တံတားခံနိုင်ဝန်အားက ၁၃ တန်ပဲ ခံပါတယ်။ ဒီလို ၁၃ တန်ပဲခံတဲ့ တံတားပေါ်ကို ဘူဒိုဇာရော၊ ၁၀ ဘီးယာဉ်ကြီးပါတက်လိုက်တော့ တံတားက ကျိုးကျတာပေါ့။ ကားပေါ်မှာ လူသုံးဦးပါတယ်လို့ သိရတယ်။ လူတွေကတော့ ထိခိုက်ဒဏ်ရာရတာမရှိပါဘူး"ဟု နန်းမော်ကယ်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ကလေးဝ-မော်လိုက်ကားလမ်းသည် ၃၆ မိုင်ရှိပြီး တံတားကျိုးကျမှုကြောင့် ကလေးဝမှ မော်လိုက်မြို့သို့ သွားသောခရီးသည်တင်ကားများနှင့် ဆိုင်ကယ်များ ယာယီလမ်းပြတ်တောက်မှုဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

**သျှင်နေမင်း**



# မူဆယ်မြို့၌ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေသည့်နေရာ ရှင်းလင်းဖမ်းဆီးမိ

**မူဆယ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီခွဲက မူဆယ်မြို့ စွမ်စော်ရပ်ကွက် မန့်ဝိန်းရပ် မြန်မာ-တရုတ်နယ်စပ်မှတ်တိုင် အမှတ်(၈၀/၂)နှင့်(၈၀/၃)အကြား မန်ယူ လက်ဖက်ရည်ဆိုင် နောက်ကျော၌ မူးယစ်ဆေးဝါးသုံးစွဲနေကြောင်း သတင်းအရ မူဆယ်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်လင်း၊ မူဆယ်မြို့မစခန်းမှူး ဒုရဲမှူးမြစိန်၊ မူဆယ်မူးယစ်တပ်စု ၂၂ မှ ရဲအုပ်စိုးနိုင်တို့ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်လုံခြုံရေးတပ်ခွဲ၊ ခရိုင်မှုခင်းဖော်ထုတ်ရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများပါဝင်သောအဖွဲ့သည် ဝင်ရောက်ရှင်းလင်းဖမ်းဆီးရာတွင် အမျိုးသား ၂၀၊ အမျိုးသမီးသုံးဦး ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အနက် မောင်မြတ်လေး(၄၁ နှစ်) ကျောက်မဲမြို့နေသူထံမှ ဘိန်းဖြူမှုန့် ၀ ဒသမ ၃ ဂရမ်ခန့် တွေ့ရှိသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်မျိုး မူဆယ်မြို့၌ ယခင်ကလည်းဖမ်းဆီးနိုင်ခဲ့၍ ယခုနေရာ၌ ယခုဖြစ်စဉ်အပါအဝင် နှစ်ကြိမ်ရှိပြီဖြစ်၍ ဘိန်းနှင့်မူးယစ်ဆေးဝါး ရောင်းဝယ်ရာနေရာများ (အရပ်ခေါ် ဘိန်းစားကွင်းများ)ကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ဖမ်းဆီးနိုင်မှုများရှိခဲ့ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**



# ရန်ကုန်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၇၀ နှင့် ဆေးခြောက် ၂ ဒသမ ၅ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်အရှေ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉) ရပ်ကွက်ရှိ သီဝံဘုန်းတော်ကြီးကျောင်းအနီး ပေါ်ဆန်းမွှေးလမ်းမပေါ်သို့ရောက်ရှိလာသည့် ဝင်းထွေးနှင့် မဝါဝါလွင်တို့နှစ်ဦးအား ရှာဖွေရာ မဝါဝါလွင်ဝတ်ဆင်ထားသည့် အတွင်းခံအကျီနှင့်ရင်ဘတ်ကြားမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၀ နှင့် ဆေးခြောက် ၂ ဒသမ ၅ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ရောင်းချပေးသူ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၆) ရပ်ကွက်နေ မင်းမင်း၏ နေအိမ်ကိုရှာဖွေရာ ဧည့်ခန်းအတွင်းရှိ စက္ကူဂျပ်ဘူးအတွင်းနှင့် အိပ်ခန်းဗီရိုပေါ်ရှိ သံဘူးနှစ်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ထပ်မံ သိမ်းဆည်းရမိသဖြင့် မဝါဝါလွင် (၄၄ နှစ်)၊ ဝင်းထွေး (၄၉ နှစ်)၊ မင်းမင်း(ခ) အေးမင်းထွန်း (၃၀ နှစ်)တို့ သုံးဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



## ရှောင်လေဝေးဝေး မူးယစ်ဆေး




HOLE IN ONE

Congratulation Chit Min San (a) Maung Maung

Hole In One Club

Hole In One Club အသင်းဝင် ချစ်မင်းစံ(ခ)မောင်မောင်သည် ၂၃-၁၂-၂၀၁၄ရက်တွင် အမှတ်(၄)ကျင်း၌ တစ်ချက်တည်းကျင်းဝင် (Hole In One) ရရှိသွားပါသဖြင့် အသင်းသားများအားလုံးမှ ဝမ်းသာ ဂုဏ်ယူပါကြောင်း။

**Hole In One Club**

**Y.G.C**

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဘယ်လိုစဉ်းစားကြမှာလဲ

**မောင်ပြည်ချစ်**

စာရေးသူမှတ်သားဖူးပါသည်။

"ကျွန်ုပ်တို့သည် ပြည်သူတို့၏ အခွန်အတုတ်များမှ လစာစားနေကြသည့်နိုင်ငံ့ဝန်ထမ်းများဖြစ်သည်ကို အမြဲ မမေ့အပ်ပါ"

"သင်တို့သည် ပြည်သူများ၏ အခွန်အတုတ်များမှ စားသောက်သုံးစွဲနေထိုင်ကြသည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ရာ ပေးအပ်သောတာဝန်မည်မျှကျေပွန်ကြသည် ကို နေ့စဉ်ဆန်းစစ်ဖို့လိုသည်"

"ကျွန်ုပ်တို့သည် နိုင်ငံတော်မှ ကျွေးသော ထမင်းများကိုစား၍ နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပါမည်"

ဤဆောင်ပုဒ်များက ကျွန်တော်တို့၏စိတ်နှလုံးကို ငယ်စဉ်ကပင် သံမှိုတပ်ပေးခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများ၊ အစိုးရတာဝန်ယူထားသော အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးတာဝန်ယူထားသော လွှတ်တော်(ကွန်ဂရက်)၊ တရားစီရင်ရေးတာဝန်ယူထားသော တရားရေးမဏ္ဍိုင်များအားလုံး၏ လစာ၊ အသုံးစရိတ်၊ နေအိမ်၊ ယာဉ်၊ ခံစားခွင့်များအတွက် ဘဏ္ဍာငွေများ မည်သည့်နေရာမှ ရရှိပါသနည်း။

ပြည်သူများအားလုံး နေ့စဉ်နှင့်အမျှ နိုင်ငံတော်အတွက် အခွန်ပေးဆောင်နေကြရသည်။ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ တည်းခိုခန်း၊ ဟိုတယ်များမှတစ်ဆင့် အခွန်ပေးဆောင်ရသည်။ သုံးစွဲမှုများမှ အခွန်ပေးဆောင်ရသည်။ ကုန်သွယ်မှုမှ အခွန်ပေးဆောင်ရသည်။ ပြည်ပမှ သွင်းကုန်အတွက်၊ ပြည်တွင်းမှ ထုတ်ကုန်အတွက် အခွန်ပေးဆောင်ကြရသည်။ ဝန်ဆောင်မှုအတွက် အခွန်ပေးဆောင်ရသည်။ လမ်းအသုံးပြုမှု၊ တံတားအသုံးပြုမှု၊ တယ်လီဖုန်းအသုံးပြုမှုအတွက် အခွန်ဆောင်ရသည်။ ရေခွန်၊ မီးခွန်၊ မြေခွန်၊ အရောင်းအဝယ်ခွန်၊ ယစ်မျိုးခွန်တို့လည်း ထမ်းဆောင်ကြရသည်။ ဝင်ငွေအပေါ်တွင်လည်း အခွန်ဆောင်ရသည်။ စာရေးသူကိုယ်တိုင်လစဉ်အခွန် ငွေကျပ် ၂၀၀၀၀ မှန်မှန်ပေးဆောင်လျက်ရှိသည်။

ထိုသို့ ရရှိကောက်ခံထားသော အခွန်အတုတ်များကို မည်ကဲ့သို့ သုံးစွဲကြပါသနည်း။

ကျောင်းတွေဆောက်ကြသည်။ ဆရာ ဆရာမတွေခန့်ကြသည်။ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆုများချီးမြှင့်ကြသည်။ အလယ်တန်းအဆင့်အထိ အခမဲ့ပညာရေးဖြစ်လာခဲ့သည်။ တက္ကသိုလ်များ အဆင့်မြှင့်တင်ပေးနေသည်။

ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ကြသည်။ ဆရာဝန်၊ သူနာပြုဆရာမ၊ သားဖွားဆရာမများ အလုံးအရင်းနှင့် ခန့်အပ်နေသည်။ ဆေးဝါးများ အခမဲ့ပေးသလို ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးနေကြသည်။

လူမှုကာကွယ်ရေး၊ လူမှုဖူလုံရေးများတိုးမြှင့်သုံးစွဲလျက်ရှိသည်။ လမ်းမကြီးများ၊ မြစ်ကူးတံတားများ ဖောက်လုပ်ပေးနေသည်။ ဆည်မြောင်း၊ တာတမံများ၊ ရေအားလျှပ်စစ်ကြီးများ တည်ဆောက်ပေးနေသလို ရေတွင်း ရေကန်များ တူးဖော်ပေးနေသည်။ ဆိပ်ကမ်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်နေကြသည်။ လျှပ်စစ်မီးကြိုးများ တစ်ပြည်လုံးအနှံ့ သွယ်တန်းပေးနေကြသည်။

ရုံးများ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်နေသလို အဆင့်အသီးသီးအသုံးပြုနေသော ဇိမ်ခံကားမှ ဘတ်စ်ကားအထိဝယ်ယူသုံးစွဲနေကြသည်။ နေ့စဉ်စက်သုံးဆီများ၊ တယ်လီဖုန်း၊ အင်တာနက်များ သုံးစွဲနေကြသည်။

တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ဝင်များ ခန့်ထားရသည်။ တရားသူကြီးများခန့်ထားရသည်။ ဥပဒေအရာရှိများ ခန့်ထားရသည်။ ရဲစခန်းများ၊ မြို့နယ်အုပ်ချုပ်ရေးရုံးများတည်ဆောက်ပေးနေရသည်။ အကျဉ်းထောင်များလည်း လိုအပ်ပြန်သည်။

ယနေ့အာဆီယံနိုင်ငံများအကြား ခမ်းနားကြီးကျယ်လှသောလွှတ်တော်အဆောက်အအုံများလည်း ဆောက်လုပ်ပေးခဲ့ရသည်။ အစိုးရရုံးများလည်း ဤအခွန်အတုတ်များမှသုံးစွဲပေးရသည်။

အရေးကြီးဆုံးမှာ တိုင်းပြည်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်သည်။ အင်အားတောင့်တင်းသော၊ ခေတ်မီသော (ကြည်း/ရေ/လေ) တပ်မတော်ကြီး တည်ဆောက်ကြရမည်။

ယနေ့ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နေသော သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သောအစိုးရသည် ဒီမိုကရေစီစနစ်အား အခြေခံကောင်းများ ချထားနေသူဖြစ်သည်။ နေရာတိုင်း ပြုပြင်နေရသည်။ နေ့စဉ်နှင့်အမျှ ရှေ့သို့တိုးတက်ရန် စဉ်းစားဆောင်ရွက်နေရသည်။ လေးနှစ်ခန့်အချိန် မည်ကဲ့သို့ ကုန်ဆုံးသည်ပင်သတိမရနိုင်။

အစိုးရတိုင်းသည် မိမိကိုရွေးကောက်တင်မြှောက်ထားသော ပြည်သူအားလုံးကို အလေးထားချစ်မြတ်နိုးမည်မှာ မုချဧကန်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအပါအဝင်ဖြစ်သည်။ အရာရာတိုင်းအပေါ် စဉ်းစားစီမံရာဝယ် ပြည်သူအများစုအတွက် ပို၍ အလေးထားဆောင်ရွက်ရန်မှာ အဓိကဖြစ်သည်။

လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများအား ၂၀၁၁-၂၀၁၂/၂၀၁၂-၂၀၁၃/၂၀၁၃-၂၀၁၄ သုံးနှစ်အတွင်း လစာ/အပိုဆောင်း ငွေကျပ် ၇၀၀၀၀ တိုးပေးခဲ့ခြင်းကသက်သေပြုသည်။ ယခု ၂၀၁၄-၂၀၁၅တွင်လည်း တိုးပေးရန် အစိုးရအနေဖြင့် တွက်ချက်လျက်ရှိသည်။

နိုင်ငံတော်တစ်ရပ်လုံးကို ခြုံ၍သုံးသပ်ရပါက မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး၏ ၂ ရာခိုင်နှုန်းမျှရှိသော နိုင်ငံ့ဝန်ထမ်း (တစ်နည်းအားဖြင့် ခန့်မှန်းအင်အား ၁ ဒသမ ၅ သန်းခန့်)များအား မက်မောလောက်အောင် လစာ၊ အသုံးစရိတ် ပေးရမည်ဆိုပါက ၉၈ ရာခိုင်နှုန်းရှိသော ကျန်ပြည်သူများ (တစ်နည်းအားဖြင့် ခန့်မှန်းအင်အား သန်း ၅၀ ခန့်) အခွန်ထမ်းပြည်သူများ (ထိုသန်း ၅၀သော ပြည်သူများ၏ ချွေးနဲ့စာများ)အတွက် စာဖတ်သူ မည်သို့စဉ်းစားထားပါသနည်း။ ပြည်သူ့ဘဏ္ဍာဆိုသည်မှာ ၅၁ ဒသမ ၄ သန်းသော ပြည်သူများ၏ ငွေများမဟုတ်ပါလော။

၎င်းတို့ငွေဖြင့် ပြည်သူအများ ကုန်စျေးနှုန်းကြီးမြင့်မှုဒဏ်၊ ငွေကြေးဖောင်းပွမှုဒဏ်၊ ငွေကြေးမတည်ငြိမ်မှုဒဏ်၊ ဆိုးကျိုးများဖြင့် ဒုက္ခပင်လယ်ဝေအောင်လုပ်ရန် သင့်/မသင့် စာဖတ်သူ စဉ်းစားပေးသင့်သည်။

တိုင်းပြည်သစ် ထူထောင်ခါစဖြစ်သည်။ ဘူးသီးနုနုအမွေးမသတ်သင့်ပါ။ တိုးတက်တည်ငြိမ်ရန် လမ်းစသာရှိပါသေးသည်။ ဆန္ဒစောပါက macroeconomic stability ထိခိုက်နိုင်မည်ဖြစ်ကြောင်း အားလုံးသိကြသည်။ ယနေ့ ကမ္ဘာ့စီးပွားရေးအခြေအနေကိုလည်း ခြုံ၍သုံးသပ်ကာ ripple effect ကိုလည်း သတိပြုရန်လိုသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ၂၀-၃-၁၉၃၇ မိန့်ခွန်းအချို့ကို ကောက်နုတ်တင်ပြလိုပါသည်။

"တည်တံ့သော ဘဏ္ဍာရေးတည်းဟူသော ခိုင်လုံသည့်အုတ်မြစ်ပေါ်တွင် မတည်ဆောက်ဘဲ မည်သည့်လွတ်လပ်ရေးမျှ မြဲနိုင်မည်မဟုတ်ပေ"

"တိုင်းပြည်၏ စီးပွားရေးကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖြိုခွဲဖျက်ဆီးပစ်ခြင်းပင်ဖြစ်၍ ဤသို့ နိုင်ငံ့စီးပွားရေးကြီး ပြိုကွဲသွားပါက နောက်ဆုံး၌ အများဆုံးအနစ်နာခံရမည့်သူတို့မှာ တိုင်းသူပြည်သား လူထုပင်ဖြစ်သည်။"

တစ်ဖက်မှ လစာ၊ အသုံးစရိတ်များ တွင်တွင်တောင်းဆိုနေလျှင် တိုင်းပြည်မှ ပြန်မေးလိုသည်။ သင်မည်မျှ နိုင်ငံ့တာဝန်ကျေပွန်နေပါသနည်း။ သင့်ကိုယ်သင်ဆန်းစစ်ဖို့လိုပါမည်။ ထို့အတူ သမ္မတ၊ ဒုတိယသမ္မတများ၊ ဝန်ကြီးများအပါအဝင် နိုင်ငံရေးတာဝန်ယူထားသူများ၊ လွှတ်တော်အသီးသီးမှ နာယက၊ ဥက္ကဋ္ဌများအပါအဝင် ပုဂ္ဂိုလ်များလည်း တာဝန်ကျေပွန်မှု ရှိ၊ မရှိ ဆန်းစစ်ကြဖို့ လိုအပ်ပါမည်။

**တစ်ဖက်မှ လစာ၊ အသုံးစရိတ်များ တွင်တွင်တောင်းဆိုနေလျှင် တိုင်းပြည်မှ ပြန်မေးလိုပါသည်။ သင်မည်မျှ နိုင်ငံ့တာဝန်ကျေပွန်နေပါသနည်း။ သင့်ကိုယ်သင်ဆန်းစစ်ဖို့လိုပါမည်။ ထို့အတူ သမ္မတ၊ ဒုတိယသမ္မတများ၊ ဝန်ကြီးများအပါအဝင် နိုင်ငံရေးတာဝန်ယူထားသူများ၊ လွှတ်တော်အသီးသီးမှ နာယက၊ ဥက္ကဋ္ဌများအပါအဝင် ပုဂ္ဂိုလ်များလည်း တာဝန်ကျေပွန်မှု ရှိ၊ မရှိ ဆန်းစစ်ကြဖို့ လိုအပ်ပါမည်**

ထိုသို့ဆိုက အဆိုပါပုဂ္ဂိုလ်ကြီးများအနေဖြင့် လစာ၊ အသုံးစရိတ်၊ အသုံးအဆောင် ချွေတာခြိုးခြံကြရန်နှင့် နိုင်ငံ့ဝန်ထမ်းများကိုသာ တိုးပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။

-ပြည်သူများ စဉ်းစားချင့်ချိန်မှု (thinking) နှင့် ခံစားမှု (feeling) ယှဉ်တွဲစဉ်းစားကြပါကုန်။

-ပြည်သူများ ဦးနှောက် (heads)နှင့် နှလုံးသား (hearts) ချိန်ဆစဉ်းစားကြပါကုန်။

## စစ်ကိုင်းတောင်သို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာမှုများလာ

**စစ်ကိုင်း ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတောင်ပေါ်သို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွား ပိုမိုများပြားလာသည့်အတွက် စစ်ကိုင်းတောင်ခြေမှ ဥမင်သုံးဆယ်၊ ဆွမ်းဦးပုညရှင်သို့ ပြေးဆွဲနေသည့် ကားများ ပုံမှန်ဝင်ငွေ ရရှိနေကြောင်း သိရသည်။

ကမ္ဘာလှည့် ခရီးသည်များအား စစ်ကိုင်းတောင်ခြေမှ တောင်ပေါ်သို့ ဒိုင်နာ၊ လိုက်ထရပ်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်းဖြစ်ပြီး ယာဉ်တစ်စီးလျှင် ခရီးသည် ခုနစ်ဦးမှ ၁၀ ဦး အထိသာ တင်ဆောင်ပို့ဆောင်ပေးလျက်ရှိသည်ဟု ဆိုသည်။

"တောင်ခြေမှာ ကျွန်တော်တို့ဂိတ် ရှိပါတယ်။ ကားတစ်စီးကို အသွားအပြန် ငွေကျပ် ၁၆၅၀၀ ယူပါတယ်။ ဥမင်သုံးဆယ်နှင့် ဆွမ်းဦးပုညရှင်မှာ သူတို့လည်ပတ်တာကို စောင့်ပေးရပါတယ်" ဟု ဒိုင်နာယာဉ်မောင်းတစ်ဦးက ပြောပြသည်။



အဆိုပါ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုတွင် ခရီးသွားကုမ္ပဏီ လေအိတ်ကားကြီးများဖြင့် လာရောက်မှုရှိသကဲ့သို့ မန္တလေး၊ မင်းကွန်းမှတစ်ဆင့် ဧရာဝတီမြစ်အတိုင်း သင်္ဘော၊ စက်လှေ၊ များဖြင့် လာရောက်မှုများလည်း ရှိကြသည်။ ယာဉ်လိုင်းများအနေဖြင့် တစ်ခါတစ်ရံ စစ်ကိုင်းထုံးဘိုဇက်ဆိပ်၊ လေးကျွန်းမာန်အောင်ဆိပ်များသို့ သွားရောက်ကြိုရခြင်းများလည်းရှိကြောင်း သိရသည်။

"စစ်ကိုင်းတောင်ပေါ်ကို လေအိတ်ကားကြီးတွေ တက်ရောက်ဖို့ ခက်ခဲတာကြောင့် ကျွန်တော်တို့ဂိတ်မှာပဲ ခရီးသွားတွေကို တင်ပြီး တောင်ပေါ်ကို ပို့ပေးနေရပါတယ်။ အခုရက်ပိုင်း ခရီးသွားရာနှင့်ချီပြီး လာရောက်လည်ပတ်နေတော့ ပုံမှန်အလုပ်ဖြစ်နေပါတယ်။ တောင်တက် တောင်ဆင်းမတ်စောက်တာကြောင့် အထူးဂရုစိုက် မောင်းနှင်ပေးရပါတယ်" ဟု အဆိုပါယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ရှင်းပြသည်။

**ကိုနေ(သီပေါ)**

## အသက် ၁၀၀ နှင့်အထက် သက်ကြီးဝါကြီး အဘိုး၊ အဘွားများအား ဂုဏ်ပြုချီးမြှင့်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နိုင်ငံတစ်ဝန်းရှိ အသက် ၁၀၀ နှင့် အထက် သက်ကြီးဝါကြီးအဘိုး ၁၆၉ ဦး၊အဘွား ၄၀၀ စုစုပေါင်း ၅၆၉ ဦးတို့အား နိုင်ငံတော်သမ္မတက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံသက်ကြီးဝါကြီး ပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ အထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်သည်။

ထို့အပြင် အသက် ၁၀၀ ပြည့်ပါက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် အထောက်အပံ့ပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ အသက် ၁၀၀ ပြည့်မြောက်ပါက အထောက်အထားများနှင့်အတူ မိမိတို့နေထိုင်သော တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အကြောင်းကြားနိုင်ပါရန်မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဒီဇင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမျိုးမြင့် အင်းစိန်ဗဟိုအကျဉ်းထောင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

# ခရစ္စမတ်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် ခရစ်ယာန်ဘာသာဝင်များ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းမေတ္တာပို့



**ကော့သောင်း ဒီဇင်ဘာ ၂၅**

ကော့သောင်းမြို့တွင် ခရစ္စမတ်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် ခရစ်ယာန်ဘာသာဝင်များ စုပေါင်းမေတ္တာပို့ဆုတောင်းပွဲ အခမ်းအနားတစ်ရပ်ကို ဒီဇင်ဘာ ၂၅ရက် (ခရစ္စမတ်နေ့) နံနက်ပိုင်းက ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက်၊ သံဇူဇယ် ကက်သလစ်မယ်တော် ချုပ်ဘုရားကျောင်း ဝတ်ပြုဆောင်တွင် ကျင်းပသည်။

မေတ္တာပို့ဆုတောင်းပွဲသို့ မယ်တော်ချုပ် ဘုရားကျောင်းဖာသာ ထွန်းလွင်၏ ပင့်ဖိတ်ချက်အရ ဗုဒ္ဓဘာသာ ဆရာတော် သံဃာတော်ကြီးများ ကြွရောက်တော်မူ၍ ဒီဇင်ဘာ ၂၅ ရက်တွင် ကျရောက်သည့် ခရစ္စမတ် အထိမ်းအမှတ်အဖြစ် ကမ္ဘာပေါ်ရှိ သက်ရှိလူသားတိုင်းနှင့် နိုင်ငံတစ်ဝန်း သာယာငြိမ်းချမ်း ဘေးဥပဒ်အန္တရာယ်များ ကင်းစေရေးရည်ရွယ်ကာ မေတ္တသုတ္တန်တရားတော်များ ရွတ်ဖတ်ချီးမြှင့်ကာ ခရစ်ယာန်ဘာသာဝင် ဖာသာကြီးနှင့် စစ္စတာကြီးများက ခရစ်ယာန်ဘာသာ ဓလေ့ထုံးစံများနှင့်အညီ အပြန်အလှန် ဝတ်ပြုဆုတောင်းပေးကြပြီး ဖာသာထွန်းလွင်က ဆရာတော် သံဃာတော်ကြီးများအား ခရစ္စမတ်အထိမ်းအမှတ် လက်ဆောင် (လှူဖွယ်ဝတ္ထုများ) ဆက်ကပ်လှူဒါန်းပေးအပ်သည်။

အဆိုပါ အခမ်းအနားသည် ဘာသာကြီးနှစ်ရပ်ဖြစ်သည့် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ အပြန်အလှန် ချစ်ကြည်ယုံကြည်မှုဖြင့် သာယာငြိမ်းချမ်းသော၊ ယဉ်ကျေးသိမ်မွေ့သော လူ့အသိုက်အဝန်းဖြစ်တည်ကာ နိုင်ငံပြည်ရွာတစ်ခွင် ဘေးဥပဒ် အန္တရာယ်ကင်းစေရေး ရည်ရွယ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# မောနွေလဘုရားကျောင်း၌ ခရစ်တော်မွေးနေ့အထိမ်းအမှတ်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ ဧမာနွေလဘုရားကျောင်း၌ ယနေ့နံနက်ပိုင်းမှစ၍ ခရစ်တော်မွေးနေ့အထိမ်းအမှတ်အဖြစ် ခရစ္စမတ်နေ့ ဝတ်ပြုကိုးကွယ်ခြင်း အထူးအစီအစဉ်ကို ကျင်းပရာ အသင်းတော်များက အချိန်ပိုင်းအလိုက် ဘာသာရှစ်မျိုးဖြင့် ဝတ်ပြုကိုးကွယ်ကြသည်။

ယနေ့ညပိုင်းတွင် မြန်မာအသင်းတော်၏ ခရစ္စမတ်နေ့ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို ကျင်းပရာ သင်းအုပ်ဆရာကြီး ဒေါက်တာယော်လက "နှစ်သစ်မွေးနေ့တော် အခါသမယမှာ ဘုရားသခင်ပေးတဲ့ ငြိမ်သက်ခြင်းကို သင်တို့အပေါ် ကျရောက်ပါစေလို့ ဆုတောင်းပါတယ်။ ဧမာနွေလအသင်းတော်က မြန်မာပြည်ကြီးကို ချစ်တယ်။ မြန်မာပြည်ငြိမ်းချမ်းဖို့ဆုတောင်းတယ်။ စစ်ပွဲတွေရပ်ဖို့ ဆုတောင်းတယ်။ မွေးဖွားလာတဲ့ သူငယ်တော်ကလည်း မွေးဖွားလာတဲ့ အကြောင်းအရင်းက လူသားအားလုံး၏ အပြစ်ကို ကယ်တင်ဖို့အတွက် မွေးဖွားလာခြင်းဖြစ်သည်။ ကမ္ဘာ့လူသားအားလုံး ငြိမ်းချမ်းပါစေ။ မြန်မာပြည်သူ ပြည်သားအပေါင်းကို ဘုရားသခင်ကောင်းချီးပေးပါစေ" ဟုချီးမွမ်းပြောကြားသည်။

အလားတူ ခရစ္စမတ်နေ့ ကျေးဇူးတော်ချီးမွမ်းပွဲကို ယနေ့နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ်ရှိ ရွှေပြည်အေးလမ်း ရန်ကုန်ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၌ကျင်းပရာ သင်းအုပ်ဆရာများက ကျေးဇူးတော်ချီးမွမ်းပြီး ကြွရောက်လာကြသူများက ဓမ္မတေးသီချင်းများ၊ သံစုံတီးဝိုင်းများဖြင့်ပျော်ရွှင်စွာ သီဆိုဆင်နွှဲကြသည်။

**သတင်းဓာတ်ပုံ-အေးကို(သတင်းစဉ်)**

ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ကျောင်းပိတ်၊ အလုပ်ပိတ်ရက်ဖြစ်သောကြောင့် ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)က ပန်းခြံပြည့်လုနီးပါး စည်ကားလျက်ရှိနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-တင်လှမောင်)



# ခရစ်တော်မွေးနေ့ဆုတောင်းပွဲ ပျဉ်းမနား၌ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ခရစ်တော်မွေးနေ့ဆုတောင်းပွဲ အခမ်းအနားကို နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မြို့ဦးရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြန်မာနှစ်ခြင်း ခရစ်ယာန်သာသနာဝင်ကျောင်းအတွင်း၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဦးလိုင်ဒိန်းက ဆောင်ရွက်၍ ဒေသနာတော်များကို Revd. Timothy Pa Hrang က ဆောင်ရွက်ချီးမြှင့်သည်။ ထို့နောက် သဘာပတိက ပဏာမ ကျမ်းစာဖတ်ခြင်း၊ ထာဝရဘုရားသခင်အား ဆက်ကပ်ဆုတောင်းခြင်းများဆောင်ရွက်သည်။

ထို့နောက် အထူးဆုတောင်းခြင်း၊ ဓမ္မသီချင်းများသီဆိုခြင်း၊ တရားဒေသနာတော်များ ဟောကြားခြင်း၊ ကောင်းချီးသြဘာ ပေးခြင်းများ ဆောင်ရွက်ကြပြီး ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**



ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) ညပိုင်းက နေပြည်တော်ရေပန်းဥယျာဉ်၌ လာရောက်လည်ပတ် ကြသူများဖြင့် စည်ကားများပြားနေသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-မျိုးဇေယျာ)



ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၅ လမ်းထောင့်ရှိ မက်သဒစ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ခရစ္စမတ်ပွဲတော် ဆင်နွှဲနေမှုကိုတွေ့ရစဉ်။

ဓာတ်ပုံ-တင်မောင်(မန္တလေး)

* ရှေ့ဖုံးမှ

အဆိုပါလုပ်ငန်းများအား ပထမအကြိမ်အဖြစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက်က ဒုတိယအကြိမ်အဖြစ် စစ်ဆေးသည့် ခေါင်းစဉ်အလိုက် နေရာသတ်မှတ်ပြီး လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့အဖွဲ့က လေထုကို တိုင်းတာစစ်ဆေးမယ်ဆိုရင်မြို့ပြင်နဲ့ မြို့တွင်း နှစ်နေရာရွေးရပါတယ်။ ဒါမှ မြို့ပြင်မှာရှိတဲ့ လေရဲ့အရည်အသွေးနဲ့ မြို့တွင်းမှာရှိတဲ့ လေရဲ့ အရည်အသွေးကွာဟချက်ကို သိနိုင်မှာပါ။ မြစ်ရေဆိုလည်း ဒီအတိုင်းပါပဲ။ ဒုဋ္ဌဝတီနဲ့ဧရာဝတီမြစ်ပေါင်းဆုံ ရာနေရာအင်းဝတံတားအနီးမှာ ရေထုရဲ့ အရည်အသွေးကိုတိုင်းတာပြီး ဧရာဝတီမြစ်အတွင်းကို စီးဝင်နေတဲ့ ရေရဲ့အရည်အသွေးကိုတော့ ရှမ်းကလေးကျွန်းအနီးမှာ တိုင်းတာစစ်ဆေးရပါတယ်။ မြေအောက်ရေကိုတော့ အဝီစိတွင်းတွေက ထွက်တဲ့ရေရဲ့အရည်အသွေးကိုစစ်ဆေးတာပါ"ဟု ပြောသည်။ မန္တလေးမြို့အတွင်းရှိ လေထု၊ ရေထုနဲ့မြေအောက်ရေ အရည်အသွေးများအား တိုင်းတာစစ်ဆေးဆောင်ရွက်သည့်လုပ်ငန်းများကို တစ်နှစ်ပတ်လုံးအနေဖြင့် လစဉ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည်ဖြစ်ပြီးရရှိသော အချက်အလက်များကို လေးလတစ်ကြိမ် အဖွဲ့မှပြန်လည်ဆွေးနွေးသုံးသပ်ပြီးရလဒ်များကို အသိပေးတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းသတင်း

**● ရှေ့ဖုံးမှ**

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ကျောက်ဖြူမြို့သို့ မွန်းလွဲ ၂ နာရီခွဲတွင်ရောက်ရှိပြီး ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်ဓာတ်အားရရှိရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုပေါင်း၏ ၅၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရေးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရ တာဝန်ယူသည့် သက်တမ်းကာလတွင် မိမိတို့ပြည်သူများအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူဗဟိုပြုစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ ရခိုင်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်သည့် ဒေသဖြစ်ရန် မိမိတို့အစိုးရအနေဖြင့် အလေးထားဆောင်ရွက်နေပါကြောင်း၊ "ချမ်းသာချင်လျှင်လမ်းဖောက်"ဆိုသည့် စကားပုံအတိုင်း ဖွံ့ဖြိုးတိုးတက်ချင်လျှင် ဆက်သွယ်ရေး ကောင်းမွန်ရမည်ဖြစ်ပါကြောင်း၊ မြေပေါ်မြေအောက် သဘာဝသယံဇာတ ပစ္စည်းများကို အသုံးချနိုင်ရန် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ပါကြောင်း။

ယင်းသဘာဝအရင်းအမြစ်များကို လူသားတို့၏ ကာယအား၊ ဉာဏအား၊ ဝီရိယအား၊ လူ့စွမ်းအားများဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးသည် အရေးကြီးပါကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများရမှသာပုံမှန်ဝင်ငွေရရှိနိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကိုလည်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ငပလီမြို့ မဒေးတောင်ရှိ တိလောက သယမ္ဘူဗုဒ္ဓ ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူ ပူဇော်စဉ်။ (သတင်းစဉ်)



# KOICA နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းဖွင့်

**ထုံးဘို ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ထုံးဘိုမြို့ရှိ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါသင်တန်းကျောင်း ရှေ့မျက်နှာစာ၌ ကျင်းပသည်။

အဆိုပါ သင်တန်းကျောင်းကို ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ ချစ်ကြည်ရေးပိုမိုခိုင်မာစေရန်၊ ရိတ်သိမ်းချိန်လွန် နည်းပညာတိုးတက်လာရေးကိုဆောင်ရွက်ရန်၊အရည်အသွေး ထိန်းသိမ်းရေး၊ ပိုးမွှားကာကွယ်ရေး၊ သိုလှောင်ရေး၊ ကြိတ်ခွဲရေး၊ ကြိတ်ခွဲပြုပြင်ရေး၊ ဘေးထွက်ပစ္စည်းအသုံးချရေး၊ နည်းပညာဖြန့်ဝေရေး၊ စီးပွားရေးရှုထောင့်မှ ဆန်းစစ်ဝေဖန်ရေးစသည့် လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ရန်၊ ပြည်တွင်း ပြည်ပမှ နည်းပညာရပ်များကို စူးစမ်းလေ့လာ သုတေသနပြုလုပ်ပြီး ရေမြေသဘာဝအရ မိမိတိုင်းပြည်နှင့် ကိုက်ညီသည်များကို လက်တွေ့အသုံးချနိုင်ရေးရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီး တောင်သူလယ်သမားများ၊ ထုတ်လုပ်တင်ပို့ရောင်းချသူများ၊ ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမ၊ ဝန်ထမ်းများအားလုံး ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ပေးနိုင်ရန်၊ အသိပညာများ တိုးတက်လာသည်နှင့်အမျှ တောင်သူများ၏ စိုက်ခင်းမှထွက်ရှိလာသော သီးနှံများကို အရည်အသွေးကောင်းမွန်သော ထွက်ကုန်များထုတ်လုပ်နိုင်ပြီး တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာရုံသာမက ပြည်ပဈေးကွက်များသို့လည်း အရည်အသွေးပြည့်မီသည့် သစ်သီးဝလံများ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်လာစေရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အဓိကလိုအပ်ချက်ဖြစ်သော Post Harvest Technology သင်တန်းကျောင်း၊ Post Harvest Research Institute (နေပြည်တော်)နှင့် Agro Machine Training Centre (နေပြည်တော်)နှင့် အခြားသောစီမံကိန်းများ အကောင်အထည်ဖော်ရေး KOICA မှတစ်ဆင့်အကူအညီပေးသော ကိုရီးယား သမ္မတနိုင်ငံအစိုးရကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဘက်ဆွန်းက မြန်မာနိုင်ငံ အမျိုးသားစီးပွားရေးအရ လယ်ယာကဏ္ဍမှာ စုစုပေါင်း GDP ၏ ၃၆ ရာခိုင်နှုန်းရှိပြီး လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ ၆၁ ရာခိုင်နှုန်း ပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်သော ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ခေတ်မီလယ်ယာသုံးစက်ပစ္စည်းများ ပေါင်းစပ်လုပ်ဆောင်ပါက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်တိုးတက်ရေး ပိုမိုအကျိုးသက်ရောက်မည် ဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်သော ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းအနေဖြင့် ရိတ်သိမ်းခူးဆွတ်ပြီး နောက်ပိုင်းထိန်းသိမ်းပုံနည်းပညာများနှင့် လက်တွေ့သင်ကြားပြသမှုများမှတစ်ဆင့် ဥယျာဉ်ခြံထွက်ပစ္စည်းများ အရည်အသွေးကျဆင်းမှု လျော့နည်းစေမည်ဖြစ်ပြီး တောင်သူများ ဝင်ငွေတိုးတက်ရုံသာမက နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင်လည်း များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ ကိုရီးယား- မြန်မာနိုင်ငံ ထိပ်သီးအစည်းအဝေးမှစ၍ နှစ်နိုင်ငံချစ်ကြည်မှု ပိုမိုခိုင်မြဲသကဲ့သို့ နောက်နှစ်တွင်လည်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ် ၄၀ ပြည့်မည်ဖြစ်ပြီး ရှေ့ဆက် ပူးပေါင်းဆောင်ရွက်ရေးများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ယခုသင်တန်းကျောင်းအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကြိုးစားသွားမည့် ကျောင်းကြီးဖြစ်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရိတ်သိမ်းချိန်လွန် နည်းပညာ သင်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ယင်း သင်တန်းကျောင်းကို ၂၀၁၂ ခုနှစ် ဇွန်လအတွင်း စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄ခုနှစ် ဩဂုတ်လတွင်ပြီးစီးခဲ့ပြီး ယခုအခါ သင်တန်းသား ၈၀ ဦးအား သင်တန်းတစ်ပတ်လျှင် သုံးလကြာမြင့် မည်ဖြစ်ပြီး တစ်နှစ်ပတ်လုံး သင်တန်းများနှင့် စိုက်ပျိုးရေးဝန်ထမ်းများကို တစ်ကြိမ်စီ အလှည့်ကျပို့ချသွားမည်ဖြစ်ပြီး တစ်နှစ်ပတ်လုံး သင်တန်းသားဦးရေ ၁၆၀၀ ကျော်ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)မှ ဌာနေ ကိုယ်စားလှယ် မစ္စတာ နမ်ကေဝမ်ဟရောင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း စီမံကိန်းမန်နေဂျာ မစ္စတာ ဒေါက်တာ ဒုန်းမန်းကင်မ်၊ အဆိုပါ သင်တန်းကျောင်းနှင့်တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




သတင်း-ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ-အောင်ပိုင်

## ကရင်နှစ်သစ်မင်္ဂလာပွဲတော် ရိုးရာအားကစားနည်းများဖြင့် စည်ကားစွာကျင်းပ

**သထုံ ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက်ရှိ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်တိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို ကရင်သက္ကရာဇ် ၂၇၅၄ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ဒီဇင်ဘာ ၂၁ ရက်က ရိုးရာအားကစားနည်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာကျင်းပခဲ့သည်။ နံနက် ၆ နာရီတွင် ကရင်တိုင်းရင်းသား အလံတော်ကို စုပေါင်းလွှင့်တင်ခဲ့ပြီး နှစ်သစ်ကူးအထိမ်းအမှတ် သံဃာတော်အရှင်သူမြတ်များထံမှ စုပေါင်းတရားနာယူကြကာ တိုင်းရင်းသား သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခဲ့ကြသည်။ အဆိုပါနှစ်သစ်ကူးနေ့တွင် ကရင်ရိုးရာဒိုးယိမ်းအကအဖွဲ့များနှင့် ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှု ယိမ်းအဖွဲ့များက ဖျော်ဖြေခဲ့ကြပြီး ရပ်ရွာအတွင်းမှ ဒေသခံပြည်သူများက လက်ဝှေ့ပွဲ၊ ချောတိုင်တက်ပွဲ၊ အပြေးပြိုင်ပွဲ စသည့် ရိုးရာအားကစားနည်းများကို တပျော်တပါး စုပေါင်းယှဉ်ပြိုင်ကစားခဲ့ကြသည်။ အလားတူ တောင်ကြားရပ်ကွက်အနီးရှိ ကရင်တိုင်းရင်းသားများ အများစုနေထိုင်ရာ ဝင်းပကျေးရွာ ဝင်းပကျောင်းတိုက်၌လည်း (၇၇)နှစ်မြောက်ကရင်နှစ်သစ်မင်္ဂလာ အခမ်းအနားကို စည်ကားပျော်ရွှင်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## ပြည်တွင်းသတင်း

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ထိုစီးပွားရေးဇုန်ပေါ်ပေါက်လာပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပြီး ကျွမ်းကျင်လုပ်သားများလည်းလိုအပ်လာမည်ဖြစ်ပါကြောင်း၊ ထိုကျွမ်းကျင် ဝန်ထမ်းများဖြစ်ရန် ပညာတတ်ရမည် ဖြစ်ပါကြောင်း၊ ဒေသတွင်း ပညာတတ်များနှင့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာရန် စက်မှုလက်မှုသိပ္ပံကျောင်းကိုလည်းကျောက်ဖြူ၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ပြည်ပနိုင်ငံများနှင့်ပါ ချိတ်ဆက်ပြီး စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် အထူးလိုအပ်ပြီး လျှပ်စစ်မီးရရှိရန် လိုအပ်ပါကြောင်း၊ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးသာမက ဒေသတွင်း လျှပ်စစ်မီး ထုတ်လုပ်နိုင်ရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အဓိကအရေးကြီးဆုံးအချက်မှာ တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် တရားဥပဒေစိုးမိုးမှု ရှိရေးပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိပစ္စုပ္ပန်နှင့် နောင်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူက ရွေးချယ်သည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အဆင့်လိုက် တစ်ဆင့်ချင်း အရှိန်အဟုန်ဖြင့် တိုးမြှင့်လုပ်ဆောင်ခဲ့ပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရာ၌ နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံသားအားလုံး ပါဝင်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးရရှိရန် တွေ့ဆုံဆွေးနွေးသည့် နည်းလမ်းဖြင့် ကြိုးပမ်းလုပ်ဆောင်နေပါကြောင်း၊ ယခုအချိန်တွင် စားပွဲဝိုင်းတွင်ထိုင်ပြီး လက်ဆွဲနှုတ်ဆက်နိုင်သည့် အဆင့်ထိ ရောက်ရှိနေပါကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးကိုလည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများကိုလည်း အချိန်ယူဆွေးနွေးသွားခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ရွက်ခဲ့ပါကြောင်း၊ ပြည်သူကို ဗဟိုပြုသည့် ပြုပြင်ပြောင်းလဲရေးကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း ပြည်သူများ၏ ဆန္ဒသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူကိုဗဟိုပြုသည့်စနစ်ဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍများကို ကြိုးပမ်း အကောင်အထည်ဖော် လုပ်ငန်းစဉ်(၈)ရပ်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ အတတ်ပညာများရရှိရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်လျက်ရှိနေပါကြောင်း၊ ထို့ကြောင့် ကျန်ရှိသည့် အစိုးရသက်တမ်းကာလအတွင်း ပြည်သူများအတွက် ချက်ချင်း အကျိုးရှိမည့်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း စနစ်တကျ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကာ နောင်တာဝန်ယူမည့် အစိုးရအတွက် အခြေခံအုတ်မြစ်ကောင်းများကို ချပေးနေခြင်းလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်တိုးတက်ရေး ဆောင်ရွက်ရာတွင် အစိုးရတစ်ဖွဲ့တည်းဖြင့် ဆောင်ရွက်၍မရဘဲ ပြည်သူများ ပူးပေါင်းပါဝင်မှုသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအားလုံးက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပါဝင်ပူးပေါင်း ဝိုင်းဝန်းလုပ်ဆောင်သွားရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့သို့ ထွက်ခွာရာ ရမ်းဗြဲမြို့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူလေးများက ကြိုဆိုကြသည်။

ထို့နောက် မြို့နယ် ရမ္မာဝတီခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသည့်သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ယင်းနောက် မြို့မိ မြို့ဖအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက ဒေသလိုအပ်ချက်များအား တင်ပြရာ နိုင်ငံတော်သမ္မတက ဆွေးနွေးညှိနှိုင်း ဖြည့်ဆည်းပေးခဲ့သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရမ်းဗြဲမြို့၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံပွဲတွင် ဆွေးနွေးမှာကြားစဉ်။**
(သတင်းစဉ်)



**ကျောက်ဖြူမြို့၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းကို တွေ့ရစဉ်။**
(သတင်းစဉ်)

# စွဲမှတ်ထင်ထင် ဗိုလ်ရှုသဘင် ရင်တွင်းစကား ကြားစေသား

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နှစ်စဉ် ဇန်နဝါရီ ၄ ရက်နေ့ရောက်တိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံး တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ မြို့ရွာအဆုံးတို့၌ လွတ်လပ်ရေးနေ့ အခမ်းအနားများကို နေ့ထူးနေ့မြတ် အနေဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့ အခမ်းအနားများတွင် ဗိုလ်ရှုသဘင် အခမ်းအနားကိုပါ ပူးတွဲကျင်းပခဲ့သည်မှာ ၁၉၄၉ ခုနှစ်မှစ၍ ၁၉၆၂ ခုနှစ်ထိ ဖြစ်သည်။

ဗိုလ်ရှုသဘင် အခမ်းအနားကို မကျင်းပတော့သည်မှာ နှစ်ပေါင်း ၅၀ ကျော် ကြာခဲ့ပြီဖြစ်သည်။

ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့်(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့်အတူ ဗိုလ်ရှုခံအခမ်းအနားကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ ယခင်ကကျင်းပခဲ့သော ဗိုလ်ရှုသဘင်အခမ်းအနားသို့ ကိုယ်တိုင်ပါဝင်ခဲ့ဖူးသူ အငြိမ်းစား အမျိုးသမီး စစ်မှုထမ်းအချို့၏ ရင်တွင်းစွဲမှတ်ထင်ထင်ကျန်ရစ်ခဲ့သော ဗိုလ်ရှုသဘင်ပုံရိပ် ရင်တွင်းစကား အတွေ့အကြုံများကို ထပ်တူသိရှိနိုင်ရန် မျှဝေအသိပေးဖော်ပြလိုက်ပါသည်။

**ဗိုလ်မှူးဒေါ်ခင်လှသီ**
**(တပ်မတော်-ကြည်း၊ ငြိမ်း)**



ကြီးကြီးက ၁၉၅၈ ခုနှစ်မှာ အရာရှိအနေနဲ့ ဗိုလ်ရှုခံကို တက်ရတယ်။ ဗိုလ်မှူးကြီး၊ ဗိုလ်မှူး၊ ဗိုလ်ကြီး အဲဒီလို အရာရှိ သုံးဦးတက်တယ်။ ၁၉၅၈ ခုနှစ်မှာ စစ်သမီးက မစုသေးဘူး။ ၁၉၅၉ ခုနှစ်မှာတော့ မှတ်တမ်းရုံးက တပ်စုတစ်စုက ရှေ့က၊ ကြီးကြီးက တပ်စုမှူးအနေနဲ့ ကြီးကြီးတို့အမျိုးသမီးတပ်ခွဲက တပ်စုနှစ်စု၊ ရှေ့ဆုံးကနေ ခြေလျင်ချီတက်ပြီး ဗိုလ်ရှုခံကျင်းပရာကနေ မိုင်ဒါကွင်းကို ဝင်သွားပြီး အဲ့ဒီမှာ တန်းဖြုတ်တယ်။ ၆၀ ခုနှစ်ကျတော့ အမျိုးသမီးတပ်ခွဲတော့ မှတ်တမ်းရုံးအားလုံး တပ်စုသုံးစုပါတယ်။ ကြီးကြီးမပါတော့ဘူး။ နောက် အမျိုးသမီးစစ်ဗိုလ်တွေ ပါလာတယ်။ ကြီးကြီးက စစ်ရုံးကြီးပေါ် ရောက်နေပြီ။ စစ်သမီးသုံးသုတ်မှာ ပထမတစ်သုတ်က ဗိုလ်ရှုခံကိုမမီဘူး။ နောက်တစ်ခါ တတိယအသုတ် ၁၉၆၀ ပြည့်နှစ်မှာ စစ်ယူနီဖောင်း ဘောင်းဘီနဲ့ပဲထွက်တာ။ ၁၉၆၁ ခုနှစ်ကျတော့ စကတ်တွေနဲ့ ထွက်တာ။ ပထမယူနီဖောင်းနဲ့ စတင်းဂန်းနဲ့၊ မှတ်တမ်းရုံးဆိုရင် ရိုင်ဖယ်နဲ့၊ ကြီးကြီးတို့က ရှေ့က ဆိုတော့ လက်နက်မပါဘူး။ ရေတပ်က တတိယအသုတ်က ပါလာတယ်။ လေတပ်က စောတယ်။ ကြီးကြီး ဗိုလ်ရှုသဘင် စတက်ကတည်းက လေတပ်က ပါလာပြီးသား။ ရေတပ်က ၁၉၆၁ ခုနှစ်ကျမှ ပါလာတာ။

ကြီးကြီးတက္ကသိုလ်တုန်းက ဗိုလ်ရှုသဘင်ကို သွားသွားကြည့်တယ်။ ၁၉၅၄ ခုနှစ်၊ ၁၉၅၅ ခုနှစ် သူငယ်ချင်းတစ်စု ရွှေတိဂုံဘုရားဖူးတယ်။ အနောက်ဘက်မုခ်ကဆင်း မျက်နှာချင်းဆိုင်ကွင်းကြီးထဲရောက် ဗိုလ်ရှုခံကို စောင့်ကြည့်ရတာပါ။ အဲ့ဒီမှာ စည်တွေပြောတွေပါတယ်။

အဲ့ဒီတုန်းက ဗိုလ်ရှုသဘင် အခမ်းအနား တက်ဖို့အတွက် သင်တန်းထဲမှာ တန်းစီပြီး ရွေးပြီး ကျန်းမာရေးကောင်းရမယ်။ အရပ်တွေလည်း ညီရမယ်။ လှုပ်ရှားမှုတွေလည်းရှိရမယ်ဆိုပြီး စစ်သမီးတွေကို ရွေးခဲ့တယ်။

**ဗိုလ်မှူးဒေါ်သန်းရှင်**
**(တပ်မတော်-ရေ၊ ငြိမ်း)**



ဗိုလ်ရှုသဘင်နဲ့ပတ်သက်လို့ ဟိုတုန်းကတော့ လွတ်သဘင်ခေါ်တာပေါ့။ ၁၉၅၉ ခုနှစ် စစ်သမီးသင်တန်းသင်နေရင်းနဲ့ ၁၉၆၀ ပြည့်နှစ်မှာ ကြီးကြီး လွတ်သဘင်ကို တက်ပါတယ်။ စစ်သည်အမျိုးသမီးအင်အားက ၅၀၊ ကြီးကြီးတို့က ရှေ့မှာ သုံးယောက် အရာရှိ နောက်အရာရှိတွေက ကားနဲ့ ကားပေါ်မှာ တစ်ယောက်စီနဲ့ သူတို့ကလည်းအလေးပြုပါတယ်။ ကြီးကြီးတို့ တပ်စုအဖွဲ့ကလည်း သမ္မတကြီးကို အလေးပြုကြတယ်။

ကြီးကြီးတို့ခေတ်က အလုပ်အကိုင်အခွင့်အလမ်းက လွယ်တယ်။ ဘာလုပ်လုပ်ရတယ်။ ဒါပေမယ့် ငယ်ငယ်ကပါလာတဲ့ စိတ်ကြောင့်လားမသိဘူး လက်နက်ကိုင်အဖွဲ့အစည်းကိုဝင်ချင်တယ်။ ကြည်းတပ်ကလည်း ခေါ်ထားပြီ။ လေတပ်ကလည်း ရှိတယ်ဆိုတော့ ကြီးကြီးက လျှောက်လွှာသွားတင်တုန်းက ကြည်းတပ်ပါပဲ။ ဒါပေမယ့် အဲ့ဒီက အရာရှိက ပြောတော့ ကျွန်တော်တို့ အခုရေတပ်ကို ခေါ်တော့မယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် လူ့စိတ်က ပထမအသုတ်ဆိုတော့ ခံစားခွင့်တွေ အဆင့်တွေဘာမှမသိဘူး။ နိုင်ငံကို ကာကွယ်ချင်တဲ့စိတ်နဲ့ပဲ တပ်မတော်ကိုဝင်ခဲ့တယ်။

အဲ့ဒီတော့ အလွတ်သဘင်တက်ရတဲ့အချိန်မှာ ခံစားရတာက ကြီးကြီးဝါသနာ၊ ခံစားရတာက ပြောလို့ရှိရင် ပြည်တွင်းစစ်ကော၊ ပြည်ပစစ်ကော ကြုံခဲ့တော့ ကာကွယ်ချင်တဲ့စိတ်ရှိထားတဲ့သူက ကိုယ့်အသက်နဲ့ မီပြီးတော့ ဒီအလွတ်သဘင်ကို တက်ပြီး ကိုယ့်အကြီးအကဲကို နိုင်ငံတော်သမ္မတကို အလေးပြုရတဲ့အချိန်မှာလေ အသည်းလှိုက်အူလှိုက်လှဲပဲ။ ကျေနပ်တာပေါ့နော်။ ငါ့လွတ်လပ်ရေးကို ငါကာကွယ်မယ်။ ငါ့လူမျိုးကို ငါကာကွယ်နိုင်ပြီ ဆိုပြီးတော့ လူတစ်ယောက်ဖြစ်ရခြင်း၊ မိန်းမတစ်ယောက်ဖြစ်ရခြင်းကို နိမ့်ကျခြင်းဆိုတာ မရှိတော့ဘူး။ ငါဒီလိုအလုပ်လုပ်မယ်ဆိုတဲ့ ကျေနပ်ချက်ကြီးက အဲဒီအချိန်က အလွန်ခံစားရတယ်။

အဲဒါမျိုးကို အခုတစ်ခါ ဒီနှစ်ကျမှ ပြန်လုပ်တော့မယ်ဆိုတော့ အမျိုးသမီးအရာရှိတွေလည်း ပြန်ခေါ်နေပြီ။ စစ်သမီးတွေလည်း ပြန်ခေါ်နေပြီ၊ အဲဒီလို ပြန်ခေါ်နေတာကြားရပြီး ဒီနှစ်မှာလည်း ဒီဗိုလ်ရှုခံလုပ်မယ်ဆိုတော့လေ။ အို ဖြစ်စေချင်လိုက်တာ။ မမီကြလို့ပေါ့နော်။ နို့မို့များဆိုလို့ရှိရင် ငယ်မူပြန်ပြီးတော့ ကြီးကြီးတို့ တပ်ဖွဲ့တက်လာတာကို ကြည့်ချင်တယ်။ အားပေးချင်တယ်။ ကြီးကြီးတို့ ပခုံးပြောင်းတာဝန်ကို အမျိုးသမီးတွေလည်း တန်းတူရည်တူ တစ်ဖက်တစ်လမ်းက ကာကွယ်ရေးတာဝန်၊ ကဏ္ဍအသီးသီးကလည်း တိုင်းပြည်တာဝန်ထမ်းဆောင်နေတဲ့ ထူးချွန်အမျိုးသမီးတွေ အများကြီးပဲ။ ဒီထဲကမှ အပင်ပန်းခံ အနစ်နာခံပြီးတော့ စစ်သားအလုပ်ကို လုပ်တဲ့ အမျိုးသမီးတွေ နောက်ထပ်လည်း ပေါ်လာစေချင်တယ်။ ကြီးကြီးတို့လည်း အသက်ရှည်ပြီးတော့ မြင်ချင်တယ်။ ဒီဗိုလ်ရှုခံကိုလည်း ဝမ်းပန်းတသာကြိုဆိုနေတယ်။ သမ္မတကြီးကိုလည်း စိတ်ထဲကအလေးပြုနေတယ်။ ကိုယ့်တိုင်းပြည်က ကိုယ့်လွတ်လပ်ရေး ကိုယ်ပိုင်နဲ့ ကိုယ့်စနစ်နဲ့ ကိုယ့်ခေတ်နဲ့ လုပ်နိုင်ပြီဆိုတာကို မသေခင်ကြုံရလို့ အလွန်ဝမ်းသာပါတယ်။

**တပ်ကြပ်ကြီးဒေါ်ခင်သန့်**
**(တပ်မတော်-လေ၊ ငြိမ်း)**

ကြီးကြီးက ၁၉၅၂ ခုနှစ်မှာ စစ်တပ်ထဲဝင်တယ်။ ဗိုလ်ရှုသဘင်ကို ၁၉၅၈ ခုနှစ်မှာ ပါဝင်ဆင်နွှဲခဲ့တယ်။ ကြီးကြီးက နည်းပညာရှင်ပိုင်းဆိုတော့လေ၊ မိတ္ထီလာမှာ သင်တန်းတက်နေရတာနဲ့ ဗိုလ်ရှုသဘင်ကို နောက်နှစ်တွေမှာ မပါနိုင်တော့ဘူး။ အဲဒီတုန်းက ကြည်း၊ ရေ၊ လေထဲမှာ လေတပ်က စစ်သမီးက အရင်ဆုံး

*စာမျက်နှာ ၁၀ ကော်လံ ၅ သို့*

ပြည်တွင်းသတင်း

# ရန်ကုန်စတော့အိတ်ချိန်း ဖက်စပ်ကုမ္ပဏီလီမိတက် ထူထောင်ရေး ဖက်စပ်သဘောတူစာချုပ် လက်မှတ်ရေးထိုး




**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်တစ်ခု ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက်တို့ ပူးပေါင်းလျက် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီ လီမိတက်ကို ဖွဲ့စည်း၍ ၁၉၉၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

ထို့နောက် ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ပြဋ္ဌာန်းခဲ့ပြီး စတော့အိတ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းဦးဆောင်သည့် အဖွဲ့ဝင်ခုနစ်ဦးပါ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၄ ခုနှစ် ဩဂုတ်လမှာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ထို့ပြင် ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေမူကြမ်းကို ရေးဆွဲပြီးစီး၍ မကြာမီထုတ်ပြန်ပြဋ္ဌာန်းမည်ဖြစ်သည်။

မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်ဖြစ်ပေါ်လာစေရေးအတွက် အဓိကလိုအပ်သည့် ရန်ကုန်စတော့အိတ်ချိန်း ဖက်စပ်ကုမ္ပဏီလီမိတက် ထူထောင်ရေး ဖက်စပ်သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်တွင် ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက စတော့အိတ်ချိန်းသည် နိုင်ငံ၏စီးပွားရေးအခြေအနေကို တိုင်းတာသည့် ကိရိယာတစ်ခုဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးအရင်းအမြစ်တစ်ခုလည်း ဖြစ်ကြောင်း၊ စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကြီးများအနေဖြင့် ကာလရှည် ရင်းနှီးမြှုပ်နှံမှုများကို ငွေ၊ဈေးကွက်မှတစ်ဆင့် လွယ်ကူလျင်မြန်စွာစုစည်း ရယူနိုင်ကြမှာဖြစ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း မိမိတို့၏ စုဆောင်းငွေများကို စတော့အိတ်ချိန်းမှတစ်ဆင့် ရှယ်ယာများဝယ်ယူ၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းကြီးများအတွက် လိုအပ်သောပမာဏကြီးမားသည့် ငွေအရင်းအနှီးများကိုလည်း စတော့အိတ်ချိန်းမှတစ်ဆင့် အများပြည်သူတို့၏ စုဆောင်းငွေမှ စုစည်းရရှိနိုင်မည်ဖြစ်ကြောင်း။

စတော့အိတ်ချိန်းတစ်ခုအောင်မြင်ရန် အချိန်ယူရမည်ဖြစ်ပြီး အမေရိကန်နိုင်ငံရှိ နယူးယောက်စတော့အိတ်ချိန်းသည်ပင်လျှင် နှစ်တစ်ရာကျော်ခန့် အချိန်ယူဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ခိုင်မာသည့်စတော့အိတ်ချိန်းကို တည်ထောင်နိုင်ရန် အခြေခံအုတ်မြစ်များကို ဥပဒေ၊ နည်းပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အတူ ဦးတည်ဆောင်ရွက်နေပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ သံရုံးယာယီတာဝန်ခံ မစ္စတာ အီချီယိုမာရူရာမာက အမှာစကားပြောကြားပြီး ရန်ကုန်စတော့အိတ်ချိန်း ဖက်စပ်ကုမ္ပဏီလီမိတက် ထူထောင်ရေးဖက်စပ် သဘောတူစာချုပ်အား မြန်မာ့စီးပွားရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြ၊ ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက်ဥက္ကဋ္ဌ Mr.Takashi Fukai နှင့် Japan Exchange Group-JPX ၏ Chief Operating Officer ဖြစ်သူ Mr. Michio Yoneda တို့က လက်မှတ်ရေးထိုးကြသည်။

ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ယခင်ပြည်ထောင်စု ဘဏ်အဆောက်အအုံအား ရန်ကုန်စတော့အိတ်ချိန်း ဖွင့်လှစ်ရန် ပြုပြင်မွမ်းမံမှုများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ပထမဦးဆုံး ဖွင့်လှစ်မည့် ရန်ကုန်စတော့အိတ်ချိန်းကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်က ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့လီမိတက် က ၃၀ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် Japan Exchange Group-JPX က ၁၈ ဒသမ ၇၅ ရာခိုင်နှုန်း ထည့်ဝင်၍ ဖက်စပ်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်မည်ဖြစ်သည်။

ရန်ကုန်စတော့အိတ်ချိန်း တည်ထောင်ဖွင့်လှစ်ပါက ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ (Securities Companies) သို့ ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချသည့်လုပ်ငန်း လိုင်စင်၊ ငွေချေးသက်သေခံ လက်မှတ်များကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်၊ ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်(သို့မဟုတ်) ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်နှင့် ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံပေးခြင်းလုပ်ငန်းလိုင်စင်တို့ကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းလိုင်စင်လေးမျိုးအတွက် အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်းအပါအဝင် လိုအပ်သည့် စည်းကမ်းသတ်မှတ်ချက်များကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က မကြာခင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# ဥပဒေကြမ်းများတွင် အတွေးအမြင်သစ်များစွာ ပါဝင်သည်ကို တွေ့ရပြီး နိုင်ငံတကာစံသတ်မှတ်မှုများကို ဦးတည်ဆောင်ရွက်နိုင်ရန် ဆက်လက်ကူညီသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

အမျိုးသား ပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေကြမ်းများကို သက်ဆိုင်ရာ ပညာရှင်များက ရေးဆွဲလျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်နေ့က မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတွင်ကျင်းပခဲ့သော ဆွေးနွေးပွဲတွင် ပညာရေးဆိုင်ရာ ဥပဒေကြမ်း ငါးခုကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဥပဒေကြမ်း ငါးခုတွင် အမျိုးသားပညာရေး နည်းဥပဒေ၊ အခြေခံပညာရေး ဥပဒေ၊ အခမဲ့ မသင်မနေရ မူလတန်းပညာရေး ဥပဒေ၊ အဆင့်မြင့်ပညာရေး ဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေတို့ပါဝင်ကြောင်း သိရသည်။ အမျိုးသားပညာရေး ဥပဒေ၏ ဆက်စပ်ဥပဒေကြမ်းများ ရေးဆွဲခြင်းနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ ပညာရှင်များက အကြံပြုဆွေးနွေးလျက်ရှိရာ အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်လာသော ပညာရှင်များအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**Mr. Bertrand Bainvel**
**Representative, UNICEF**

ဒီအစည်းအဝေးဟာ နိုင်ငံတကာ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေ အနေနဲ့ နိုင်ငံတော်အစိုးရရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်တွေအပေါ်မှာ နားလည်စေတဲ့အတွက် အရေးကြီးတဲ့ အစည်းအဝေးဖြစ်ပါတယ်။ အခုဆိုရင် ပညာရေးနဲ့ပတ်သက်တဲ့ ဥပဒေကြမ်းတွေ ထွက်ရှိလာပြီဖြစ်ပါတယ်။ UNICEF အနေနဲ့ အခြေခံပညာရေးဥပဒေ၊ ဆရာအတတ်ပညာရေးဥပဒေတွေကို ကြည့်ရတာ အလွန်စိတ်ဝင်စားပါတယ်။ ဒါကြောင့် ဒီလိုဥပဒေပြုမှုတွေမှာ မဖြစ်မနေပြဋ္ဌာန်းရမယ့် ပညာရေးဥပဒေတွေ ပါဝင်တဲ့အတွက် ကျွန်တော်တို့ အားလုံးအတွက်




Mr. Bertrand Bainvel

အလွန်အရေးပါ ပါတယ်။

**Sandar Umar Alam**
**Head, UNESCO Myanmar**

ဒီနေ့မှာတော့ အမျိုးသားပညာရေးဥပဒေရဲ့ ဆက်စပ်ဥပဒေတွေအတွက် ဆွေးနွေးနေကြတာပါ။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အားလုံးပါဝင်နိုင်မှုဆိုတဲ့ ချဉ်းကပ်မှုတွေနဲ့ ဆက်လက်ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ တိုက်တွန်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတကာ စံသတ်မှတ်မှုတွေကို ဦးတည်ဆောင်ရွက်နိုင်ဖို့ UNESCO က ပညာရေးဝန်ကြီးဌာနကို ဆက်လက်ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ အာဆီယံဥပဒေအတွက် လိုအပ်တဲ့ နှိုင်းယှဉ်လေ့လာအကဲဖြတ်မှုတွေ၊ အချက်အလက်ဆိုင်ရာ လေ့လာဆန်းစစ်ချက်တွေကို UNESCO က ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေရဲ့ ဆောင်ရွက်ပြီး ပြုပြင်ပြောင်းလဲမှုနဲ့ ဥပဒေပြုမှုတွေဖြစ်တဲ့ အဆင့်မြင့်ပညာရေးနဲ့ အာဆီယံဥပဒေများ



Sandar Umar Alam

ကိုလည်း လေ့လာနိုင်ခဲ့ပါတယ်။


**Dr. Jonathan Caseley**
**Senior Adviser**
**CESR National Education Sector Plan**

ဆရာအတတ်သင် ပညာရေးဥပဒေနဲ့ ပတ်သက်လို့ အတွေးအမြင်အသစ်တွေ အများကြီးပါဝင်တာတွေ့ရပါတယ်။ ဆရာ၊ ဆရာမတွေကို ပံ့ပိုးကူညီမယ့် အစီအစဉ်တွေ၊ သူတို့အတွက် အခွင့်အလမ်းတိုးတက်ရရှိမှုတွေ ပါဝင်ပါတယ်။ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအရည်

**မိုးသူဇာစိုး**

အသွေး ဖွံ့ဖြိုးတိုးတက်ဖို့တွေကို အခြေခံပညာရေးဥပဒေမှာ တွေ့ရပါတယ်။

ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီး



Dr. Jonathan Caseley

ဌာနတွင်ကျင်းပခဲ့သော အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေ(မူကြမ်း)များဆိုင်ရာ ဆွေးနွေးပွဲကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဘက်စုံလွှမ်းခြုံလွှမ်းနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း ( CESR ) မှ ပညာရေးဆိုင်ရာအကြံပေးပညာရှင်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

*စာမျက်နှာ ၉ မှ*

စတယ်ဆိုတော့လေ။ ကြီးကြီးတို့ကိုလည်း သေသေချာချာအရေးပေးတယ်ဆိုတော့ ကြီးကြီးတို့ အများကြီးဝမ်းသာတာပေါ့လေ။ နိုင်ငံ့အကြီးအကဲကို ကြီးကြီးတို့ကိုယ်တိုင် အလေးပြုရတယ်ဆိုတော့ ရင်ထဲကပီတိကို မပြောပြတတ်ဘူး။ အလွန်ကို ဝမ်းသာပါတယ်။

ဗိုလ်ရှုခံကို ဒီနှစ်ပြန်စတယ်ဆိုတော့ ကြီးကြီးတို့ အလွန်ပီတိဖြစ်တာပဲ။ အခု အဲဒီသဘင်ပွဲကိုကြီးကြီးတို့ကိုယ်တိုင် မဆင်နွှဲနိုင်ပေမယ့် ကြီးကြီးတို့ အဲဒီသဘင်ပွဲကို တက်ပြီး လက်ခုပ်တီးခွင့်ရရင် ပိုပြီးဝမ်းသာပီတိဖြစ်မိပါမယ်။

ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးတွေအတွက် လွတ်လပ်ရေးရအောင် လုပ်ခဲ့တဲ့ ကျေးဇူးက အင်မတန်ကြီးမားပါတယ်။ အဲ့ဒါကြောင့် ဒီပွဲသဘင်ကို အခု ပြန်လုပ်လို့ရှိရင် အရင်မမီလိုက်တဲ့ ကလေးတွေက ဒီဟာကိုကြည့်ပြီးတော့ ဘယ်လောက်စိတ်ဓာတ်တက်ကြွမလဲ။ ကိုယ့်တိုင်းပြည် လွတ်လပ်ရေးကို ပိုပြီးမြတ်နိုးချင်လာမယ်။ ကာကွယ်ထိန်းသိမ်းချင်လာမယ်လို့ ကြီးကြီးမျှော်လင့်ပါတယ်။



တပ်ကြပ်ကြီး ဒေါ်ခင်သန့်
တပ်မတော်-လေ(ငြိမ်း)

**နိုင်ငံတော်အလံနှင့် နိုင်ငံတော်အကြီးအကဲကို ချီတက်အလေးပြုခြင်း တစ်နည်းအားဖြင့် ဗိုလ်ရှုခံအခမ်းအနား ကျင်းပခြင်းသည် မြန်မာ့လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တစ်စိတ်ဝမ်းတစ်လက်ညီဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်ရန် အဓိဋ္ဌာန်ပြုခြင်းပင်ဖြစ်သည်။** ယနေ့ ပြည်သူအားလုံး အထူးသဖြင့် လူငယ်မျိုးဆက်သစ်အားလုံးသည် ယခင်ဗိုလ်ရှုသဘင်အခမ်းအနား ပုံရိပ်လွှာကို တစ်စိတ်တစ်ဒေသ သိမြင်ရခြင်းမှသည် မကြာခင်တွေ့မြင်ရတော့မည့် မြန်မာ့လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားပုံရိပ်လွှာကို ကြည့်ရှုခံစားရင်း မြန်မာ့လွတ်လပ်ရေး အစွန့်ရှည်ကြာတည်တံ့ရေးကို ထိန်းသိမ်းနိုင်မည့် စိတ်ဓာတ်ကောင်းများ မိမိတို့ရင်တွင်း၌ မွေးဖွားလာမည်ဟု မျှော်လင့်မိပါကြောင်း။

**သတင်းနှင့်ဓာတ်ပုံ-ခင်ချိုဝင်း**

## စလင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

**စလင်း ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့တွင်းရှိ မီးသတ်ရေလှောင်ကန်များ၊ ရေစင်များ၊ ပုဂ္ဂလိကရေကန်များအား ရေအပြည့်ဖြည့်တင်းပြီးအဆင်သင့်ဖြစ်နေစေရေးအတွက် မီးသတ်ရေလှောင်ကန်များကို ပြုပြင်ခြင်း၊ ရေအဟောင်းအသစ်လဲလှယ်၍ ဖုံးအုပ်ထားခြင်းတို့ကို တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မီနီမာရသွန်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး စည်းဝေး

၂၀၁၅ ခုနှစ် မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ဆပ်ကော်မတီများလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါမြို့တော် မီနီမာရသွန်ပြိုင်ပွဲတွင် အလွတ်တန်း(အမျိုးသား၊ အမျိုးသမီး)၊ လူသစ်တန်း(အမျိုးသား၊ အမျိုးသမီး)နှစ်မျိုးခွဲခြားထားပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးမြို့ ၇၁ နှင့် ၇၂ လမ်းကြား ကျုံးတောင်ဘက် ၂၆ လမ်း မြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ စုရပ်နေရာမှစတင်တာလွှတ်ပြီး ဗထူးကွင်းအရှေ့ဘက် အားကစားခန်းမအနီးရှိ ဝင်ပေါက်ကွင်းအတွင်းဝင်ရောက်၍ အထူးတန်းပွဲကြည့်စင်ရှေ့၌ ပန်းဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဆုပေးပွဲအခမ်းအနားဖြင့် ထိုက်တန်စွာဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ **တင်မောင်(မန္တလေး)**

ပြည်တွင်းသတင်း

# ရန်ကုန်-ကျိုက်ထို အဲကွန်းအထူးရထား ခရီးစဉ်ဖျက်သိမ်း

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရန်ကုန်-ကျိုက်ထို ခရီးသွားပြည်သူများနှင့် မြန်မာနိုင်ငံ၏ အထင်ကရတစ်ခုဖြစ်သော ကျိုက်ထီးရိုးစေတီမြတ်ကြီးသို့ သွားရောက်ဖူးမြော်လိုသည့် ဘုရားဖူးခရီးသည်များအဆင်ပြေစေရန် ရည်ရွယ် ပြေးဆွဲပေးခဲ့သော ရန်ကုန်- ကျိုက်ထို RBE အဲကွန်းအထူးရထားသည် စီးနင်းလိုက်ပါသည့်ခရီးသည် နည်းပါးမှုကြောင့် ယခုလကုန်ပိုင်းမှစ၍ ပြေးဆွဲပေးမှုကို ရပ်ဆိုင်းဖျက်သိမ်းတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ရန်ကုန်- ကျိုက်ထို RBE အဲကွန်းအထူးရထားကို ပြေးဆွဲပေးတာက နိုင်ငံခြားသားခရီးသည်တွေနဲ့ ပြည်တွင်းကျိုက်ထီးရိုးဘုရားဖူးခရီးသည်တွေကို အဆင်ပြေစေဖို့ ရည်ရွယ်ပြီး ပြေးဆွဲပေးခဲ့တာပါ။ အခုလိုဖျက်သိမ်းလိုက်ရတာကလည်း ဒီခရီးစဉ်မှာ ပြေးဆွဲပေးနေတဲ့ အခု ရန်ကုန်- ကျိုက်ထို RBE အဲကွန်းအထူးရထားကို လိုက်ပါစီးနင်းတဲ့ ခရီးသည်တွေ နည်းပါးမှုကြောင့် ဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးအနေနဲ့ကတော့ ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်ဖြစ်တာကြောင့် အနည်းနဲ့အများ အရှုံးပေါ်မှုကတော့ရှိပါတယ်။ ကမ္ဘာမှာရထားပို့ဆောင်မှုဝန်ဆောင်မှုတစ်ရပ်အနေနဲ့ ရပ်တည်နေတဲ့ ဂျပန်လိုနိုင်ငံမျိုးမှာတောင် အရှုံးခံပြီး ပြေးဆွဲပေးနေရတာပါ။ ဒီခရီးစဉ်ကတော့ စီးနင်းလိုက်ပါတဲ့ ခရီးသည်က ၂၇ ရာခိုင်နှုန်းသာ ရှိတာကြောင့် အခုလို ရပ်ဆိုင်းလိုက်ရခြင်းဖြစ်ပါတယ်" ဟု မြန်မာ့မီးရထား အောက်မြန်မာပြည်မှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ဒီဇင်ဘာ ၂၄ ရက်က မြန်မာ့မီးရထား အောက်မြန်မာပြည်ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မီဒီယာ ရှင်းလင်းပွဲ၌ ပြောကြားသည်။

အဆိုပါ ရန်ကုန်- ကျိုက်ထို RBE အဲကွန်းအထူးရထားကို မြန်မာ့မီးရထားအနေဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၇ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တို့တွင် ပြေးဆွဲပေးခဲ့ပြီး တွဲဆိုင်းငါးတွဲပါရှိကာ ခရီးသည်သုံးရာကျော် စီးနင်းလိုက်ပါနိုင်ကြောင်း သိရသည်။ ယခုနှစ် မိုးရာသီအတွင်း ဘုရားဖူးခရီးသည် သွားလာမှုနည်းပါး၍ ဇူလိုင် ၁၉ ရက်တွင် ခေတ္တရပ်နားခဲ့ရသည်။ အဆိုပါ ရန်ကုန်-ကျိုက်ထို RBE အဲကွန်းအထူးရထားကို ယခုလကုန်ပိုင်းတွင် စတင်ဖျက်သိမ်းကာ ခရီးသည်စီးနင်းလိုက်ပါမှုများသည့် ရန်ကုန်မြို့ပတ်ရထားတွင် လာမည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှစတင်ပြီး အစားထိုး ပြေးဆွဲပေးမည်ဖြစ်သည်။ အစားထိုး ပြေးဆွဲရာတွင်လည်း ရန်ကုန်မြို့၌ ခရီးသည် စီးနင်းလိုက်ပါမှုများသည့်



ခရီးစဉ်ဖျက်သိမ်းလိုက်သည့် ရန်ကုန်- ကျိုက်ထို RBE အဲကွန်းအထူးရထားကို တွေ့ရစဉ်။

(ဇ)အဲကွန်းအထူးရထားလမ်းကြောင်းတွင် အစားထိုးပြေးဆွဲပေးမည်ဖြစ်ပြီး (ဇ) အဲကွန်းအထူးရထားကို မြို့ပတ်ရထား(ခ) တွဲဆိုင်း မြို့ပတ်ရထား နေရာတွင် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစားထိုး ပြေးဆွဲပေးရာတွင်လည်း အချိန်အနည်းငယ်သာ ပြောင်းလဲမှုရှိပြီး (ဇ)အဲကွန်းအထူးရထားကဲ့သို့ လမ်းကြောင်းပြောင်းလဲမှုမရှိသည့်အပြင် လိုက်ပါစီးနင်းမည့် ခရီးသည်နှုန်းမှာလည်း ပြောင်းလဲမှုမရှိဘဲ အဆင့်မြှင့်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ဝါရင့်ဥပဒေပညာရှင်ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုထောက်ပံ့လှူဒါန်းရန်အတွက် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က ပတ်ရှိုင်ရယ်ဟိုတယ် ပတ္တမြား အစည်းအဝေးခန်း(၃)တွင် ကျင်းပရာ ဘဏ္ဍာရေးကော်မတီဝင်များက အလှူငွေသိန်းကျပ် ၇၅၀ ကို ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေထံ ပေးအပ်နေစဉ်။ ခင်မောင်သော်

# ဂျပန်-မြန်မာသံတမန်ထူထောင်ရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂျပန်စကားပြောပြဇာတ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးက ကြီးမှူး၍ ဂျပန်ဘာသာစကားနှင့် သက်ဆိုင်သော ဂျပန်စကားပြောပြိုင်ပွဲ၊ ဂျပန်စာဘာသာပြန်ပြိုင်ပွဲနှင့် ဂျပန်သီချင်းဆိုပြိုင်ပွဲများကို ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုနှစ်တွင် ဂျပန်-မြန်မာသံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တို့ကြီးမှူးပြီး Yangon Japanese Association နှင့် Japanese Chamber of Commerce and Industry, Yangon (JCCY)တို့၏ ပံ့ပိုးမှုဖြင့် ပထမအကြိမ် ဂျပန်စကားပြောပြဇာတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၆နာရီအထိ ရန်ကုန်မြို့တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ခန်းမဆောင်၌ တမူထူးခြားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျပန်စကားပြောပြဇာတ်ပြိုင်ပွဲတွင် Sakura Win၊ Sky Home၊ Hikri Academy၊ Pyay Japanese Language School၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများက အဖွဲ့လိုက်ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အထူးအစီအစဉ်အဖြစ် ဂျပန်နိုင်ငံ တိုကျိုနိုင်ငံခြားဘာသာတက္ကသိုလ်ရှိ မြန်မာစာဘာသာမှ ဂျပန်ကျောင်းသား ကျောင်းသူများက မြန်မာစကားပြောပြဇာတ်ကို ကပြဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆုရရှိသည့်ကျောင်းမှ ပါဝင်ယှဉ်ပြိုင်သူများအနက် ယခင်က ဂျပန်နိုင်ငံ အစိုးရ၏အစီအစဉ်ဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်ဖူးခြင်းမရှိသေးသူ၊ အသက် ၁၂ နှစ်မှ ၃၀ အတွင်းရှိ ကျောင်းသား ကျောင်းသူ ၂၃ ဦးအား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ ၁၇ ရက်အထိ ဂျပန်နိုင်ငံသို့ အလည်အပတ်ဖိတ်ခေါ် ပို့ဆောင်ပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါ ဂျပန်စကားပြောပြဇာတ်ပြိုင်ပွဲသို့ စိတ်ဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ကိုချစ်**

# ဝန်ထမ်းအိမ်ရာများမှ ခိုးယူထားသောဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်ခိုးမှုများဖြစ်ပွားလျက်ရှိရာ နေပြည်တော်ရဲတပ်ဖွဲ့နှင့် ရမည်းသင်းမြို့မရဲစခန်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆိုင်ကယ်ခိုးသူများကို ဆိုင်ကယ် ၁၂ စီးနှင့်အတူ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၆ရက်က ရမည်းသင်းမြို့မရဲစခန်းမှ ပြစ်မှုကျူးလွန်သူ ဉာဏ်လင်းအောင်(ခ) ချစ်ကို(၂၀နှစ်)နှင့် ကျော်ထင်(ခ) ကျော်ခင် (၃၀နှစ်) ထနောင်းကုန်းကျေးရွာ ရမည်းသင်းမြို့နယ်နေသူ နှစ်ဦးတို့အား ရမည်းသင်းမြို့မရဲစခန်း စခန်းမှူးနှင့်အဖွဲ့က ဇမ္ဗူသီရိမြို့နယ်အမှတ်(၅) နယ်မြေရဲစခန်းသို့ လာရောက်လွှဲပြောင်းခဲ့သဖြင့် ၎င်းတို့အားထပ်မံစစ်ဆေးခဲ့ရာ ဝန်ထမ်းအိမ်ရာများမှ ဝန်ထမ်းများပိုင်ဆိုင်သည့် ဆိုင်ကယ် ၁၂ စီးကို ခိုးယူခဲ့ကြောင်းပေါ်ပေါက်သဖြင့် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုပြီး အမှုအမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်၍ သက်ဆိုင်ရာဝန်ထမ်းများသို့ ခိုးရာပါဆိုင်ကယ်များ အမြန်ဆုံးပြန်လည်ထုတ်ပေးနိုင်ရေးအတွက် နေပြည်တော်ကောင်စီမှ ဝန်ကြီးဌာနများသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲကာ မီးလောင်



**တာချီလိတ် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၃ ရက် နံနက် ၅ နာရီက တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် အိမ်အမှတ် (၄/၁၁၃)တွင် လျှပ်စစ်အသုံးပြုပြီး ဘုရားမီးပူဇော်ထားရှိရာမှ လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့်တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးစီးအရာရှိ ဦးအောင်ကျော်နိုင် ဦးဆောင်သည့် သန္နွေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၅ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားပြီး လူနှင့်တိရစ္ဆာန်များ တစ်စုံတစ်ရာထိခိုက်မှု မရှိခဲ့ကြောင်း၊ နေအိမ်မီးလောင်သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါနေအိမ်တွင် နေထိုင်သူ ဒေါ်နန်းနွတ်နွတ်ကို တာချီလိတ်မြို့မရဲစခန်းမှ မီးပေါ့ဆစွာအသုံးပြုမှုဖြင့် အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

လွန်ခဲ့သည့် သုံးရက် ဒီဇင်ဘာ ၂၀ ရက်က တာချီလိတ်မြို့နယ် တာလော့ရပ်ကွက်အတွင်း၌ ဘုရားမီးပူဇော်ထားရှိသည့် လျှပ်စစ်မီးကြိုးမှတစ်ဆင့် ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းသည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ရာ ယခုဖြစ်စဉ်အပါအဝင် ၂၀၁၄ ခုနှစ်အတွင်း တာချီလိတ်မြို့နယ်၌ မီးလောင်ကျွမ်းမှု ခုနစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ယာဉ်မောင်းနှင်သူ အိပ်ငိုက်ရာမှ လမ်းဘေးဓာတ်တိုင်တိုက်ပြီး တိမ်းမှောက်

**ရေတာရှည် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၃ ရက် နံနက် ၅ နာရီခွဲက ရေတာရှည်မြို့တောင်ဘက် အထွက် ရွှေပြည်ကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း၌ ၁၀ ဘီးကုန်တင်ယာဉ်မှာ မောင်းနှင်လာရင်းအိပ်ငိုက်ရာမှ လမ်းဘေးတွင်ရှိ ဓာတ်တိုင်ဝင်တိုက်ကာ လမ်းဘေးထိုးကျ တိမ်းမှောက်သွားခဲ့သည်။

ယာဉ်နောက်လိုက်ဖြစ်သူ ဇော်မင်းထွန်း(၂၉နှစ်) ဟဲဟိုးမြို့နေသူ မောင်းနှင်ပြီး ယာဉ်မောင်း ကိုဇော်မင်း(၄၃နှစ်) ဟဲဟိုးမြို့နေသူ လိုက်ပါလာသည့် ၂ခ/--- ၁၀ ဘီးကုန်တင်ယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာစဉ် ရေတာရှည်မြို့တောင်ဘက်အထွက် ရွှေပြည်ကုန်းကျေးရွာအနီး ကားလမ်းမိုင်တိုင်အမှတ် ၁၉၀/၀နှင့် ၁ အကြားတွင် အိပ်ငိုက်ကာ ကားလမ်းအရှေ့ဘက်ရှိ ဓာတ်တိုင်ကိုဝင်တိုက်ပြီး ရေအိုင်ထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။




ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

# ပွဲစဉ်(၁၉)ကို ဆက်တိုက်ဆင်နွှဲမယ့် ပရီမီယာလိဂ်

မိုးမြင့်လင်းလက်

ခရစ္စမတ်ပွဲကျပ်ကာလကို ဖြတ်သန်းနေကြတဲ့ အင်္ဂလန်ပရီမီယာလိဂ်အသင်းတွေရဲ့ ပွဲစဉ် ၁၉ ကို ဒီဇင်ဘာ ၂၈ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားရဦးမှာ ဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ရမှတ်အပြည့်သိမ်းဆည်းနိုင်ဖို့အတွက် အသင်းကြီးတွေ အပြိုင်ကြိုးကြရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဇင်ဘာ ညချမ်းမှာ ရင်ခုန်သံလွှမ်းအောင် အားပေးကြဖို့ ပြင်ဆင်ကြရပါဦးမယ်။

**စပါးနှင့် မန်ယူ**

မန်ယူကို အခက်အခဲတွေ့စေနိုင်တဲ့ စပါးဟာ အိမ်ကွင်းမှာစနစ်တကျပြင်ဆင်ပြီး ရင်ဆိုင်ပါလိမ့်မယ်။ တိုက်စစ်နဲ့ကွင်းလယ်ပိုင်းတိုးတက်လာတဲ့ စပါးကို မန်ယူတို့အလေးအနက်ထားပြီး ကစားရပါလိမ့်မယ်။ စပါးနဲ့ဆုံတိုင်း ကံမကောင်းတတ်တဲ့ မန်ယူဟာ အတိတ်ကမှတ်တမ်းဆိုးကို ဒီပွဲမှာ ချေဖျက်နိုင်မလားကြည့်ရမှာ ဖြစ်ပါတယ်။ မန်ယူရဲ့ စွမ်းဆောင်မှုကို အသိအမှတ်ပြုရမယ့်ပွဲပါ။

**ဆောက်သမ်တန်နှင့် ချယ်လ်ဆီး**

အသင်းကြီးတွေနဲ့ဆုံတိုင်း ရလဒ်မကောင်းတတ်တဲ့ ဆောက်သမ်တန်ဟာ အခုပွဲအိမ်ကွင်းမှာ ချယ်လ်ဆီးကိုလက်ခံကစားရတော့မှာ ဖြစ်ပါတယ်။ တန်းစီဇယားထိပ်ဆုံးက ချယ်လ်ဆီးတို့ကတော့ မန်စီးတီးရဲ့ဖိအားဒဏ်ကလွတ်အောင် ဒီပွဲမှာ အမှတ်ပြည့်သိမ်းပိုက်ပြီး အိမ်ပြန်နိုင်ဖို့ ကြိုးစားပါလိမ့်မယ်။

**မန်စီးတီးနှင့် ဘန်လေ**

ဘန်လေနဲ့ဆုံတိုင်း မန်စီးတီးတို့အနိုင်ရခဲ့တာများပါတယ်။ ဒါပေမယ့် ဘန်လေခြေစွမ်းက မန်စီးတီးကို သရေပွဲဖြစ်အောင် ကစားနိုင်တာမို့ ဒီပွဲမှာ မန်စီးတီးတို့ သတိထားကစားမှ ရပါလိမ့်မယ်။ မန်စီးတီးတို့က အိမ်ကွင်းမှာ အနိုင်ကစားဖို့ အားထုတ်မှာဖြစ်ပြီး ဘန်လေတို့ အမှတ်ဗလာနဲ့ အိမ်ပြန်ရမှာပါ။

**လီဗာပူးနှင့် ဆွမ်ဆီး**

ပွဲတိုင်းရလဒ်ကောင်းအောင် ကြိုးစားနေတဲ့ လီဗာပူးဟာ အခုပွဲမှာဆွမ်ဆီးကို ဖိအားပေးကစားနိုင်ဖို့အားထုတ်ပါလိမ့်မယ်။ နောက်ဆုံးကစားခဲ့တဲ့ ဒီနှစ်သင်းရလဒ်ကိုကြည့်ရင်တော့ ဆွမ်ဆီးတို့ နိုင်ပွဲမရရှိခဲ့ပါဘူး။ လီဗာပူးအတွက် အမှတ်စုဆောင်းနိုင်မယ့် ပွဲဖြစ်ပါလိမ့်မယ်။

**ဝက်စ်ဟမ်းနှင့် အာဆင်နယ်**

ခြေတက်နေတဲ့ ဝက်စ်ဟမ်းကို အာဆင်နယ်တို့ ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဒဏ်ရာရကစားသမားတွေများနေတဲ့ အာဆင်နယ်တို့ ဝက်စ်ဟမ်းကို ပေါ့ဆဆ ကစားရင်မှားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကို ကြည့်ရင်တော့ ဝက်စ်ဟမ်းတို့ နိုင်ပွဲမရခဲ့ပါဘူး။ ပူပင်စိတ်ဖြစ်ရပေမယ့် အာဆင်နယ်ကိုပဲ အားပေးချင်ပါတယ်။

**စတုတ်နှင့် ဝက်စ်ဘရွန်း**

စတုတ်ရဲ့ကြိုးစားမှုက ဝက်စ်ဘရွန်းကို ပွဲကျပ်ကြုံတွေ့စေနိုင်ပါတယ်။ စတုတ်ရဲ့ ခံစစ်ပိုင်းက ကျစ်လျစ်တဲ့အပြင် ဂိုးသွင်းခြေမှန်လာတဲ့ တိုက်စစ်မှူးတွေကြောင့် မျှော်လင့်ချက်ရှင်သန်နိုင်မယ့်ပွဲပါ။ ဒါပေမယ့်ဝက်စ်ဘရွန်းတို့က ခြေပေါ်ရင် ပြိုင်ဘက်အသင်းတွေ ဟန့်တားရတာခက်ခဲတာမို့ သတိပြုရမှာပါ။ စတုတ်တို့အတွက် အနိမ့်ဆုံးတစ်မှတ်ရမယ့် ပွဲပါ။ ။

## အင်္ဂလန် ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၈) — ဒီဇင်ဘာ ၂၆**

| | | | |
|---|---|---|---|
| ချယ်လ်ဆီး | - | ဝက်စ်ဟမ်း | ည ၇း၁၅ |
| ဘန်လေ | - | လီဗာပူး | ည ၉း၃၀ |
| ပဲလေ့စ် | - | ဆောက်သမ်တန် | ည ၉း၃၀ |
| အဲဗာတန် | - | စတုတ်စီးတီး | ည ၉း၃၀ |
| လက်စတာ | - | စပါး | ည ၉း၃၀ |
| မန်ယူ | - | နယူးကာဆယ် | ည ၉း၃၀ |
| ဆန်းဒါးလန်း | - | ဟားလ်စီးတီး | ည ၉း၃၀ |
| ဆွမ်ဆီး | - | အက်စ်တွန်ဗီလာ | ည ၉း၃၀ |
| ဝက်စ်ဘရွန်း | - | မန်စီးတီး | ည ၉း၃၀ |
| အာဆင်နယ် | - | ကျူပီအာ | ည ၁၂း၀၀ |

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၂၃) — ဒီဇင်ဘာ ၂၆**

| | | | |
|---|---|---|---|
| ချာလ်တန် | - | ကာဒစ်ဖ် | ည ၇း၃၀ |
| ဘရန့်ဖို့ဒ် | - | အစ်ဆွစ် | ည ၇း၃၀ |
| ဘရိုက်တန် | - | ရီးဒင်း | ည ၉း၃၀ |
| ရိုသာဟမ် | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| မစ်ဒယ်ဘရော့ | - | နော်တင်ဟမ် | ည ၉း၃၀ |
| ဘုန်းမောက် | - | ဖူလ်ဟမ် | ည ၉း၃၀ |
| နော့ဝှစ်ချ် | - | မီဝေါလ် | ည ၉း၃၀ |
| လိဒ်ယူနိုက်တက် | - | ဝီဂန် | ည ၉း၃၀ |
| ရှက်ဖီးဝမ်းနက်စ်ဒေး | - | ဘလက်ပူးလ် | ည ၉း၃၀ |
| ဘာမင်ဂမ် | - | ဒါဘီ | ည ၉း၃၀ |
| ဝက်ဖို့ဒ် | - | ဝုလ်ဗာဟမ်တန် | ည ၁၂း၀၀ |

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၂၂)အပြီး ရပ်တည်မှု**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ဘုန်းမောက် | ၂၂ | ၁၂ | ၆ | ၄ | ၄၂ |
| ၂ | အစ်ဆွစ် | ၂၂ | ၁၁ | ၈ | ၃ | ၄၁ |
| ၃ | ဘရန့်ဖို့ဒ် | ၂၂ | ၁၂ | ၄ | ၆ | ၄၀ |
| ၄ | မစ်ဒယ်ဘရော့ | ၂၂ | ၁၁ | ၆ | ၅ | ၃၉ |
| ၅ | ဒါဘီ | ၂၂ | ၁၁ | ၆ | ၅ | ၃၉ |
| ၆ | ဝက်ဖို့ဒ် | ၂၂ | ၁၁ | ၅ | ၆ | ၃၈ |
| ၇ | နော့ဝှစ်ချ် | ၂၂ | ၉ | ၇ | ၆ | ၃၄ |
| ၈ | ဘလက်ဘန်း | ၂၂ | ၉ | ၇ | ၆ | ၃၄ |
| ၉ | နော်တင်ဟမ် | ၂၂ | ၇ | ၁၀ | ၅ | ၃၁ |
| ၁၀ | ဝုလ်ဗာဟမ်တန် | ၂၂ | ၈ | ၇ | ၇ | ၃၁ |
| ၁၁ | ကာဒစ်ဖ် | ၂၂ | ၈ | ၆ | ၈ | ၃၀ |
| ၁၂ | ချာလ်တန် | ၂၂ | ၆ | ၁၂ | ၄ | ၃၀ |
| ၁၃ | ဖူလ်ဟမ် | ၂၂ | ၈ | ၄ | ၁၀ | ၂၈ |
| ၁၄ | ရှက်ဖီးဝမ်းနက်စ်ဒေး | ၂၂ | ၆ | ၁၀ | ၆ | ၂၈ |
| ၁၅ | ဘာမင်ဂမ် | ၂၂ | ၇ | ၇ | ၈ | ၂၈ |
| ၁၆ | ဘော်လ်တန် | ၂၂ | ၇ | ၅ | ၁၀ | ၂၆ |
| ၁၇ | ရီးဒင်း | ၂၂ | ၇ | ၄ | ၁၁ | ၂၅ |
| ၁၈ | လိဒ်ယူနိုက်တက် | ၂၂ | ၆ | ၆ | ၁၀ | ၂၄ |
| ၁၉ | ရိုသာဟမ် | ၂၂ | ၅ | ၉ | ၈ | ၂၄ |
| ၂၀ | ဟက်ဒါဖီးလ် | ၂၂ | ၆ | ၆ | ၁၀ | ၂၄ |
| ၂၁ | မီဝေါလ် | ၂၂ | ၅ | ၈ | ၉ | ၂၃ |
| ၂၂ | ဘရိုက်တန် | ၂၂ | ၃ | ၁၀ | ၉ | ၁၉ |
| ၂၃ | ဝီဂန် | ၂၂ | ၃ | ၈ | ၁၁ | ၁၇ |
| ၂၄ | ဘလက်ပူးလ် | ၂၂ | ၂ | ၇ | ၁၃ | ၁၃ |

## ဝက်စ်ဟမ်းနည်းပြဟောင်းဇိုလာ ကာဂလီယာရီနည်းပြဖြစ်လာ

ချယ်လ်ဆီးတိုက်စစ်မှူးဟောင်းဇိုလာအား အီတလီစီးရီးအေကလပ် ကာဂလီယာရီက နည်းပြခန့်အပ်လိုက်ပြီဖြစ်သည်။ အသက် ၄၈ နှစ်ရှိ အီတလီနိုင်ငံသားဇိုလာအား ဇီးမန်းနေရာတွင် အစားထိုးခန့်အပ်လိုက်ခြင်းဖြစ်သည်။ ဇီးမန်းအား အီတလီစီးရီးအေဇယားအောက်ဆုံး တတိယနေရာရောက် ကာဂလီယာရီက ယခုသီတင်းပတ်အတွင်း အလုပ်မှဖြုတ်ခဲ့သည်။ ဝက်စ်ဟမ်းနည်းပြဟောင်းဇိုလာသည် ကာဂလီယာရီအသင်း၌ ၎င်း၏ဘောလုံးသမားဘဝကို အဆုံးသတ်ခဲ့သူဖြစ်သည်။

၎င်းသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ဝက်ဖို့ဒ်အသင်းမှ ထွက်ခဲ့ပြီးနောက် နည်းပြအလုပ်ကိုလုပ်ကိုင်ခဲ့ခြင်းမရှိပေ။ အီတလီတိုက်စစ်မှူးဟောင်းဇိုလာသည် တနင်္ဂနွေနေ့မှစတင်ကာ အသင်းကို စတင်ကိုင်တွယ်မည်ဖြစ်ကြောင်း ကာဂလီယာရီက ဆိုသည်။ ကာဂလီယာရီအသင်းသည် ဇန်နဝါရီ ၆ ရက်တွင် ပါလာမိုအသင်းနှင့် ကစားရမည်ဖြစ်သည်။ ဇိုလာသည် ချယ်လ်ဆီးအသင်းတွင် ကစားသမားတစ်ဦးအဖြစ် ခုနစ်နှစ်ကြာ ကစားခဲ့သူဖြစ်သည်။

၎င်းသည် နည်းပြဘဝကို ဝက်စ်ဟမ်းတွင် စတင်ခဲ့သည်။ သို့သော်လည်း



ဝက်စ်ဟမ်းအသင်းကို နှစ်နှစ်ပြည့်အောင်ကိုင်တွယ်ခဲ့ခြင်းမရှိဘဲ ၂၀၁၀ ပြည့်နှစ်တွင် နုတ်ထွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ဝက်ဖို့ဒ်အသင်းကိုကိုင်တွယ်ခဲ့သည်။ ကာဂလီယာရီအသင်းသည် ယခုနှစ်ရာသီတွင် ၁၆ ပွဲကစားရာ နှစ်ပွဲသာအနိုင်ရခဲ့သည်။

## ဟက်စကီး ဘော်လ်တန်သို့ရောက်

အင်္ဂလန်တိုက်စစ်မှူးဟောင်း ဟက်စကီးအား ချန်ပီယံရှစ်ကလပ် ဘော်လ်တန်က ကာလတိုစာချုပ်လိုက်သည်။ အသက် ၃၆ နှစ်ရှိ ဟက်စကီးသည် ဘော်လ်တန်အသင်းနှင့် လေ့ကျင့်နေပြီဖြစ်သည်။ ဟက်စကီးသည် အင်္ဂလန်အသင်းတွင် ၆၂ ပွဲ ကစားခဲ့ပြီး ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ဧပြီလက ဩစတြေးလျ Aလိဂ်မှထွက်ခဲ့သည်။ "သူက ကောင်းကောင်းကစားနိုင်သေးတယ်ဗျ"ဟု ဘော်လ်တန်နည်းပြနေးလ်လင်နွှန်က ဆိုသည်။ လက်ရှိ ဘော်လ်တန်အသင်းသည် ချန်ပီယံရှစ်အမှတ်ပေးဇယားတွင် ၁၆ နေရာ၌ ရပ်တည်လျက်ရှိသည်။

**ကောင်းမြတ်သူ-စုစည်းသည်**


**ရွှေရတုမွေးနေ့မင်္ဂလာဖိတ်ကြားလွှာ**

အနန္တောအနန္တငါးပါးဦးထိပ်ထားလျက် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပုဂံရပ်၊ ဈေးတန်းရပ် ရွှေရတနာပရိယတ္တိစာသင်တိုက် ပဓာနနာယက ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရ (သာသနဓဇဓမ္မာစရိယ)၏ သက်တော်(၅၀)ပြည့် ရွှေရတုမွေးနေ့ပူဇော်ပွဲနှင့် ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၇၆ခုနှစ် ပြာသိုလဆန်း ၇ရက်မှ ၁၁ရက်အထိ ငါးရက်တိုင်တိုင် ရွှေရတနာပရိယတ္တိစာသင်တိုက်၊ စိန်ရတနာဓမ္မာရုံတွင်ကျင်းပမည်ဖြစ်ပါ၍ ဆရာတော်၏ ရပ်ဝေး၊ ရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့ ကြွရောက်ကြည်ညိုကြပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**သာသနာစောင့်ရှောက်ရေးဥပဋ္ဌာကအဖွဲ့**
**ပုဂံရပ်-ဈေးတန်းရပ်၊ စစ်ကိုင်းမြို့**
**စစ်ကိုင်းတိုင်းဒေသကြီး**



**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် ၂၀/ကန်အောက်ရပ်၊ ဦးပိုင်အမှတ် ၂၂၆၊ ဧရိယာ ၀ဒသမ၁၀၀ ဧကရှိ ဦးသာထွန်းအောင် အမည်ပေါက် မြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် ၎င်းမြေငှားဂရန်အား မနှင်းမော်လေးအမည်ဖြင့် မြေငှား ဂရန်သစ် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်း။

**မနှင်းမော်လေး**
**ဖုန်း-၀၉-၂၅၄၂၅၅၀၅၀**



**ကန်ထရိုက်တာ ဦးသန့်ဇင် ၁၃/တကန(နိုင်)၁၂၃၂၂၄**
**Golden Palace Construction Co.,Ltd. ထွန်းသီရိကုမ္ပဏီ**
**အထက (၄) အနောက်ဘက်၊ ရေထွက်ဦးလမ်း၊ တောင်ကြီးမြို့နှင့်**
**အများသိစေရန် အသိပေးကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်အုံးတင် NYHE -၀၁၃၀၀၉နှင့် ဦးတင်ညွှန့် ၁၃/တကန(နိုင်)၁၁၁၅၀၉တို့၏ ညွှန်ကြားချက်အရ လူကြီးမင်းအား အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ-

လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေများသည် ကျွန်ုပ်၏ မိတ်ဆွေများပိုင်ဆိုင်သော တောင်ကြီးမြို့၊ မြို့မရပ်၊ အုတ်ဖိုလမ်းနှင့် အနောက်မြို့ပတ်လမ်းထောင့်။ အမှတ် (၂၀၅)တွင် တည်ရှိသော အကွက်အမှတ် (၂၇)၊ အကွက်အမည်(ဟော်ကုန်းရပ်)၊ မြေကွက်အမှတ် (၈၁)၊ ဦးပိုင်အမှတ်(၁၀၆-က)၊ ဧရိယာ ၀ ဒသမ ၀၆၁ ဧကရှိ မြေကွက်တွင် ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ(၂)ရက်စွဲပါမြေပိုင်ရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူလူနေတိုက်ခန်းများ ဆောက်လုပ်ရောင်းချရန် သဘောတူကတိပဋိညာဉ်စာချုပ် ချုပ်ဆိုပြီးနောက် အဆောက်အအုံဟောင်းအားဖျက်သိမ်း၍ RCငါးထပ် အဆောက်အအုံအား အခန်းပေးအခန်းယူစနစ် (အကျိုးတူခွဲဝေရယူပိုင်ဆိုင်မှုစနစ်) ဆောက်လုပ်ရန် သဘောတူညီခဲ့ပါသည်။ ကန်ထရိုက်တာလူကြီးမင်းက မြေရှင်အား အပိုဆောင်းငွေ ကျပ်သိန်း ၅၀၀အနက် ငွေကျပ် ၁၀သိန်းအား စရန်အဖြစ်ပေးချေခဲ့ပြီး မြေရှင်ဒေါ်အုံးတင်ထံမှ အခွန်တံဆိပ်ခေါင်းစာချုပ် အလွတ်ပေါ်တွင် လက်ဗွေနှိပ်လက်မှတ်ရေးထိုးရယူထားကြောင်း သိရှိရပါသည်။

မူလကတိစာချုပ်စာမျက်နှာ (၅)၊ အပိုဒ် (၅)တွင် ကန်ထရိုက်တာလူကြီးမင်းက အဆောက်အအုံအပြီးအစီးဆောက်လုပ်ရန် ခန့်မှန်းကြာချိန် ၁၈လအဖြစ် သတ်မှတ်ထားသော်လည်း ယနေ့တိုင် အဆောက်အအုံအား အပြီးသတ်ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် မြေပိုင်ရှင် ဒေါ်အုံးတင်ထံမှ လူကြီးမင်းက ရယူထားသော မြေရှင်ဒေါ်အုံးတင်၏ လက်ဗွေနှိပ်လက်မှတ်ရေးထိုးရယူထားသော အခွန်တံဆိပ်ခေါင်းအလွတ်စာချုပ်ပေါ်တွင် ဖြည့်စွက်၍ တိုက်ခန်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုထားခြင်း၊ မြေရှင်ပိုင်ဆိုင်သော တိုက်ခန်းအချို့ကိုလည်း ကန်ထရိုက်တာ လူကြီးမင်းပိုင်ဆိုင်သောအခန်းများဖြစ်ကြောင်း ပြောဆိုလျက်တိုက်ခန်းများကို ကြိုတင်ရောင်းခြင်း၊ ပေါင်နှံထားခြင်းများရှိကြောင်း သိရှိရပါသည်။ ကျွန်ုပ်၏မိတ်ဆွေမြေရှင်ဘက်မှ လူကြီးမင်း၏ မမှန်မကန် ဆောင်ရွက်ချက်များကို ဖြေရှင်းပေးရန် အကြိမ်ကြိမ်ဆက်သွယ်သော်လည်း ဆက်သွယ်၍မရခဲ့ပါ။ လူကြီးမင်း၏ ဆောင်ရွက်ချက်များသည် ကျွန်ုပ်၏မိတ်ဆွေမြေရှင်ဘက်၌ များစွာနစ်နာမှုများ ဖြစ်ပေါ်နေပါသည်။

သို့ဖြစ်ပါ၍ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မြေရှင်နှင့် လာရောက်တွေ့ဆုံဖြေရှင်းဆောင်ရွက်ပေးပါရန် အသိပေးကြေညာလိုက်ပါသည်။ပျက်ကွက်ပါက မြေရှင်ဘက်က ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်အုံးတင်နှင့် ဦးတင်ညွှန့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးငွေအောင်(အထက်တန်းရှေ့နေ)**
**B.Sc, H.G.P, C.B.L,**
**DIP WIPO (Switzerland) Diplome in Law**
**မ-၁၅၁ မြောက်ကျောင်းလမ်း၊ မြို့မရပ်**
**တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၀၄၆၁၊ ၀၈၁-၂၁၂၄၀၆၁၊ ၀၉-၄၂၈၃၁၃၀၈၁**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ လူနေရပ်ကွက်(ကံဘဲ့)၊ မြေကွက်အမှတ်(၁၇B/၅)+(၁၆B/၅)လမ်းမြေ၊ ဧရိယာ ၀ဒသမ၂၁၃ဧက+ ၀ဒသမ၀၂၆ ဧက၊ စုစုပေါင်းဧရိယာ ၀ဒသမ၂၃၉ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်အပေါ်တွင် တည်ရှိသော ခြံအမှတ်(၁၇/၅)၊ ကမ္ဘာအေးစေတီလမ်း၊ သီရိမင်္ဂလာရိပ်သာ၊ ၇ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့်အိမ်အပါအဝင်ယင်းတို့နှင့် ဆက်စပ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့မြေစာရင်းတွင်ပူးတွဲ အမည်ပေါက်ပိုင်ဆိုင်ထားသူများဖြစ်သော ၁။ ဒေါ်လှဥမ္မာ၁၂/ရကန(နိုင်)၀၂၇၇၅၀၊ ၂။ ဦးဉာဏ်မိုးသင်း ၁၂/ရကန(နိုင်)၀၂၆၈၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် မြေနှင့်အိမ်တန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဝင်းLL.B,D.B.L အထက်တန်းရှေ့နေ**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ ၂ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**Fax-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**Strength of Material Lab Equipments အတွက်**
**Open Tender ခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများ၏ Civil ဌာနတွင် အသုံးပြုရန်အတွက် Strength of Material Lab Equipments အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ ကြောင်း ကြေညာအပ်ပါသည်။

၂။ Open Tender ပုံစံများကို ၂၆-၁၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀ဝိ-နှုန်းဖြင့်ဝယ်ယူနိုင်ပြီး ၃၁-၁၂-၂၀၁၄ရက်နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**



**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

ကြော်ငြာ


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
WE DEFINE LIFESTYLE
DEVELOPED BY UNITED GP
ကမ္ဘာ့အေးအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ အိုးအွားပိုင်မြေ တစ်ကေပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
More than 84% Sold Out
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၃) ရက်နေ့
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
• DUAL KEY SYSTEM UNIT များ
• LOW E-GLASS SYSTEM
• DUPLEX SYSTEM
• အဆင့်မြင့် SMART HOME SYSTEM နှင့် FINGER PRINT ACCESS SYSTEM
PARTNERS
KBZ BANK
ZONE
SOMERSET SERVICED RESIDENCE
SOILBUILD
1st Prize
2nd Prize
3rd Prize
(၂၅)ထပ်ရှိအိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
GIA(3) ကာရက်ဒိုင်မွန်လက်စွပ်တစ်ကွင်း
CONDOMINIUM LAW
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
ROOM TYPES
SQFT

# အမြန်လမ်းမကြီး ဥပဒေကြမ်း

**အမြန်လမ်းမကြီး ဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၆ ခုနှစ် ၊ လ ရက်**
**(၂၀၁၄ ခုနှစ် ၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အမြန်လမ်းမကြီးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမြန်လမ်းမကြီး** ဆိုသည်မှာ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမြန်လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့် လမ်းမကြီးကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းလမ်းမကြီး၏လမ်းတစ်ဖက်တစ်ချက်ရှိ လမ်းနယ်နိမိတ်နှင့် ယင်းလမ်းမကြီးပေါ်ရှိ တံတားများလည်း ပါဝင်သည်။

(ခ) **တိရစ္ဆာန်** ဆိုသည်မှာ အိမ်မွေးတိရစ္ဆာန်များနှင့် တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။

(ဂ) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အားလုံးသော်လည်းကောင်း၊ အချို့အဝက်သော်လည်းကောင်း အသုံးပြု၍ လမ်းပေါ်တွင်မောင်းနှင်သွားလာသည့် သို့မဟုတ် မောင်းနှင်သွားလာနိုင်သည့် ယာဉ်ကိုဆိုသည်။

(ဃ) **လမ်းကွန်ရက်** ဆိုသည်မှာ အမြန်လမ်းမကြီးများနှင့်လမ်းမကြီးများကို ဆက်သွယ်ချိတ်ဆက်ထားသည့် လမ်းအစုအဝေးကို ဆိုသည်။

(င) **ကူးပြောင်းလမ်း** ဆိုသည်မှာ အမြန်လမ်းမကြီးနှင့် အခြားလမ်းများဆုံသည့်နေရာတွင် ကူးပြောင်းဝင်ထွက် သွားလာနိုင်ရန်အတွက် တည်ဆောက်ထားသော တံတားနှင့်လမ်းအဆောက်အအုံကို ဆိုသည်။

(စ) **လမ်းတာပေါင်** ဆိုသည်မှာ လမ်းတည်ဆောက်ရေးအတွက် နည်းပညာဆိုင်ရာစံချိန်စံညွှန်းနှင့်အညီ မြေဖို့တည်ဆောက်ထားသောတာပေါင်ကိုဆိုသည်။

(ဆ) **လမ်းပခုံး** ဆိုသည်မှာ လမ်းတာပေါင်အကျယ်တွင် ယာဉ်သွားလမ်း၏ တစ်ဖက်တစ်ချက်၌ရှိပြီး၊ မော်တော်ယာဉ် အရေးပေါ်ရပ်နားနိုင်ရန်နှင့် လမ်းသားမပျက်စီးစေရန် ထိန်းသိမ်းထားသောအစိတ်အပိုင်းကိုဆိုသည်။

(ဇ) **လမ်းဆိုင်းဘုတ်** ဆိုသည်မှာ မြို့ရွာအမည်ဆိုင်းဘုတ်၊ လမ်းဆုံ၊ လမ်းခွဲများတွင်အကွာအဝေးသိရှိစေရန် ဖော်ပြထားသည့် ဆိုင်းဘုတ်၊ သွားလာနေသော ယာဉ်များအန္တရာယ်မဖြစ်စေရန် ကြိုတင်သတိပေးသည့် ဆိုင်းဘုတ်နှင့် ယာဉ်များစည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေးအတွက် ကြိုတင်တားမြစ်ချက်များ ဖော်ပြထားသည့် ဆိုင်းဘုတ်များကိုဆိုသည်။

(ဈ) **ယာဉ်ရပ်နားစခန်း** ဆိုသည်မှာ မော်တော်ယာဉ်နှင့်ခရီးသည်များ ခေတ္တရပ်နားရန် သတ်မှတ်ထားသော ရပ်နားစခန်းကိုဆိုသည်။

(ည) **အမြန်လမ်းမကြီးအင်္ဂါရပ်များ** ဆိုသည်မှာ အမြန်လမ်းမကြီးပေါ်တွင် ဖွဲ့စည်းပါဝင်သည့် လမ်းကွန်ရက်၊ ကူးပြောင်းလမ်း၊ လမ်းတာပေါင်၊ ရေထုတ်မြောင်း၊ ယာဉ်သွားလမ်း၊ လမ်းပခုံး၊ လမ်းလယ်ကျွန်း၊ ရေမြောင်း၊ မိုင်တိုင် သို့မဟုတ် ကီလိုမီတာတိုင်၊ လမ်းနယ်တိုင်၊ လမ်းဆိုင်းဘုတ်၊ အီလက်ထရောနစ်ကိရိယာ၊ ယာဉ်ရပ်နားစခန်း၊ ဆက်သွယ်ရေးလမ်း သို့မဟုတ် ကုန်ထုတ်လမ်း၊ အကာအကွယ်၊ အုပ်ချုပ်မှုနှင့် ထိန်းသိမ်းရေးစခန်း တို့ပါဝင်သည့် လမ်းအစုအဖွဲ့ကိုဆိုသည်။

(ဋ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့ကိုဆိုသည်။

(ဌ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဆောက်လုပ်ရေး ဝန်ကြီး ဌာနကိုဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမြန်လမ်းမကြီးများကို တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် မော်တော်ယာဉ်များသွားလာမှုကိုစီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းအသုံးပြုခကောက်ခံခြင်းတို့အား စနစ်တကျဆောင်ရွက်နိုင်ရန်၊

(ခ) အမြန်လမ်းမကြီးအသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လမ်းလုံခြုံမှုနှင့် သက်ဆိုင်သောကိစ္စများအား စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်၊

(ဂ) အမြန်လမ်းမကြီးများကိုအသုံးပြု၍ လူနှင့်ကုန်စည်များ တစ်နေရာမှ တစ်နေရာသို့ အချိန်တိုအတွင်း လုံခြုံချောမွေ့စွာ ပို့ဆောင်နိုင်ခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာကာ နိုင်ငံတော်၏ လူမှု စီးပွားဘဝတိုးတက်ပြီး ပြည်သူများလူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) အမြန်လမ်းမကြီးများကို ဒေသတွင်းနိုင်ငံများ၏ အမြန်လမ်းမကြီးများနှင့် ကွန်ရက်ချိတ်ဆက်ခြင်းဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်စေရန်။

**အခန်း(၃)**
**ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ ဝန်ကြီးဌာနသည် အမြန်လမ်းမကြီးဆိုင်ရာ အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရမည်-

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှုခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) အမြန်လမ်းမကြီးများ ဖောက်လုပ်ရေးနှင့် လမ်းကွန်ရက်ပေါ်ထွန်းလာစေရေးတို့အတွက်နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့်အထူးစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့်ဆက်သွယ်သည့် အမြန်လမ်းမကြီးများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ခြင်း၊

(ဃ) အမြန်လမ်းမကြီးဆိုင်ရာ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) အမြန်လမ်းမကြီးဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းစသည်တို့နှင့်စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအားလမ်းညွှန်ခြင်း၊

(စ) အမြန်လမ်းမကြီး ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့်စည်းမျဉ်းသတ်မှတ်ခြင်း၊ သုတေသနပြုခြင်းစသည့် အမြန်လမ်းမကြီးဆိုင်ရာကိစ္စရပ်များတွင်အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်အမြန်လမ်းမကြီးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၅။ ဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော်ရန် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမြန်လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခြင်း၊

(ခ) အမြန်လမ်းမကြီး၏ နယ်နိမိတ်၊ လမ်းအမည်၊ လမ်းအမှတ်၊ စတင်သည့်နေရာ၊လမ်းဆုံးရောက်ရှိသည့်နေရာ၊ ဖြတ်သန်းသွားသည့်နေရာများ၊ အမြန်လမ်းမကြီးပေါ်သို့ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းခြင်းပြုနိုင်သည့်နေရာများ၊ လမ်းအသုံးပြုခကောက်ခံမည့်နေရာများ၊ ယာဉ်ရပ်နားစခန်းနေရာများနှင့် အခြားလိုအပ်သည်တို့ကို သတ်မှတ်ကြေညာခြင်း၊

(ဂ) အမြန်လမ်းမကြီးများ ဖောက်လုပ်ရန်၊ ထိန်းသိမ်းပြုပြင်ရန်နှင့် တိုးချဲ့ရန် လုပ်ငန်းအစီအစဉ်များချမှတ်ခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးများ ထိန်းသိမ်းပြုပြင်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပဋိညာဉ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(စ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့် အဆောက်အအုံဖယ်ရှားခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဆ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်း ဆောင်ရွက်ရာတွင် အသုံးပြုရန်လိုအပ်သည့် စက်ကိရိယာပစ္စည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြည်ပမှ မှာယူတင်သွင်းခြင်း၊

(ဇ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း ၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာဖလှယ်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အမြန်လမ်းမကြီး ဖောက်လုပ်နိုင်ရေးအတွက် ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုများကို ဆန်းစစ်စေခြင်းနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

*စာမျက်နှာ (၁၆) သို့*

**မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပမည်**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ဘုရားကြီး၊ ဗုဒ္ဓပူဇနီယပွဲတော်ကို ၂၄-၁-၂၀၁၅ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၅ရက်)မှ ၁၇-၄-၂၀၁၅ရက် (၁၃၇၇ခုနှစ် မြန်မာနှစ်ဆန်း ၁ရက်)အထိ ၈၄ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ကာလအတွင်း တင်ဒါလုပ်ငန်းလုပ်ကိုင်ခွင့်များကို ၂၀-၁၂-၂၀၁၄ရက်မှ ၃၀-၁၂-၂၀၁၄ရက်အထိ မင်းဘူးမြို့ ဂေါပကရုံးတွင် ရုံးချိန်အတွင်း သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။

တည်းခိုဆောင်လုပ်ငန်းလုပ်ကိုင်ခွင့်များကို ဒေသတွင်းမှ လုပ်ငန်းလုပ်ကိုင်လိုသူများသည် ၂၀-၁၂-၂၀၁၄ရက်မှ ၃၀-၁၂-၂၀၁၄ရက် ကာလအတွင်း မင်းဘူးမြို့ ဂေါပကအဖွဲ့ရုံးသို့ လာရောက်စုံစမ်း၍ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်။

ဈေးဆိုင်ခန်းရောင်းချရန်အတွက် ၂၀၁၄ခုနှစ် ပွဲတော်ကာလအထိ ဈေးဆိုင်ရောင်းချဖူးသူများသည် ယခင်နှစ် ၂၀၁၄ခုနှစ်၏ အထောက်အထားများပူးတွဲလျက် ၂၀-၁၂-၂၀၁၄ရက်မှ ၂၇-၁၂-၂၀၁၄ရက်အထိ ကာလအတွင်း ဂေါပကအဖွဲ့၏ သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။ ဈေးဆိုင်ခန်းအဖြစ် ခွင့်ပြုပါက ၄င်းနေရာအား တည်းခိုဆောင်အဖြစ် ဆောင်ရွက်ခွင့်/အသုံးပြုခွင့် လုံးဝခွင့်မပြုပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

(ဆိုင်ခန်းအသစ်များ တိုးချဲ့နိုင်ခြင်းမရှိပါသဖြင့် ယခင်က ရောင်းချဖူးခြင်းမရှိသူများ၏ ဆိုင်ခန်းရောင်းချခွင့်လျှောက်လွှာများ လက်ခံခြင်းမပြုနိုင်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။)

အခြားသိရှိလိုပါက မင်းဘူးမြို့ မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ရုံးသို့ လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့**
**မင်းဘူးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၄ယ/၃၅၈၈၀ Honda Click ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးနိုင် ၉/အမဇ(နိုင်)၀၁၀၂၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဂ/၈၀၀၇ Yan Aung YAJ 01 Jeep ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန္ဒာစိုးအေး ၁၂/မဂတ(နိုင်)၀၇၄၂၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**အသိပေးတားမြစ်ခြင်း**

တောင်ကြီးမြို့၊ ကန်အရှေ့ရပ်၊ မဟာသုခလမ်း၊ အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ် ၅၆၊ ဧရိယာ ၀ဒသမ ၁၃၁၊ စတုရန်းပေ ၅၇၀၆ မြေကွက်အား အောက်ဖော်ပြပါ ခြောက်ဦးမသိရှိပဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လျှူဒါန်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးတားမြစ်အပ်ပါသည်။

**ဒေါ်ပင်(န)စီ၊ ဒေါ်မေရီယန်**
**ဦးဟင်နရီ၊ ဦးစိုးသောင်း**
**မဝင်းဝင်းသန်း၊ ဦးအောင်ကျော်စိုး**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ်(၂၂) ခပေါင်းရေကြည်၊ မြေကွက်အမှတ်(၇၃)၊ ဧရိယာ ၀ဒသမ ၁၀၄၈ကေရှိ မြေကွက်အား ဦးချစ်သောင်းအမည်ပေါက် ဂရန်အမှတ်အမှတ်(၁၄၄၈/၁၉၉၁)၊ နှစ် ၃၀ မြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးချစ်သောင်း**
**အမှတ် (မ/၃၂၈)၊ ချယ်ရီလမ်း၊**
**နယ်မြေ (၄)၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၉ယ/၈၇၆၂၇ Zong shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပွားမောင် ၅/ရဘန(နိုင်)၀၄၁၁၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့**

**အမြန်ပြန်လာပါ**

ချောင်းဆုံမြို့နယ်၊ ကမာမိုကျေးရွာနေ ကျွန်တော်ဦးဝင်းလှိုင်၏ ဇနီး ဒေါ်အေးကြည် ၁၀/ခဆန(နိုင်)၀၃၀၃၇၇သည် အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် မိသားစုများ စိတ်ပူနေပါ၍ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ အားလုံးခွင့်လွှတ်သည်။ သွေးဆောင်ဖြားယောင်း လက်ခံထားသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးဝင်းလှိုင် ၁၀/ခဆန(နိုင်)၀၃၀၄၅၄**

**အများသိစေရန်ကြေညာခြင်း**

လားရှိုးမြို့၊ ရပ်ကွက်(၁၂)အတွင်းရှိ ဆုံကွယ်ကျေးရွာအုပ်စု၊ အကွက်အမှတ် [၂/စစ်မှုထမ်း(နောက်)] ဦးပိုင်အမှတ် ၁၂၅၊ ဧရိယာ ၀ဒသမ ၀၉၆ဧကေ၊ မြေဂရန်အမှတ်အမှတ် ၂၂၁ဒသမ ၅၊ ၂၀၀၆-၂၀၀၇၊ မြေဂရန်အမည်ပေါက် ဗိုလ်ကြီးတင်မောင်မြင့်(ငြိမ်း) ကြည်း-၂၅၂၃၆ ၏ မြေဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဗိုလ်ကြီးတင်မောင်မြင့်(ငြိမ်း)**

## ဥပဒေကြော်ငြာ

*စာမျက်နှာ (၁၅) မှ*

(ည) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) အမြန်လမ်းမကြီးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအဆင့်တွင် သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည်-

(က) ပြည့်စုံကောင်းမွန်သောလမ်းကွန်ရက်ဖြစ်ပေါ်စေရေး၊ အမြန်လမ်းမကြီး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးကိစ္စ၊ အစိုးရဌာန အဖွဲ့အစည်း၊ ပုဂ္ဂလိကများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းလုံခြုံရေးကိစ္စများ စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏လက်အောက်တွင် ဖွဲ့စည်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတစ်ဦး ဥက္ကဋ္ဌအဖြစ်ပါဝင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်သူ့ဆောက်လုပ်ရေးမှ တာဝန်ရှိအရာထမ်းများ၊ ပြည်ထောင်စုအဆင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြင်ပ ပညာရှင်များတို့ဖြင့် ဖွဲ့စည်းရမည်။

(ဂ) အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီ၏လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးနိုင်သည်။

### အခန်း (၄)
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အမြန်လမ်းမကြီးဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ နှစ်တို၊ နှစ်ရှည်စီမံချက်များ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) အမြန်လမ်းမကြီးဆိုင်ရာစီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးရေရှည်တည်တံ့ရေးအတွက်ထိန်းသိမ်းပြုပြင်ခြင်း၊

(င) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း သတ်မှတ်သည့်အပင်များစိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသော အပင်များကို ရှင်းလင်းခြင်း၊

(စ) အမြန်လမ်းမကြီး၏ အင်္ဂါရပ်များ၊ အမြန်လမ်းမကြီးလမ်းအသုံးပြုခနှုန်းထားများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ကြေညာခြင်း၊

(ဆ) အမြန်လမ်းမကြီး၏ လမ်းအကျယ်၊ လမ်းပခုံးအကျယ်၊ လမ်းနယ်အကျယ်ကိုသတ်မှတ်ကြေညာခြင်း၊

(ဇ) အမြန်လမ်းမကြီးကို တိုးချဲ့ရာတွင်လည်းကောင်း၊ ထိန်းသိမ်းပြုပြင်ရာတွင်လည်းကောင်း၊ လမ်းမကြီးပေါ်၌ ဖြတ်သန်းသွားလာမှုကို ယာယီအစီအစဉ်အရ ပိတ်ခြင်း၊ အချိန်ကာလ သတ်မှတ်၍ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားစဉ်တွင်သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဈ) အမြန်လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြုခြင်း၊

(ည) အမြန်လမ်းမကြီးများပျက်စီးခြင်းမှ ကာကွယ်ရန်လိုအပ်သည့် တားမြစ်ချက်များထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဋ) အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် ယာဉ်များကို သတ်မှတ်ကြေညာခြင်း၊

(ဌ) အမြန်လမ်းမကြီးများပေါ်တွင် မော်တော်ယာဉ်များ မောင်းနှင်ရမည့် အမြန်နှုန်းများကို သတ်မှတ်ကြေညာခြင်း၊

(ဍ) အမြန်လမ်းမကြီးတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရန် ဝန်ကြီးဌာနမှတစ်ဆင့်ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) အမြန်လမ်းမကြီး၌ မော်တော်ယာဉ် မောင်းနှင်ရာတွင် ယာဉ်မောင်းမကျွမ်းကျင်မှုကြောင့် မတော်တဆထိခိုက်မှုများ ဖြစ်ပေါ်ခြင်းကို လျော့နည်းစေရန် အမြန်လမ်းမကြီး၌ မော်တော်ယာဉ်မောင်းနှင်သူတစ်ဦးတွင်ရှိရမည့် အနည်းဆုံးယာဉ်မောင်းသက်တမ်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ခြင်း။

### အခန်း(၅)
### စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ

၈။ မော်တော်ယာဉ်များသည် အမြန်လမ်းမကြီးများ၌ မောင်းနှင်သွားလာရာတွင်အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) အမြန်လမ်းမကြီးများပေါ်သို့ ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်သွားလာခြင်းကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ခြင်း၊

(ခ) အမြန်လမ်းမကြီးများကို ကားလမ်း၊ ရထားလမ်း၊ လှည်းလမ်း၊ လူသွားလမ်းစသည့် အခြားလမ်းကြောင်းတို့မှ ပြင်ညီဖြတ်ကျော်ဖြတ်သန်းခြင်းမပြုဘဲ အမြန်လမ်းမကြီး၏ အောက်ဘက် သို့မဟုတ် အပေါ်ဘက်မှသာ ဖြတ်သန်းခြင်း၊

(ဂ) အမြန်လမ်းမကြီးသို့ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခြင်းပြုနိုင်ရန် သတ်မှတ်ထားသည့်နေရာများတွင် လမ်းမကြီးနှင့် ဆက်သွယ်တည်ဆောက်ထားသည့် ကူးပြောင်းလမ်းများမှ တစ်ဆင့်သာ ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခွင့်ပြုခြင်း၊

(ဃ) အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်ချက်များနှင့်ကိုက်ညီသော မော်တော်ယာဉ်များသာ မောင်းနှင်ခြင်း၊

(င) ဝန်ကြီးဌာန၊ အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အခါအားလျော်စွာ သတ်မှတ်သည့် အမြန်လမ်းမကြီးနှင့် သက်ဆိုင်သော စည်းကမ်းချက်များကို လိုက်နာခြင်း။

၉။ အမြန်လမ်းမကြီးပေါ်တွင် လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသော မော်တော်ယာဉ်များမှအပ အခြားမောင်းနှင်သည့် မော်တော်ယာဉ်များသည်-

(က) အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီ သို့မဟုတ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သတ်မှတ်သည့်အများဆုံး သို့မဟုတ် အနည်းဆုံးအမြန်နှုန်းအတွင်းသာ မောင်းနှင်ရမည်၊

(ခ) လိုအပ်သည့်နေရာများ၊ လမ်းအကွေ့နေရာများတွင် သတိပေးညွှန်ပြထားသည့် သတ်မှတ်အမြန်နှုန်းတွင်းသာ မောင်းနှင်ရမည်၊

(ဂ) မိုးသည်းထန်စွာ ရွာသွန်းသည့်အခါ သို့မဟုတ် ဆီးနှင်းမြူများကျ၍ မြင်ကွင်းမကောင်းသည့်အခါများတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် အမြန်နှုန်းထက် ပိုမမောင်းရ။

### အခန်း (၆)
### ယာဉ်ရပ်နားစခန်းများ

၁၀။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည်ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့်အမြန်လမ်းမကြီးနယ်နိမိတ် အတွင်းတွင်-

(က) ယာဉ်ရပ်နားစခန်းကို တည်ဆောက်ခြင်း၊ တည်ဆောက်စေခြင်းပြုနိုင်သည်၊

(ခ) ယာဉ်ရပ်နားစခန်းများတွင် ရုံး၊ မော်တော်ယာဉ်ပြင်အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင်၊ ဈေးဆိုင်၊နားနေခန်းနှင့် ယာဉ်ရပ်နားစခန်းအတွက် လိုအပ်သည်ဟုယူဆသော အဆောက်အအုံများကို တည်ဆောက်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်း၊ ယင်းတို့ကို စီမံခန့်ခွဲခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်းပြုနိုင်သည်၊

(ဂ) မိမိ၏ဝန်ထမ်းများနေထိုင်ရန် အိမ်များ၊ အဆောက်အအုံများ ဆောက်လုပ်နိုင်သည်။

၁၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမြန်လမ်းမကြီး နယ်နိမိတ်ပြင်ပတွင် ယာဉ်ရပ်နားစခန်း အဆောက်အအုံများအပါအဝင် အမြန်လမ်းမကြီးနှင့်သက်ဆိုင်သည့် အဆောက်အအုံများဆောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ အခွန်အခစည်းကြပ်ကောက်ခံခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

### အခန်း (၇)
### ကင်းလွတ်ခွင့်များ

၁၂။ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်နှင့်အရေးပေါ်ကိစ္စရပ်များအတွက် အသုံးပြုသည့် ယာဉ်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သီးခြားသတ်မှတ်သည့်အန္တရာယ်မဖြစ်နိုင်သည့် အမြန်နှုန်းအတွင်း မောင်းနှင်ခွင့်ရှိသည်။

၁၃။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် မော်တော်ယာဉ်၊ လှည်းနှင့် ဖြတ်သန်းသွားလာခွင့် မပြုသည့် လူ၊ တိရစ္ဆာန်များမောင်းနှင်ခြင်း၊ ဖြတ်သန်းသွားလာခြင်း သို့မဟုတ် ရပ်နားခြင်းကြောင့် လူနှင့်ပစ္စည်းထိခိုက်မှု သို့မဟုတ် သေဆုံးမှုဖြစ်ပေါ်ပါက စည်းကမ်းလိုက်နာပြီးမောင်းနှင်သည့် မော်တော်ယာဉ်၏ ယာဉ်မောင်းတွင် တာဝန်မရှိစေရ။

### အခန်း(၈)
### တားမြစ်ချက်များ

၁၄။ အမြန်လမ်းမကြီးပေါ်တွင် လမ်းလုပ်ငန်းဆောင်ရွက်သည့်လုပ်သားများ၊ တာဝန်ယူကြီးကြပ်သူများ၊ မောင်းနှင်ခွင့်ပြုထားသည့် မော်တော်ယာဉ်များသွားလာခြင်းမှအပ မည်သူမျှခြေကျင်သွားခြင်း၊ စက်ဘီး သို့မဟုတ် မော်တော်ဆိုင်ကယ်စီးနင်းသွားလာခြင်း၊ ထော်လာဂျီကဲ့သို့ အနှေးယာဉ်ဖြင့်သွားလာခြင်း၊ လှည်းနှင့်တိရစ္ဆာန်များအပါအဝင် အခြားတားမြစ်သည့် ယာဉ်များသွားလာခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းခြင်း၊ သွားလာခြင်း၊ နားနေခြင်းမပြုလုပ်ရ။

၁၅။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို တမင်မပြုလုပ်ရ-

(က) အမြန်လမ်းမကြီး၏အင်္ဂါရပ်များကို ပျက်စီးစေခြင်း၊

(ခ) အမြန်လမ်းမကြီး၏အင်္ဂါရပ်များကို ဖယ်ရှားခြင်း သို့မဟုတ် ယာဉ်သွားလာမှုကို အဟန့်အတားဖြစ်စေခြင်း၊

(ဂ) အမြန်လမ်းမကြီး၏နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးကို အသုံးပြုသွားလာနေသော မော်တော်ယာဉ်များနှင့်စီးနင်းလိုက်ပါလာသူများကို အန္တရာယ်ဖြစ်စေခြင်း၊

*စာမျက်နှာ (၁၇) သို့*


**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃ဧယ/၃၉၅၆ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘူးနန် ၁၃/တခလ(နိုင်)၀၆၃၇၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၄၇၅၈၁၊ Honda Wave NF 100 msM/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆန်းပို ၆/လလန(နိုင်)၀၂၄၀၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ကန့်ကွက်ကြော်ငြာစာ ထုတ်ပြန်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု၊ လှိုင်းတက်ကျေးရွာ ကွင်းအမှတ် ၁၈၆၀-လှိုင်းတက်မြို့မကွင်း၊ မြေကွက်အမှတ် ၂၉၁/၆၁၂၊ ဧရိယာ ၀ ဒသမ ၀၅၄ ဧကရှိပြီး အလျား ၆၆ပေ၊ အနံ ၃၆ပေ၊ ၂၃၇၆ စတုရန်းပေပေါင်း ကျယ်ဝန်းသည့် မြေကွက်အား သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု၊ လှိုင်းတက်ကျေးရွာနေ ဦးစိုးဝင်းအောင် (ဘ) ဦးခင်စိုး (သ)၄၂/၂၀၁၄ နှစ် ၉/သစန(နိုင်)၀၀၀၇၆၆က မြေငှားဂရန်သစ်လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး မြေငှားထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ သာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**သာစည်မြို့နယ်၊ သာစည်မြို့**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ**
**လျှောက်ထားကြောင်း**
**အကြောင်းကြားစာ**
**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၂၁**
**ကွယ်လွန်သူ ဒေါ်သန်းသန်းလှ၌ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း။**

ဦးကြီးကို **လျှောက်ထားသူ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်၊ အကွက် ၄၄နေ ဦးကြီးကိုက ကွယ်လွန်သူ ဒေါ်သန်းသန်းလှ၏ ခင်ပွန်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၄င်း ကွယ်လွန်သူ ဒေါ်သန်းသန်းလှမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်း ကွယ်လွန်သူ ဒေါ်သန်းသန်းလှမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၁၃ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဦးကြီးကို၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်လှ)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

**အမည်ပြောင်းလဲခေါ်ပါရန်**

ဦးခင်မောင်စန်း ၉/မနမ(နိုင်)၁၁၀၇၀၅-ဒေါ်အေးအေးမြင့် ၁၂/ရကန(နိုင်)၀၀၄၆၂၂တို့၏သား မောင်စိုးဉာဏ ၁၂/ရကန(နိုင်)၀၆၇၉၁၆ အား မောင်ခန့်တည်ကြည်ဟုလည်းကောင်း၊ သမီး မကြည်ကြည်စန်း ၁၂/ရကန(နိုင်)၀၇၀၈၅၈အား မရွှေဘုံစံဟု ပြင်ဆင်ခေါ်နိုင်ရန် အမည်ပြောင်းပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဆီဆိုင်မြို့နယ်၊ လွတ်တဖြီးကျေးရွာမှ ဦးကုန်းနှင့် ဦးတိကွမ် ၁၃/ဆဆန(နိုင်) ၀၂၂၇၁၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကုန်း(ခ)ဦးတိကွမ်**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၆-၁၂-၂၀၁၄ရက်ထုတ် ဤသတင်းစာကြော်ငြာကဏ္ဍ အချပ်ပိုစာမျက်နှာ(၆)ပါ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာမှ ဒုရဲမှူး ဦးဝင်းရွှေအစား ဒုရဲမှူး ဦးရွှေဝင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ပါကြောင်း**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်၊ အကွက်အမှတ် ၃၈၊ ဦးပိုင်အမှတ် ၂၁၊ မြေဧရိယာ ၀ဒသမ ၁၀၂ဧကမှာ ဒေါ်တင်အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဒေါ်တင်မှာ သားသမီးအရင်းအခြာဆို၍ ဗန်းမော်မြို့၊ ခွန်သာရပ်နေ ဒေါ်ဝင်း (ဘ) ဦးညွှန့်တစ်ဦးတည်းသာရှိပါသည်။ ဒေါ်တင်မှာ ကွယ်လွန်သွားပြီးဖြစ်ပါသည်။ ယင်းမြေကွက်ကို ဒေါ်တင်၏သမီး ဒေါ်ဝင်းထံမှ ဒေါ်ခင်မျိုးနွယ်က ၁၉-၆-၂၀၀၇ရက်တွင် ဝယ်ယူခဲ့ပြီး လက်ထိလက်ရောက်ဝယ်ယူ နေထိုင်ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ဝင်းမှာလည်း ၁၀-၇-၂၀၁၃ရက်က ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် အဆိုပါမြေကွက်ကို ဒေါ်တင်အမည်မှ ဒေါ်ခင်မျိုးနွယ်အမည်သို့ တရားဝင်အမည်ပေါက်ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အမည်လွှဲပြောင်းခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇေယျာမင်း (စဥ်-၄၁၁၂၆)**
LL.B,Dip in Business Law WIPO,D.L.P(Switzerland)
**အထက်တန်းရှေ့နေ**
**ဟန်းတဲရပ်ကွက်၊ ဗန်းမော်မြို့၊ ရှေ့နေကုန်း၊ ဖုန်း-၀၉-၄၀၂၅၆၀၀၆၊ ၃၃၅၀၃၅၈၃**

## ဥပဒေကြမ်းနှင့် ကြော်ငြာ

*စာမျက်နှာ ၁၆ မှ*

၁၆။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပေါ့လျော့စွာ မပြုလုပ်ရ-

(က) အမြန်လမ်းမကြီး၏အင်္ဂါရပ်များကို ပျက်စီးစေခြင်း၊

(ခ) အမြန်လမ်းမကြီး၏အင်္ဂါရပ်များကို ဖယ်ရှားခြင်း သို့မဟုတ် ယာဉ်သွားလာမှုကို အဟန့်အတားဖြစ်စေခြင်း၊

(ဂ) အမြန်လမ်းမကြီး၏နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးကို အသုံးပြုသွားလာနေသော မော်တော်ယာဉ်များနှင့် စီးနင်းလိုက်ပါလာသူများကို အန္တရာယ်ဖြစ်စေခြင်း။

၁၇။ မည်သူမျှ ဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) အမြန်လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊

(ဂ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း၊ မြေတူးယူခြင်း။

၁၈။ မည်သူမျှ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) အမြန်လမ်းမကြီးဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းခွင်ကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) အမြန်လမ်းမကြီးများပေါ်တွင် မောင်းနှင်သွားလာခွင့် မပြုရန် သတ်မှတ်ထားသည့်ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်ကို ခွင့်ပြုချက်မရှိဘဲ မောင်းနှင်ခြင်း၊

(ဂ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း ဝန်ကြီးဌာန၊ အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်သီးနှံ စိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသည်ဟု သတ်မှတ်သော သစ်ပင်နှင့် လမ်းတိုးချဲ့ရာတွင် လမ်းတာပေါင်အတွင်း ရောက်ရှိနေသည့် သစ်ပင်များအား ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ဃ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း။

၁၉။ မည်သူမျှ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) အမြန်လမ်းမကြီး ပျက်စီးခြင်းမှကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) အမြန်လမ်းမကြီး၏ ကန့်သတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) အမြန်လမ်းမကြီးပေါ်ဖြတ်သန်းသွားလာရာတွင် လိုက်နာရမည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

၂၀။ မည်သူမျှ ဤဥပဒေအရထုတ်ပြန်သည့်နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိရ။

### အခန်း(၉)

### ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၁။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၅ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှု တန်ဖိုးကို ပေးလျော်စေရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှု တန်ဖိုးကို ပေးလျော်စေရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၇ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၁၈ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှု တန်ဖိုးကို ပေးလျော်စေရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိငွေဒဏ်ဖြစ်စေ ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် အမြန်လမ်းမကြီးဆိုင်ရာပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှု တန်ဖိုးကို ပေးလျော်စေရမည်။

၂၇။ မည်သူမဆိုပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၈။

(က) မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို သက်ဆိုင်ရာ ပြစ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်၏ တစ်ဝက်အထိ ပြစ်ဒဏ် ချမှတ်ရမည်။

(ခ) မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အားပေးကူညီသည့်ပြစ်မှုအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ် ချမှတ်ရမည်။

### အခန်း (၁၀)

### အထွေထွေ

၂၉။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသည် မိမိဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ အမြန်လမ်းမကြီးကို ဖြတ်သန်း၍ မြေပေါ် မြေအောက်တွင် ပိုက်လိုင်းဆက်သွယ်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်ခြင်း၊ ဆက်သွယ်ရေးလိုင်းများ ဆက်သွယ်ခြင်းနှင့် မြောင်းဖောက်လုပ်ခြင်းများ ပြုလုပ်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၃၀။ အမြန်လမ်းမကြီးကို အသုံးပြုသည့်အတွက် လမ်းအသုံးပြုခကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၃၁။ ဤဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ ပါ ပြစ်မှုများကို ရဲအရေးပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၂။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် ဤဥပဒေပါ ပြစ်မှုများမဖြစ်ပွားရေးအတွက် တားဆီးကာကွယ်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် ပြစ်မှုများဖြစ်ပွားပါက ဥပဒေနှင့်အညီ အရေးယူရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၃၃။ ဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့သည် အမြန်လမ်းမကြီး အုပ်ချုပ်မှုကော်မတီကို တာဝန်ခံရမည်။

၃၄။ ဤဥပဒေပါလုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီဝင်၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ အရာထမ်း၊ အမှုထမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ သို့မဟုတ် ဤဥပဒေအရ အမြန်လမ်းမကြီးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ ခန့်အပ်သည့် သို့မဟုတ် တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအပေါ် တရားမကြောင်းအရသော်လည်းကောင်း ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည်လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အမှတ်(၇) အထည်စက်ရုံ(မြစ်သား)နှင့် အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်)စက်ရုံများအတွက် လိုအပ်သောချည်မျှင်ရှည် ဝါဂွမ်း(၃၀၀၀၀၀)ပိဿာအား ကျပ်ငွေဖြင့် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ကြေညာအပ်ပါသည်။

**တင်ဒါအမှတ်** - ၁/၂၀၁၄-၂၀၁၅

**တင်ဒါဖြန့်မည့်ရက်** - ၂၇-၁၂-၂၀၁၄ ရက်

**တင်ဒါပိတ်ရက်** - ၂၆-၁-၂၀၁၅ ရက်

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါဌာနများတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ အထည်အလိပ်လုပ်ငန်း၊**

**ထုတ်လုပ်ရေးဌာန ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉**

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃၂)အကြီးစားစက်ရုံ(ကြံခင်း)အား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃၂) အကြီးစားစက်ရုံ(ကြံခင်း)အား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအား တင်ဒါဖိတ်ခေါ်ပြီး စိစစ်မှုများအဆင့်ဆင့် ဆောင်ရွက်ခဲ့ပါသည်။

၂။ တင်ပြလာသော ကုမ္ပဏီများအနက် သတ်မှတ်ချက်များနှင့်ကိုက်ညီသော Original Group Co.,Ltd. & YTL Cement Enterprise Sdn Bhd တို့အား တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ကြေညာခဲ့ပါသည်။

၃။ တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆိုရန် အသေးစိတ်ညှိနှိုင်းခဲ့ရာ အပြီးသတ် သဘောတူညီမှုမရခဲ့သဖြင့် Original Group Co.,Ltd. & YTL Cement Enterprise အား တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ခဲ့ခြင်းကိုဖျက်သိမ်းပြီး အမှတ်(၃၂)အကြီးစားစက်ရုံ (ကြံခင်း)အား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တင်ဒါအသစ်ကို ပြန်လည်ခေါ်ယူအပ်ပါသည်။

၄။ ထိုသို့ခေါ်ယူရာတွင် အချိန်သက်သာစေရန် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဘိလပ်မြေစက်ရုံ(၃)ရုံအတွက် တင်ဒါခေါ်ယူခဲ့ရာတွင် ဒုတိယအဆင့်အထိ ယှဉ်ပြိုင်ခဲ့သော ကုမ္ပဏီများအနက် Original Group Co.,Ltd. & YTL Cement Enterprise အား ချန်လှပ်ပြီး အောက်ပါကုမ္ပဏီများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိကြောင်း ကြေညာအပ်ပါသည်-

(က) Asia Cement Public Co.,Ltd.

(ခ) Global Star Co.,Ltd.

(ဂ) Myanmar Jidong Cement Co.,Ltd.

(ဃ) Myanmar Cement & Minerals Production Co.,Ltd.

(င) Myint Investment Group Co.,Ltd.

၅။ အဆိုပြုလွှာများကို ၃၀-၁-၂၀၁၅ ရက် နောက်ဆုံးထား၍ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်သို့ တင်သွင်းရန်ဖြစ်ပါသည်။

## Link mark Ltd.
## ငါးလုပ်ငန်းကျွမ်းကျင်

လုပ်သက်အနည်းဆုံးသုံးနှစ်ရှိပြီးသူ

Account

လစာညှိနှိုင်းနိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊

ဝေပုလ္လအိမ်ရာ

တိုက် ၂၊ အခန်း(၂၂)

**မေးမြန်းဆက်သွယ်ရန်**

**ဖုန်း-၀၉-၇၃၀၈၉၅၆၂**

## အမှားပြင်ဆင်ချက်

လားရှိုးမြို့၊ အကောက်ခွန်ဦးစီးဌာန၏ ၂၀-၁၂-၂၀၁၄ရက်တွင် ပါရှိသော လေလံကြော်ငြာ၏ ရက်စွဲအား ၇-၁-၂၀၁၅ရက်ဟု ပြောင်းလဲပြီး၊ လေလံစည်းကမ်းများ ကြည့်ရှုခွင့်လက်မှတ်များကို ၆-၁-၂၀၁၅ရက်ဟု ပြောင်းလဲဖတ်ရှုပါရန်။

## Open Tender ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သည့် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနား လမ်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၃) ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်

**ကျောက်ရွယ်စုံ** - (၁၆၀၄.၄၀) ကျင်း

**ချောင်းသဲကျောက်** - (၄၇၆၀.၅၀) ကျင်း

(၁) **တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၂၇-၁၂-၂၀၁၄ ရက်

(၂) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁-၁-၂၀၁၅ ရက်၊ ၉း၀၀နာရီ

(၃) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁-၁-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ

(၄) **တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၆၄-၂၃၁၁၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ငြိမ်းချမ်းစိုးကြည် ၁၂/သဃက(နိုင်)၁၇၄၈၃၃ C.D.C (70258) ၏ BST -30715/09 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၇၃၀၁၉၇၁၆၊**

**၀၉-၂၅၄၃၁၀၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၂၀၇၅ အမည်ပေါက် ဦးအေးထွန်း AC-၀၄၉၁၅၀၊ ၁၂/ဥကတ(နိုင်)၀၈၄၈၅၆ မှ မြေချပါမစ်ထုတ်ယူထားခြင်းမရှိပါသဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# သရက်ခရိုင်အတွင်း လမ်း၊ တံတားလုပ်ငန်းများ ကျပ်သန်း ၂၅၀၀ကျော် အသုံးပြုဆောင်ရွက်

**သရက် ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်း ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော လမ်း၊တံတားများ၊ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှ ကျပ်သန်း ၂၅၀၀ ကျော် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်း၊ တံတားလုပ်ငန်းများကို သရက်ခရိုင်အတွင်းရှိ သရက်မြို့နယ် ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် အောင်လံမြို့နယ်တို့တွင် ဆောင်ရွက်နေခြင်းဖြစ်ပြီး တင်ဒါစနစ်ဖြင့် Asia Boom ကုမ္ပဏီ၊ ရွှေဝါလှိုင်ကုမ္ပဏီ ၊ ညာဏ်မြင့်ထက်ကုမ္ပဏီ၊ ကိုးခရိုင်သားကုမ္ပဏီနှင့် MYP ကုမ္ပဏီတို့ကို ဆောင်ရွက်ခွင့်ပြုထားကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် သရက်မြို့နယ်တွင် ခွင့်ပြုငွေကျပ် ၂၉၃ ဒသမ ၁၀၇၃ သန်းဖြင့် လမ်းလုပ်ငန်းနှစ်ခု၊ ရေပြွန်လေးစင်း၊ ကံမမြို့နယ်တွင် ခွင့်ပြုငွေကျပ် ၆၃၄ ဒသမ ၈၅၆၄ သန်းဖြင့် လမ်းလုပ်ငန်းငါးခု၊ ရေပြွန်ရှစ်စင်း၊ မင်းတုန်းမြို့နယ်တွင် ခွင့်ပြုငွေကျပ် ၈၃ ဒသမ ၇၀၃၄ သန်းဖြင့် လမ်းလုပ်ငန်းနှစ်ခု၊ တံတားသုံးစင်း၊ ရေပြွန်ခြောက်စင်း၊ မင်းလှမြို့နယ်တွင်ခွင့်ပြုငွေကျပ် ၂၀၃ ဒသမ ၄၄ သန်းဖြင့် လမ်းလုပ်ငန်းလေးခု၊ တံတားတစ်စင်း၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ခွင့်ပြုငွေကျပ် ၆၃၉ ဒသမ ၃၆၃ သန်းဖြင့် လမ်းလုပ်ငန်းလေးခု၊ တံတားနှစ်စင်း၊ ရေပြွန် ၉၆ စင်း၊ အောင်လံမြို့နယ်တွင် ခွင့်ပြုငွေကျပ် ၆၇၆ ဒသမ ၀၆၇၀ သန်းဖြင့် လမ်းလုပ်ငန်းငါးခု၊ တံတားသုံးစင်းတို့တို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စုစုပေါင်း ခွင့်ပြုငွေကျပ်သန်း ၂၅၃၀ ဒသမ ၅၂၅၉ ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်း ၂၂ ခု၊ တံတားကိုးစင်း၊ ရေပြွန် ၁၁၄ စင်း စသည့်လုပ်ငန်းများကို ၂၀၁၅ ခုနှစ် မတ် ၁၅ ရက် နောက်ဆုံးထားအပ်နှံရမည်ဖြစ်ရာ တင်ဒါအောင်ကုမ္ပဏီများက နေ့ဆိုင်း၊ ညဆိုင်းများခွဲကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးရန် သရက်ခရိုင် မြို့နယ်ခြောက်မြို့နယ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများကလည်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြီးကြပ်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးကလည်း မြို့နယ်အသီးသီးသို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိအချိန်တွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများမှာ ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



# အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ် ချောင်းဦး၌ ရှင်းလင်းဆွေးနွေး

**ချောင်းဦး ဒီဇင်ဘာ ၂၅**

ချောင်းဦးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၏ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ ရက်က ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ချောင်းဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်က အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ကြရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သိရှိလိုသည်များကို မေးမြန်းကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ယုယုဝင်း(iprd)**



# မိုးနည်းဒေသ စိုက်ပျိုးရေအတွက် ရေတွင်းတူးဖော်

**တောင်သာ ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း မြေအောက်ရေတွင်းပေါင်း ၄၉၄တွင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တူးဖော်လျက်ရှိရာ ကွဲဆင်းကျေးရွာတွင် တူးဖော်နေသောရေတွင်းများနှင့် တူးဖော်ပြီးသောရေတွင်းများကို မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချိုလတ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင်တို့က ဒီဇင်ဘာ ၂၃ ရက်က သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် အပူလွန်ကဲပြီး မိုးနည်းရေရှားဒေသဖြစ်သောကြောင့် သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် ဆည်များ၊ မြေသားမိုးရေလှောင်ကန်များ၊ မြေအောက်ရေတွင်းများကို နိုင်ငံတော်အစိုးရက တူးဖော်တည်ဆောက်ပေးလျက်ရှိရာ မြင်းခြံခရိုင်အတွင်း၌လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြေအောက်ရေတွင်းပေါင်း ၇၂၃ တွင်း တူးဖော်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါရေတွင်းများအနက် ၄၉၄ တွင်းကို တောင်သာမြို့နယ်တွင် တူးဖော်သွားမည်ဖြစ်သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# လောင်းလုံးမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ထားဝယ် ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်းရှိ ဟင်းချိုတောရွာတွင် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၂၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဟင်းချိုတောရွာတွင် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းများနှင့်ပတ်သက်၍ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၏ ရန်ပုံငွေဆိုင်ရာမှတ်တမ်းများ ဆောင်ရွက်ထားရှိမှု၊ တစ်ဦးချင်း စုဆောင်းချေးငွေနှင့် ဆပ်ငွေမှတ်တမ်း၊ လစဉ်ငွေစာရင်း ရှင်းတမ်းများ ရေသွင်းထားမှုစသည်တို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စိုးစိုးသီက စစ်ဆေးခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်းသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ စီ တည်ထောင်ပေးခြင်းဖြစ်ပြီး လောင်းလုံမြို့နယ်အတွင်းရှိ ဒေါင်းရှောင်၊ ဖွားဘုတ်ပြင်၊ ပန်းဒလဲ၊ အင်းဝန်း၊ ကထောင်းနီ၊ ပညစ်၊ ဟင်းချိုတော၊ ကျောက်ဝပ်ပြင်၊ အောက်ကျောက်ဝပ်၊ ကျောက်မတ္တပ်ကျေးရွာများတွင် မြစိမ်းရောင်စီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

နွေရာသီအမီ ဓာတ်အားမပြတ်တောက်စေရေး၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် အန္တရာယ်ရှိသောလိုင်းကြိုးများတွင် အစားထိုးလဲလှယ်နိုင်ရန်အတွက် လိုအပ်သောဓာတ်အားလိုင်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(Delivery ၂လအတွင်း ပေးသွင်းနိုင်သူကို ဦးစားပေးမည်ဖြစ်ပါသည်။)

**တင်ဒါပိတ်မည့်ရက်** - ၃၁-၁၂-၂၀၁၄ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**
**ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့**
**အမှတ်(၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊အလုံမြို့နယ်**
**ဖုန်း-၀၁-၂၂၀၈၁၆၊ ၂၂၀၈၅၉**



**အသင့်လည်ပတ်နိုင်သော**
**အထည်ချုပ်စက်ရုံငှားရန်ရှိသည်**
**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၉၅၉၇၈၀၆**
**၀၉-၂၅၉၅၉၇၈၀၇**



**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** -၂၀-၁၂-၂၀၁၄ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၁၉-၁-၂၀၁၅ရက်၊ ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး၊**
**ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၀၆၉**



**ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း**

တောင်ငူမြို့နယ်၊ ကန်ရိုးကျေးရွာနေ ကျွန်တော်၏ဇနီး၊ ဦးကျော်အောင်၏ သမီး မဝင်းသိင်္ဂီ ၉/အမရ(နိုင်)၁၃၆၂၁၁သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုး အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် နေအိမ်မှဆင်းသွားပါသဖြင့်ယနေ့မှစ၍ တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

(နောက်နောင်ငွေနှင့် ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်းကြေညာလိုက်ပါသည်။)

**ခင်ပွန်း-ထက်အောင်ကျော်(ကန်ရိုးကျေးရွာ)၉/ပမန(နိုင်)၂၁၈၁၀၇**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**

**အထွေထွေရောဂါကုဆေးရုံကြီး၊ သန်လျင်မြို့**

၁။ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် လူနာများအားဆေးကုသမှုပေးနိုင်ရန်အတွက် လိုအပ်သောFDAဆေးဝါးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းချသူမှ အထွေထွေရောဂါကုဆေးရုံကြီး၏ဆေးသိုလှောင်ခန်းအရောက်တင်သွင်းပေးပို့ရန်အတွက် လိုင်စင်ရဆေးကုမ္ပဏီများအားအိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁-၂၀၁၅ ရက်(ကြာသပတေးနေ့)

**တင်ဒါပိတ်မည့်ရက်** - ၃၀-၁-၂၀၁၅ ရက်(သောကြာနေ့)

**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါကဆေးရုံအုပ်ကြီးရုံးသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၅၆-၂၁၅၁၁**

**Fax** -၀၅၆-၂၃၃၂၈

**အိတ်ဖွင့်တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့**
**အထွေထွေရောဂါကုဆေးရုံကြီး၊ သန်လျင်မြို့**



**ကန့်ကွက်ရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့် (၁)၊ မြေကွက်အမှတ် ၁၆၇၄ အမည်ပေါက် ဦးဝင်းသိန်းဦး ၁၂/သလန(နိုင်)၀၀၈၀၁၇၊ မြေကွက်အမှတ် ၁၆၇၅ အမည်ပေါက် ဦးသိန်းဝေ ၁၂/ဗတထ(နိုင်)၀၂၅၀၄၂၊ မြေကွက်အမှတ် ၁၆၇၆ အမည်ပေါက် ဒေါ်မြကျင် ၁၂/သလန(နိုင်)၀၁၉၅၀၂၊ မြေကွက်အမှတ် ၁၆၇၇၊ အမည်ပေါက် ဦးသိန်းဝေ ၁၂/သလန(နိုင်) ၀၂၀၁၇၀တို့၏ မြေကွက်များအား ဝယ်ယူပိုင်ဆိုင်သူ ဦးစိန်မြင့် ၁၂/သလန(နိုင်) ၀၇၃၆၇၂က ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ (၂)မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## သတင်းတိုများ

### သဘာဝကာကွယ်ဆေးနှင့် သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်း သင်တန်းဖွင့်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကို အထောက်အကူပြုရေးအတွက် သဘာဝပိုးမွှားရောဂါကာကွယ်ဆေးများ ပြုလုပ်သုံးစွဲခြင်းနှင့် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲခြင်း နည်းပညာသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ကသာမြို့ရှိ ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၂၂ ရက်က ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ ကသာ ခရိုင်အတွင်းရှိကျေးရွာများမှ သင်တန်းသား ၃၅ ဦး တက်ရောက်ကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

### မြိုင်မြို့နယ်တွင် မိုးပွင့်အဆင့်(၇)စီမံချက် ကွင်းဆင်းဆောင်ရွက်

ပခုက္ကူခရိုင် မြိုင်မြို့နယ် ဝယ်တောင်ကျေးရွာအုပ်စုတွင် မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးခင်ဆွေနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ဒေသခံပြည်သူ ၂၅၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(၁၃၅)**

### ကျေးလက်ကွန်ကရစ်လမ်းခင်းမှု ကွင်းဆင်းစစ်ဆေး

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ မြို့မစေတီတောင်ကျေးရွာသွားလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၅၇ ဒသမ ၁ သန်းဖြင့် အကျယ် ၁၂ ပေ၊ ထု ရှစ်လက်မရှိ ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းနေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါလှိုင်က ဒီဇင်ဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ညသူ**

## မိုးကုတ်မြို့တွင်ဆောင်ရွက်မည့် လူမှုအကျိုးပြုလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**မိုးကုတ် ဒီဇင်ဘာ ၂၅**

မိုးကုတ်မြို့နယ်တွင် United Nations Office on Drugs and Crime (UNODC) ကကြီးမှူး၍ HIV/AIDS နှင့် မူးယစ်ဆေးဝါးတို့ဆက်နွယ်သည့် စီမံချက်လုပ်ငန်းမူဝါဒနှင့် ဥပဒေပိုင်းဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို မိုးကုတ်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မိုးကုတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက အမှာစကားပြောကြားပြီး UNODC မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာလီဂွန်ဖရန်က မိတ်ဆက်စကားပြောကြားကာ မိုးကုတ်မြို့နယ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာကျော်မျိုးလှိုင်က HIV/ AIDS ရောဂါနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကြား ဆက်နွယ်မှုများကို ရှင်းလင်းဆွေးနွေးပြီးနောက် မိုးကုတ်မြို့နယ် စီမံချက်တာဝန်ခံကိုယ်စား ကွင်းဆင်းခေါင်းဆောင်က စီမံချက်လုပ်ငန်းမူဝါဒ၊ ဥပဒေဆိုင်ရာများနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးသည်။



ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသူများက လိုအပ်ချက်များကို တစ်ဦးချင်းဝိုင်ဝန်းအကြံပြု ဆွေးနွေးဖြည့်စွက်ကြပြီး ဆွေးနွေးမှုများကို ဌာနေကိုယ်စားလှယ် လီဂွန်ဖရန်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များတက်ရောက်ခဲ့ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

## မြိုင်မြို့နယ်တွင် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသမှုနှင့် ခွဲစိတ်မှုများဆောင်ရွက်

**မြိုင် ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မြိုင်မြို့ပြည်သူ့ဆေးရုံတွင် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၏ ဦးဆောင်လှူဒါန်းမှုနှင့် မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ မြိုင်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ အခမဲ့စမ်းသပ်၊ ခွဲစိတ်၊ ကုသပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မျက်စိဝေဒနာရှင် ၆၂၂ ဦးကို စမ်းသပ်ခြင်းနှင့် ဆေးပေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး မျက်စိခွဲစိတ်ရမည့် ဝေဒနာရှင် ၁၃၈ ဦးကိုလည်း အခမဲ့စမ်းသပ်၊ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ မျက်စိဝေဒနာရှင်များအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က ဒီဇင်ဘာ ၁၇ ရက်က လာရောက်အားပေးစကားပြောကြားခဲ့ပြီး မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာတင်ကိုကို၊ ဒေါက်တာဒေါ်သန်းသန်းဌေးနှင့် အဖွဲ့တို့အား ငွေကျပ်ငါးသိန်းကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်၊ ခွဲစိတ်ကုသပေးခြင်းအောင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်က ဆက်လက်ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးသိန်းထွန်းက အမှာစကားပြောကြားကာ ပခုက္ကူမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ မျက်စိခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာတင်ကိုကိုက မျက်စိခွဲစိတ်ကုသမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက ခွဲစိတ်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များလှူဒါန်းကာ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းဆွေမိသားစုက မျက်စိခွဲစိတ်ဝေဒနာရှင် ၁၃၈ ဦးအတွက် ကုန်ကျငွေကျပ် ၅၅ သိန်းကျော်ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

## ဆောင်းသီးနှံအတွက် ကျပ်သန်းပေါင်း ၁၃၀၀ ကျော် စဉ့်ကူးမြို့နယ်အတွင်း ထုတ်ချေးမည်

**စဉ့်ကူး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် နွေစပါး(မုရင်း)၊ ဆောင်းမြေပဲနှင့် ဆောင်းသီးနှံမျိုးစုံ စိုက်ပျိုးမည့်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းပေါင်း ၁၃၀၀ ကျော်ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ မြို့နယ်ခွဲဘဏ်များမှ တောင်သူများထံသို့ ချေးငွေများထုတ်ပေးရာတွင် စီမံကိန်းဧကထက် ပိုမိုတင်ပြတောင်းခံခြင်း၊ ထုတ်ချေးပေးခြင်းများမဖြစ်ပေါ်စေရန်အတွက် တောင်သူများ၏စိုက်ဧကကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုစိစစ်ရေးအဖွဲ့များက ထောက်ခံတင်ပြပြီးသည့်တိုင်အောင် မြို့နယ်မြေစာရင်းဦးစီးဌာနရှိ စီမံကိန်းဧကနှင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာလျှင် ဘဏ်ချေးငွေကို စည်းမျဉ်းစည်းကမ်းအတိုင်း ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေများကို ဒီဇင်ဘာ ၂၃ ရက်က စတင်ထုတ်ချေးပေးလျက်ရှိပြီး စဉ့်ကူးမြို့နယ် ညောင်ဝန်းကျေးရွာအုပ်စုရှိ အဖွဲ့ ၁၅ ဖွဲ့မှ တောင်သူ ၁၇၀ ၏ စပါးစိုက်ဧက ၃၈၇ ဧကနှင့် မြေပဲစိုက် ဧက ၇၀ အတွက် ချေးငွေကျပ် ၄၀၁ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(၄၃၃)**

## တိရစ္ဆာန်များကာကွယ်ဆေးထိုးခြင်းနှင့်ကုသခြင်း တာချီလိတ်မြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

**တာချီလိတ် ဒီဇင်ဘာ ၂၅**

တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စုရှိ ကျေးရွာများ၌ မွေးမြူထားသော တိရစ္ဆာန်များနှင့် အိမ်မွေးတိရစ္ဆာန်များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်စိုးနှင့် မယ်ဖားလုံဖောင်ဒေးရှင်းတို့ ပါဝင်သောပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ကွင်းဆင်းပြီး အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လွယ်တော်ခမ်းကျေးရွာ အုပ်စုရှိ ကျေးရွာများမှ ကျွဲနှင့် နွား ၅၂ ကောင်၊ ဝက် ၂၅၈ ကောင်၊ ကြက်၊ဘဲအကောင် ၇၀၀၊ ဆိတ် ၃၄ ကောင်နှင့် အိမ်မွေးတိရစ္ဆာန် ခွေးနှင့်ကြောင် ၉၅ ကောင်ကို ကူးစက်ရောဂါ ကာကွယ်ဆေးများ ထိုးပေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ကျေးရွာများ၌ တိရစ္ဆာန်မွေးမြူသူတိုင်း တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ လက်လှမ်းမီနိုင်စေရေး၊ တိရစ္ဆာန်သေဆုံးမှုလျှော့နည်းရေးနှင့် ကျေးလက်ဒေသမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူဖြစ်စေရန်အတွက် အခမဲ့ကွင်းဆင်းကုသမှုဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် အခြားကျေးရွာများသို့လည်း ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း(iprd)**


## (၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃဒါန ဆွမ်းလောင်းလှူပူဇော်ပွဲ နှိုးဆော်လွှာ

အမရပူရမြို့ မင်္ဂလာတိုက်ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ခန္ဓာဝန်ချစျာပနမီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်ရစ်တော်မူခဲ့သော ဆံတော်မျက်လုံးတော် အသွေးတော် အရိုးတော်ဓာတ်တော်များနှင့် သင်္ကန်းတော်များကိုဌာပနာ၍ တည်ထားကိုးကွယ်လျက်ရှိတော်မူသော မင်္ဂလာဓာတုစေတီ ဗုဒ္ဓပူဇနီယပွဲတော်နှင့်သံဃဒါနဆွမ်းလောင်းလှူပူဇော်ပွဲကြီးကို ၁၃၇၆ ခုနှစ် ပြာသိုလပြည့်နေ့ ၄-၁-၂၀၁၅ ရက် နံနက် ၆း၀၀ နာရီတွင် ပင့်သံဃာတော်အရှင်မြတ် (၅၅၀) တို့အား ဆွမ်းခဲဖွယ်တို့ကို စာရေးတံမဲများနှင့်လောင်းလှူမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင်ပါရမီရှင် အပေါင်းတို့အား လာရောက်၍ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်အပ်ပါသည်။

**လှူဒါန်းရန်ဌာန၊ ဓမ္မသုခ ဒေါ်စောဉ ဓမ္မာရုံ မင်္ဂလာတိုက် အမရပူရမြို့**

**ဆရာတော်ဦးပညာသီဟ ၉/အမရ(သ)၀၀၀၅၁၄ ဖုန်း-၀၉-၄၀၂၅၁၂၅၈၉**

**ဆရာတော်ဦးပညာသာမိ ၉/အမရ(သ)၀၀၅၁၂၈ ဖုန်း-၀၉-၄၀၂၅၈၅၁၁၅**

**ငွေလက်ခံဘဏ်-အမရပူရ ကမ္ဘောဇဘဏ်ခွဲ စစ်ကိုင်း မန္တလေး ကားလမ်း အမရပူရမြို့**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဈ/၉၅၄၀ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ကြေညာချက်

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန(ရန်ကုန်စီးပွားရေးတက္ကသိုလ်)အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ **သင်တန်းအမည်** - (က) Diploma in Marketing
(ခ) Diploma in Research Studies

၂။ **သင်တန်းအောင်လက်မှတ်** - (က) Diploma in Marketing (Dip.Marketing)
(ခ) Diploma in Research Studies (Dip.RS)

၃။ **သင်တန်းဝင်ခွင့်အရည်အချင်း** - (က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ခ) သင်တန်းကိုအချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၄။ **သင်တန်းသားရွေးချယ်မှု** - အထက်ပါအချက်အလက်များနှင့် ပြည့်စုံပြီး စီးပွားရေးလုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။

၅။ **သင်တန်းကာလ** - (၁၂)လ

၆။ **လျှောက်လွှာများရောင်းချမည့်ရက်** - ၂၇-၁၂-၂၀၁၄ရက်မှ ၂-၁-၂၀၁၅ရက်အထိ

၇။ **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၁-၁-၂၀၁၅ရက်မှ ၅-၁-၂၀၁၅ရက်အထိ

၈။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** - ၂၀၁၅ခုနှစ် ဇန်နဝါရီ ၈ရက် (ကြာသပတေးနေ့)

၉။ **ဆက်သွယ်ရမည့်လိပ်စာ** - လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)

၁၀။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန(ကမာရွတ်နယ်မြေ) ဖုန်း-၀၁-၅၃၆၄၃၆၊ ကျောင်းသားရေးရာဌာန ဖုန်း-၀၁-၅၈၅၀၇၂၊ လိုင်းခွဲ-၁၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**သင်တန်းကြီးကြပ်ရေးကော်မတီ**


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၇ခ/၆၀၀၆ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

အင်တာဗျူးကဏ္ဍနှင့်ကြော်ငြာ

# မွေးမြူ ဆေးကု တိုင်းပြည်အကျိုးပြုမည့် တိရစ္ဆာန်ဆေးကုဆရာဝန်များစုပေါင်းပညာနှီးနှောမည်

**မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရပ်ဆိုင်ရာနှီးနှောဆွေးနွေးခြင်းအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ "မွေးမြူ ဆေးကု တိုင်းပြည်ပြု"ဟူသည့် ရေဆင်းမွေးမြူရေးနှင့်ကုသရေးတက္ကသိုလ်ကြီး ဆောင်ပုဒ်အတိုင်း တိရစ္ဆာန်ဆေးကု ဆရာဝန်များသည် ပြည်တွင်းရှိ တိရစ္ဆာန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများ၊ တိရစ္ဆာန်မှတစ်ဆင့် လူသားတို့ထံ ကူးစက်လာနိုင်သည့် ရောဂါများတားဆီးရေးတို့ကို ဆောင်ရွက်နေကြပြီး အချင်းချင်း တစ်နှစ်တစ်ခါတွေ့ဆုံကာ ကုသရေးနည်းပညာများနှင့် ကာကွယ်စောင့်ရှောက်ရေးနည်းပညာများ ဖလှယ်ကြခြင်းဖြင့် နိုင်ငံအတွင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပညာပေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်လျက်ရှိကြသည်။ ယင်းတို့အနက် တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ ဆောင်ရွက်ချက်များနှင့် နှစ်ပတ်လည်နှီးနှောဖလှယ်ပွဲအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို သွားရောက်တွေ့ဆုံခဲ့ပါသည်။**

**တွေ့ဆုံမေးမြန်း**
**ခင်လေးမြင့်အောင်**
**ဓာတ်ပုံ – မေဦးမိုး**

**ပါမောက္ခ ဒေါက်တာတင်တင်မြိုင်**
**ဥက္ကဋ္ဌ(မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း)**
**ဒုတိယပါမောက္ခချုပ်(ငြိမ်း) မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်၊ ရေဆင်း**



တိရစ္ဆာန်ဆေးကု ဆရာဝန်အသင်းရဲ့ နှစ်ပတ်လည်အခမ်းအနားတစ်ခုဖြစ်သလို အခမ်းအနားအတွင်းမှာ ဆရာဝန်တွေစုပေါင်းပြီး စာတမ်းဖတ်ပွဲတွေနဲ့ အသိပညာ နှီးနှောဖလှယ်ပွဲတွေကို ကျင်းပသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ အသင်းအနေနဲ့ တိရစ္ဆာန်မွေးမြူရေးနဲ့ ကုသရေး ဆရာဝန်တွေအားလုံးကို တက်ရောက်စေလိုပါတယ်။ မြန်မာနိုင်ငံဟာ ကျေးလက်ဒေသတွေ ပေါများပြီး စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ နိုင်ငံတစ်ခုဖြစ်တာကြောင့် တိရစ္ဆာန်တွေရဲ့ ကျန်းမာရေး၊ မျိုးပွားမှုနဲ့ ကူးစက်ရောဂါကာကွယ်ရေးတွေကို မြို့ပြရော၊ ကျေးလက်က ပြည်သူလူထု တွေအားလုံးကို အသိပညာမျှဝေလိုပါတယ်။

ပြည်သူတစ်ရပ်လုံးရဲ့အကျိုးစီးပွားအတွက် ခွေးရူးရောဂါပပျောက်ရေး၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ ခွာနာ၊ လျှာနာရောဂါကာကွယ်ရေး၊ ကျွဲနွားတွေ မျိုးအောင်နှုန်း၊ ကြက်၊ ငှက်တုပ်ကွေးကာကွယ်ရေး၊ တိရစ္ဆာန်ကနေ လူကိုတစ်ဆင့် ပြန်လည်ကူးစက်နိုင်တဲ့ ရောဂါတွေအကြောင်းကို မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ သမားတော်ကြီး ဒေါက်တာတင်တင်ကြည်အပါအဝင် မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာရန်နိုင်စိုး၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာရဲထွဋ်အောင်တို့နဲ့ အခြားပညာရှင်တွေက ဦးဆောင် စာတမ်းပြုစုတင်ပြသွားမှာဖြစ်ပါတယ်။

တိရစ္ဆာန်ကျန်းမာရေးစာတမ်း ၁၁ စောင်နဲ့ တိရစ္ဆာန်အာဟာရဗေဒစာတမ်း ခြောက်စောင်အပါအဝင် အခြားတိရစ္ဆာန်မွေးမြူရေးနဲ့ ကုသရေးဆိုင်ရာ ဆေးပညာစာတမ်းတွေကို တိရစ္ဆာန်မွေးမြူရေးနဲ့ ကုသရေးဆရာဝန်တွေက ဖတ်ကြားပြီး ဝိုင်းဝန်းအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်လတ်**
**အမှုဆောင်(မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

ကျွန်တော်တို့အသင်းကို ၁၉၇၄ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ လူသားတွေရဲ့ ကျန်းမာရေးကို ဆရာဝန်တွေကစောင့်ရှောက်သလို တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးကိုလည်း တိရစ္ဆာန်ဆေးကုဆရာဝန်တွေ စောင့်ရှောက်ရတာမို့ အသင်းကို ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာ အသင်းကို ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပြီး တိရစ္ဆာန်ဆေးကုဆရာဝန်ညီလာခံတွေနဲ့ တွေ့ဆုံပွဲတွေကို နှစ်စဉ်ကျင်းပလာခဲ့တာ ၁၃ ကြိမ်တိုင်ခဲ့ပါပြီ။ ယခင်နှစ်တွေက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလက်အောက်က ဝန်ထမ်းတွေအများဆုံး ပါဝင်ဖွဲ့စည်းခဲ့ပေမယ့် ယခုနှစ်ကစလို့ အငြိမ်းစား ဦးစီးဌာနဝန်ထမ်းတွေနဲ့ ရေဆင်း တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်က အငြိမ်းစား ဆရာ ဆရာမကြီးတွေ၊ ပြင်ပတိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဆရာဝန်တွေ အများဆုံးပါဝင်တဲ့ အင်န်ဂျီအိုအနေနဲ့ ရပ်တည်လာနိုင်ခဲ့ပါတယ်။



အသင်းဝင်စုစုပေါင်း ၇၆၈ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ သို့သော် တက္ကသိုလ် ကျောင်းဆင်းစုစုပေါင်းက ၄၀၀၀ နီးပါးရှိခဲ့ပြီဆိုတော့ အသင်းဝင် ဆရာဝန် ဦးရေက ၂၅ ရာခိုင်နှုန်းသာ ရှိပါသေးတယ်။ အသင်းသားတွေ တိုးပွားပြီး အသိပညာ၊ အတတ်ပညာတွေ မျှဝေဖလှယ်နိုင်ဖို့အတွက် တစ်နှစ်တစ်ကြိမ် ဆွေးနွေးပွဲညီလာခံကို ကျင်းပခြင်းဖြစ်ပါတယ်။ လက်ရှိမှာ အသင်းအနေနဲ့ ကြက်၊ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေးအစီအစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်း ပြင်ဦးလွင်၊ မတ္တရာ၊ အမရပူရ၊ ပျော်ဘွယ်နှင့် စဉ့်ကိုင်မြို့နယ်တွေမှာ ဆောင်ရွက်နေပြီး ၂၀၁၅ ဖေဖော်ဝါရီမှာ ပုသိမ်ကြီး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံနဲ့ ကျောက်ပန်းတောင်းမြို့နယ်တွေမှာ ပညာပေးအစီအစဉ်တွေ လုပ်ဆောင်သွားမယ်။ ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါနဲ့ ပတ်သက်တဲ့ အသိပညာတွေ မျှဝေနေပြီး အခမဲ့ကာကွယ်ဆေးလိုက်လံထိုးနှံပေးခြင်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ ဆောင်ရွက်နေပါတယ်။

**ဒေါက်တာကိုကိုကြီး**
**ဒုတိယဥက္ကဋ္ဌ (မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း)**



အသင်းရဲ့ စုံညီနှစ်ပတ်လည် အစည်းအဝေးကို မန္တလေးမြို့မှာ ကျင်းပရခြင်းကတော့ မန္တလေးတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်မွေးမြူရေးနဲ့ ကုသရေးလုပ်ငန်းတွေ ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် ဖြစ်ပါတယ်။ ဆရာဝန်တွေအားလုံး ပျော်ရွှင်စွာတွေ့ဆုံကြမယ့် အစီအစဉ်အဖြစ် ဒီဇင်ဘာ ၂၆ ရက်မှာ အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲကို ရွှေမန်းတောင် ဂေါက်ကလပ်မှာ ကျင်းပ မှာဖြစ်ပါတယ်။ အသက် ၇၀ နဲ့အထက် ဘိုးဘွားတိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဆရာ ဝန်ကြီးတွေနဲ့ မွေးမြူရေးနဲ့ဆေးကုသရေးတက္ကသိုလ် အငြိမ်းစား ဆရာဆရာမကြီးတွေကို ပူဇော်ပွဲကျင်းပသွားမှာပါ။ ဘိုးဘွား ၃၈ ဦးအတွက် အလှူငွေနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပေးအပ်လှူဒါန်းသွားပါမယ်။

ဒါ့အပြင် နှစ်ပတ်လည်အစည်းအဝေးအတွင်းမှာ ပြခန်းပေါင်း ၄၄ ခန်း ပါဝင်မှာဖြစ်ပြီး တိရစ္ဆာန်မွေးမြူရေးနဲ့ အစာအာဟာရ၊ ကူးစက်ရောဂါကာကွယ်ရေးပစ္စည်းတွေနဲ့ တိရစ္ဆာန်ကုသရေး ဆေးဝါးများ၊ ကာကွယ်ဆေးများအပါအဝင် တိရစ္ဆာန်အသုံးအဆောင်တွေကို စုစည်းပြသပေးသွားဖို့ရှိပါတယ်။

ဒါ့အပြင် ၂၀၁၄ ခုနှစ်အတွင်းမှာ အသင်းအနေနဲ့ ပြည်ပတိရစ္ဆာန် ကုသရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်နေပါတယ်။ အာရှတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းနဲ့ ပူးပေါင်းပြီး ဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေကို ဆောင်ရွက်ပေးနေပြီး ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေအကြောင်း အသိပညာပေးလုပ်ငန်းတွေကို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာဆုရည်**
**လက်ထောက်ဌာနမှူး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



ကျွန်မကတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီကို ကိုယ်စားပြုပြီး တိရစ္ဆာန်ဆရာဝန်များ နည်းပညာနှီးနှောဖလှယ်ပွဲမှာ စာတမ်းတစ်စောင် တင်သွင်းပါမယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ ခွေးရူးရောဂါကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကြောင်းကို စာတမ်းပြုစုထားပါတယ်။ ခွေးရူးရောဂါက အေအိုင်ဒီအက်စ်ရောဂါလို ရောဂါလက္ခဏာ ပေါ်လာတာနဲ့ အသက်ဆုံးရှုံးကြရပါတယ်။ ကာကွယ်ဆေးထိုးခြင်း တစ်မျိုးကသာ လုံလောက်တဲ့ ကြိုတင်ဆောင်ရွက်မှုဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ နေထိုင်တဲ့ မိဘပြည်သူတွေ ခွေးရူးအန္တရာယ် ကင်းဝေးစေဖို့အတွက် အိမ်မွေးတိရစ္ဆာန်တွေကို ကာကွယ်ဆေး တစ်နှစ်တစ်ကြိမ်ထိုးနှံရပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှာ တိရစ္ဆာန်မွေးမြူခွင့်မှတ်ပုံတင် ဆောင်ရွက်နိုင်ပြီး ခွေးလည်ပတ်တွေကို စည်ပင်က ထုတ်ပေးပါတယ်။ ဒါဆိုရင်စစ်ဆေးပြီး အန္တရာယ်ကင်းစွာ မွေးမြူနိုင်တယ်လို့ သတ်မှတ်ပါတယ်။

လေလွင့်ခွေးတွေကို ရှင်းလင်းခြင်းဆောင်ရွက်မှုကို ဆက်လက်လုပ်ကိုင်နေပြီး ခွေးတွေကို ဖမ်းယူကာ ခွဲစိတ်ကုသခြင်းတွေနဲ့ မျိုးပွားမှုကို ထိန်းချုပ်နိုင်အောင် စီမံချက်တွေကို ခရိုင်အလိုက်တာဝန်ချဆောင်ရွက်နေတာရှိပါတယ်။

ခွေးချစ်သူများအသင်းက မင်္ဂလာဒုံ၊ ဒဂုံဆိပ်ကမ်းနဲ့ ထမလုံမြို့နယ်အတွင်းတွေမှာ လေလွင့်ခွေးတွေကို တစ်သက်တာတာဝန်ယူထိန်းသိမ်းပေးနေတာရှိတော့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်နေတာကို စာတမ်းပြုစုထားပြီး တိရစ္ဆာန်မွေးမြူရေးနဲ့ ကုသရေးဆရာဝန်တွေ ပညာနှီးနှောစာတမ်းဖတ်ပွဲမှာ တင်ပြသွားဖို့ရှိပါတယ်။ ။


## မင်္ဂလာရက်မြတ်ရွှေရတုနှစ်ပတ်လည်ဆုတောင်း

ဖေဖေဦးမြသန်း(ဦးစီးအရာရှိ) (သ/မဦးစီးငြိမ်း)နှင့် မေမေ ဒေါ်ခင်ငွေး (သ/မဦးစီး ငြိမ်း)တို့၏ ၂၆-၁၂-၂၀၁၄ရက်တွင်ကျရောက်သော ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ သာသနာအကျိုး၊ ဘာသာအကျိုးကို ဆထက်ထမ်းပိုး ထမ်းဆောင်ရင်း ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းနေနိုင်ပါစေ-

**ချစ်သောသား/သမီးများ**

| | | |
|---|---|---|
| **သားကြီး** | - | **ဗိုလ်မှူးချုပ်အောင်မျိုးသန်း-ဒေါ်ဥမ္မာဝင်း** |
| **သမီးကြီး** | - | **ဦးအောင်ငွေးမြင့်-ဒေါ်အေးမြတ်မြတ်မိုး** |
| **သမီးငယ်** | - | **ဦးမြင့်သူ-ဒေါ်စိုးမင်းသန်း** |
| **သားလတ်** | - | **ဦးသန်းထွဋ်အောင်-ဒေါ်လှကေခိုင်** |
| **သားထွေး** | - | **ဦးနေလင်းအောင်-ဒေါ်တင်နန္ဒာဝင်း** |
| ၁၁။ | ဦးအောင်သိန်းမြ-ဒေါ်ခင်ငွေးမိသားစု၊ ရေနီ။ | တစ်ခန်း |
| ၁၂။ | ဦးလှမြင့်-ဒေါ်အေးအေးလွင်မိသားစု၊ ကျောက်မြောင်း။ | တစ်ခန်း |
| ၁၃။ | ကိုသက်ထွန်းဦး-မမေဖြိုးမောင်မောင်၊ မြောက်ဒဂုံ။ | တစ်ခန်း |
| ၁၄။ | ဦးထွန်းရှိန်-(ဒေါ်သိန်းမေ)၊ထက်အောင်သာ(ဆားစက်)မင်္ဂလာတောင်ညွန့်။ | တစ်ခန်း |
| ၁၅။ | ဒေါ်စန်းမိသားစု၊ မင်္ဂလာတောင်ညွန့်။ | တစ်ခန်း |
| ၁၆။ | ဒေါ်သီတာလင်း၊ ကူးတို့ဆိပ်လမ်း၊ မင်္ဂလာတောင်ညွန့်။ | တစ်ခန်း |
| ၁၇။ | ကိုထွန်းအေး-မတင်တင်အေး၊ သားမောင်လင်းအောင်၊ တောင်ဥက္ကလာ။ | တစ်ခန်း |
| ၁၈။ | ကိုအေးလွင်-မတင်တင်ဝင်း၊ ကျောက်မြောင်း။ | တစ်ခန်း |
| ၁၉။ | ဒေါ်မလတ်၊ ဒေါ်မြမြယု၊ ဒေါ်ပပပဝင်းညီအစ်မတစ်စု။ | တစ်ခန်း |
| ၂၀။ | ဒေါ်မြရီမိသားစု၊ တောင်ဒဂုံ။ | တစ်ခန်း |
| ၂၁။ | ရဲမှူးသာထွန်း-ဒေါ်ဦးခင်ညွန့်၊ ကျော်ကျော်အောင်-ဆွေဆွေလွင် မိသားစု၊ တောင်ဥက္ကလာပ။ | တစ်ခန်း |
| ၂၂။ | ဦးကျော်ဝင်း-ဒေါ်သိန်းသိန်းစု၊ သုဝဏ္ဏ။ | တစ်ခန်း |
| ၂၃။ | ဒေါ်နုနုရီ၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်း။ | တစ်ခန်း |
| ၂၄။ | ဒေါ်မြင့်စိန်၊ သဃ်္ဃန်းကျွန်း။ | တစ်ခန်း |
| ၂၅။ | ဒေါ်မိုးမိုး၊ ကျောက်မြောင်း။ | တစ်ခန်း |
| ၂၆။ | (ဦးညိုဝင်း)-ဒေါ်ခင်ခင်ငွေးမိသားစု၊ သဃ်္ဃန်းကျွန်း။ | တစ်ခန်း |
| ၂၇။ | ဒေါ်ဝင်းဝင်း စမ်းချောင်း။ | တစ်ခန်း |
| ၂၈။ | ဒေါ်ခင်မြင့်(ခ)ဒေါ်တူး၊ ကိုဖိုးတာ-မမိုးစန္ဒာ၊ မြောက်ဒဂုံ။ | ကျောက် ၁၀ သိန်းဖိုး |
| ၂၉။ | ဦးဝင်းရွှေ-ဒေါ်ညွန့်ညွန့်ခင် မိသားစု၊ တာမွေ | ၁၀ သိန်း |
| ၃၀။ | ဦးထွန်းမောင်-ဒေါ်အေးခင်မိသားစု၊ ဗဟန်း။ | ၅ သိန်း |
| ၃၁။ | (ဦးရွှေလိပ်ပြာ)အားရည်စူး၍ ဒေါ်ထားကြည်မိသားစု၊ ဒဂုံတောင်။ | ၅ သိန်း |
| ၃၂။ | ဦးသန်းလွင်-ဒေါ်လှလှငွေးမိသားစု၊A.B.Bမိသားစု၊ဒဂုံတောင်။ | ဘိလပ်မြေအိတ်၁၀၀ |
| ၃၃။ | ဒေါ်ခင်စန်းဝင်းသားသမီးမြေးတစ်စု၊ မြောက်ဒဂုံ။ | ၁ သိန်း |
| ၃၄။ | ဦးညီညီ-ဒေါ်နိုင်နိုင်ဦး၊ သမီး သွန်းနေခြည်ဦး၊ အရှေ့ဒဂုံ။ | ၁ သိန်း |
| ၃၅။ | ဒေါ်စန္ဒမာလာ၊ အရှေ့ဒဂုံ။ | ၁ သိန်း |
| ၃၆။ | (၇၁)ရပ်ကွက်၊ သန္တိသုခမ္မောရုံ၊ ၂၀၁၄ ဒုလ္လဘသံဃာတော်များ | ၁ သိန်း |
| ၃၇။ | (၇၁)ရပ်ကွက်၊ သန္တိသုခမ္မောရုံအဖွဲ့၊ တောင်ဒဂုံ။ | ၁ သိန်း |
| ၃၈။ | ရွှေငွေဝင်းကျီးဘောင်လုပ်ငန်း၊ မြောက်ဒဂုံ။ | ၁ သိန်း |
| ၃၉။ | ဦးလှထွန်း-ဒေါ်သိန်းရီ(ငွေအိုးဖိနပ်မိသားစု)တောင်ဥက္ကလာ။ | ၁ သိန်း |
| ၄၀။ | ဦးကိုကိုအောင်-ဒေါ်ငွေးငွေးအောင် မိသားစု၊ မြောက်ဒဂုံ။ | ၁ သိန်း |
| ၄၁။ | ဦးညီညီအောင်-ဒေါက်တာလှလှဝင်း၊ သာကေတ။ | ၁ သိန်း |
| ၄၂။ | ဒေါ်ယုစန္ဒီ၊ မပုလဲဝင်း၊ သာသနာဒီပသဲအင်းဂူကျောင်း။ | စတီးဝရန်တာ ၁ ခု |
| ၄၃။ | ဒေါ်တိက္ခဝတီ၊ ဒေါ်အဂ္ဂဉာဏီ၊ ဒေါ်ပါရမီ သာသနာဒီပသဲအင်းဂူကျောင်း | စတီးဝရန်တာ ၁ ခု |

**ဆက်သွယ်လှူဒါန်းရန်-** ဖုန်း-၀၉-၇၃၁၁၆၉၂၅၊ ၀၉-၄၂၁၀၀၈၉၈၈ သို့ စုံစမ်းလှူဒါန်းနိုင်ပါသည်။

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀ မိုင်၊ မာဃလုလင်လမ်းသွယ်၊ အမှတ် ၇၈၁၊ ဧရိယာ ၃၃ပေ×ပေ၄၀ရှိ ရေမီးအစုံ ပျဉ်ထောင်သွပ်မိုး တစ်ထပ်အိမ်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်နော်စီစီ ၁၂/အစန(နိုင်)၀၆၀၂၈၃ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးမင်း (LL.B) ဥပဒေအကျိုးဆောင်**
**အမှတ် ၇၃၄၊ ဗိုလ်တေဇလမ်း၊ ၁၀မိုင်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၀၄၅၀၇၃**


# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း


ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ရွှေတောင်ကုန်းရိပ်သာလမ်းသွယ်၊ အမှတ်(၂၇) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၆-F)၊ မြေကွက်အမှတ် (၁၁၀/၂၇-ဘီ၂)၊ မြေဧရိယာ ၀ ဒသမ ၀၂၈၅ ဧကရှိ ဂရန်ရှိမြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးမြတ် ၁၂/အစန(နိုင်)၁၁၈၈၇၀ ထံမှ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင်ပြုလုပ်သည့် "မြေကွက်သက်သက် အပြီးအပိုင်ဝယ်ယူရန် နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်" အရ ဝယ်ယူထားသူ ဒေါ်ယဉ်မင်းမင်းအောင် ၁၂/ကမရ(နိုင်)၀၀၂၂၈၂ မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးရီ LL.B** | **ဒေါ်လှလှခိုင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ (၄၃၇၃)** | **တရားလွှတ်တော်ရှေ့နေ (၅၄၁၀)** |

**အမှတ်(၉/၁၁)၊ အခန်းအမှတ် (၂၀၁ A)၊ ဒုတိယထပ်၊ ၃၆လမ်း (အောက်ဆုံး)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**







# အမြန်ဆက်သွယ်ရန်

မငုဝါလင်း (ဘ-ဦးကြည်လင်း) မိဘများ စိတ်ပူနေသည်။ အမြန်ဆက်သွယ်ပါ။

**ဖုန်း-၀၉-၄၂၁၀၈၆၉၃၈**



# သွေးသည် အသက်

ကြော်ငြာကဏ္ဍ

## ဆိုင်ခန်းလေလံခေါ်ယူခြင်း

## ရောင်းရန်ရှိသည်

အသုံးပြုနေဆဲ ပလတ်စတစ် PET ဘူးခွံထုတ်စက် (Blowing Machines) ကျူ့ထုတ်စက်၊ အဖုံးထုတ်စက် (Injection Machines- 260 PET, 380 PET) များ ရောင်းရန်ရှိသည်။

**ဆက်သွယ်ရန် ဖုန်း-၀၁-၆၁၈၂၉၀၊ ၆၁၈၂၉၁၊ (Ext:102) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပါရန်။**

All Trainings are Essenential for Your Success
Vehicle Driving & Maintenance Training

# ရောင်နီဦး


AURORA

ယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း

Ph-09-73235126, 09-73248049, 09-43192144, 09-43163080, 09-43170116

Ph-09-43187831, 09-420317778

☎ 095095095 ☎ 01-682844







ကြော်ငြာကဏ္ဍ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်မည့် Secant Pile လုပ်ငန်း (လုပ်ငန်းပမာဏ ၂၀၀၀ မီတာ)အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊အချိန်** - ၂၂-၁၂-၂၀၁၄ ရက်၊ ၀၉း၃၀ နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊အချိန်** - ၃၁-၁၂-၂၀၁၄ ရက်၊ ၁၆း၃၀နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊ အချိန်** - ၉-၁-၂၀၁၅ ရက်၊ ၁၅း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀၀)ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာအနာကြီး ရောဂါကုဆေးရုံကြီးတွင် ကုသမှုခံယူနေသော လူနာများအတွက် ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်**- ၂၉-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၁-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၆၅၀၂၅၈၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာချက်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် (၁၂၆၆၊၁၂၆၇၊၁၂၆၈၊ ၁၂၆၉၊ ၁၂၇၀) မြေကွက်ငါးကွက်၏ မူလအမည်ပေါက် ဒေါ်တင်တင်ယုက မြေကွက်စလစ်(မူရင်း)နှင့်ငွေသွင်းချလန် (မူရင်း)ပျောက်ဆုံးသွားပါ၍ မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၃၀၀ အမည်ပေါက် ဦးစိုးဟန်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးဝင်းစိုး ၁၂/ကတန(နိုင်)၀၈၄၈၆၆ က အရောင်းအဝယ်စာချုပ် (မူရင်း)တင်ပြပြီး မြေကွက်စလစ်(မူရင်း) ပျောက်ဆုံးသွားပါ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/တောင်)၊ မြေကွက်အမှတ် (၉၆၆/က)၊ မြေကွက်တည်နေရာ အမှတ် (၉၆၆/က)၊ ရန်ပြေ ၄လမ်း၊ (၂/တောင်)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးသန်းမောင်) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသန်းမောင် (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ခင်တုတ် ၁၂/သကတ(နိုင်)၀၀၇၅၁၇က သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# စိုက်ပျိုးရေးတက္ကသိုလ်၏ နှစ်(၉၀)ပြည့် နဝရတ်ရတုသဘင် အထိမ်းအမှတ်နှင့် (၁၆)ကြိမ်မြောက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

စိုက်ပျိုးရေးတက္ကသိုလ်၏ နှစ်(၉၀)ပြည့် နဝရတ်ရတုသဘင်အထိမ်းအမှတ်နှင့် (၁၆)ကြိမ်မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စိုက်ပျိုးရေးဘွဲ့ရများနှင့်ဝန်ထမ်းများ စုံညီစွာတက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| စဉ် | နေ့ရက် | အစီအစဉ် | နေရာ | အချိန် |
|---|---|---|---|---|
| ၁။ | ၂၇-၁၂-၂၀၁၄ရက် (စနေနေ့) | နှစ် (၉၀)ပြည့် နဝရတ်ရတု အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း။ | ဘွဲ့နှင်းသဘင်ခန်းမ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | နံနက် ၉း၀၀ နာရီ |
| ၂။ | ၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) | (၁၆)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်း။ | စိန်ရတုမဏ္ဍပ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | နံနက် ၈း၀၀ နာရီ |
| ၃။ | ၂၈-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) | အငြိမ်းစားဆရာကြီး ဆရာမကြီးများအားဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်း။ | အဓိပတိရင်ပြင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | ညနေ ၆း၀၀ နာရီ |

အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် ဒေါက်တာချိုချိုစံ ၁၂/ကမန(နိုင်)၀၃၂၉၁၄၊ KBZ Bank Account-0651-122000-3737 ပျဉ်းမနားမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း**

## မန္တလေး ဒေသကောလိပ် All Regional ဆရာကန်တော့ပွဲ နှင့် မိတ်ဆုံစားပွဲ ဇန်နဝါရီ ၂၀၁၅

ဆရာကန်တော့ပွဲ ၂၀၁၅ ဇန်နဝါရီ ၃ ရက် မနက် ၉ နာရီ မှ ၁၁ နာရီ

မိတ်ဆုံစားပွဲ ၂၀၁၅ ဇန်နဝါရီ ၃ ရက် ညနေ ၅ နာရီ မှ ၉ နာရီ

Golf ၂၀၁၅ ဇန်နဝါရီ (၁) ရက်၊ tee off

Event Sponsor

ညစာစားပွဲ လက်မှတ်များကို ... အခန်း 1B-3 ...

## ပုံပြ ဝတ္ထု



## ဂျပန်နိုင်ငံမှ ဘွဲ့ရဆရာမများဦးဆောင်သော Myanmar Tokyo Japanese Language Center

မြန်မာတိုကျို ဂျပန်ဘာသာစကားသင်တန်း

B.Sc,B.Ed,M.Ed,Dip in International Foreign Language (Japan) Scholarship

Daw May Thu Khin

- N5,N4,N3,N2,N1 (4 Skills) + Kanji + Practice
- Conversation Classes

Basic Conversation Class ဇန်နဝါရီ (၁၈) ရက်နေ့

## နိုင်ချင်လို့လား မုန်းလို့လား စမ်းစမ်းနွဲ့ (သာယာဝတီ)

ဒီမိုကရေစီနိုင်ငံ၏ ပုံရိပ်ကို ဖော်ဆောင်ရာတွင် ... လမ်းမပျောက်စေရန် ရည်သန်လျက်...

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၄၇၇၈ Golden Deer G B S 02 ယာဉ်လက်ဝယ်ရှိသူ မောင်တောမြို့ အောင်ဇေယျရပ်ကွက်နေ ဦးသိန်းမောင် ၁၁/ မတန(နိုင်)၀၁၃၉၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

### ဓနသီရိ ကွန်ဒိုတိုက်ခန်းငှားမည်

မရမ်းကုန်းမြို့နယ်၊ စမိုင်၊ ဓနသီရိကွန်ဒို (Junction 8ဘေး) 1625Ft², 3B, လေးလွှာ၊ 1MB, 1B, 3AC ပါကေးခင်းပစ္စည်းစုံပါသည်။ **(အသင့်နေနိုင်ပါသည်။) (ကျပ်သိန်း ၂၀)**

**ဖုန်း-၀၁-၆၄၅၈၇၃၊ ၀၉-၅၁၉၈၅၄၁၊ ၀၉-၅၁၅၂၇၂၃**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

**ရွှေပြည်ဖော်ဝင် ကုမ္ပဏီ၏ ဧည့်ဝေ ၃၈ – ၃၈၊ (၄၃) ကြိမ်မြောက် မဲဖွင့်ပွဲ**

အမှတ် (Account No.00730200701690301)

(ဝန်ထမ်းအလိုရှိသည်)

**ဈွှေစိမ်းရောင် ကျန်းမာရေးစောင့်ရှောက်မှုစင်တာ**

အုပ်ချုပ်ရေးမှူး (Admin Manager) ကျား/မ (၁)ဦး

- Management နှင့် ဆက်စပ်သော လုပ်ငန်းအတွေ့အကြုံ ရှိသူ

အထွေထွေဝန်ထမ်း ကျား/မ (၂)ဦး

ဖုန်း ၀၁-၂၄၉၆၇၃၊ ဖက်စ် ၀၁-၂၅၅၀၄၄

**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးကျောင်း**

**ဂုဏ်ထူး ဦးအောင်ခိုင် (အငြိမ်းစား)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

**ပညာနန်းတော်**

**အ.ထ.က**

ကိုယ်ပိုင်အထက်တန်းကျောင်း၊ အထူးအဆင့်မြင့်ကျောင်း

မူလတန်း၊ အလယ်တန်း၊ အထက်တန်း

ဖုန်း 01-577605, 09 470 74649

**မောစီထူး** အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

**ဗုဒ္ဓဂယာ ခရီးစဉ်**

14ည 15ရက် ခရီးစဉ် (ဥသြမ်း ဥဿောင်း)

7ည 8ရက် ခရီးစဉ် (ဥသြမ်း)

**ထိုင်းနိုင်ငံ ခရီးစဉ်**

4ည 5ရက် ခရီးစဉ်

5ည 6ရက် ခရီးစဉ်

Ph: 01-377 814, 01-378 465

Ph: 02-64959, 09-4311 5598

Hot Line: 09 320 777 99




ထိုင်းနိုင်ငံ ခရီးစဉ်

- Dream World
- Safari World
- Art the Paradise (3D Picture)
- Emerald Buddha
- Dinner Cruise & many other exotic places

09 25 30 30 30 4 , 09 25 30 30 30 5 , 09 25 30 30 30 6 , 09 25 30 30 30 7

FAME

အရိုးများကြံ့ခိုင်သန်မာဖို့အတွက်

**Osteomax®**

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME

အဆစ်အမျက် အားဖြည့်ဖို့အတွက်

**Arthrotec®**

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

www.myanmarnoblecollege.com.mm

edexcel Approved Centre No. 93711

# MYANMAR NOBLE COLLEGE

ကျောင်းသားသစ်များ လျှောက်လွှာခေါ်ယူခြင်း

- HND Engineering
  - Construction & the Built Environment (Civil Engineering)
  - Electrical & Electronics
  - Mechanical
- HND Business
- HND Computing (IT)

UK နိုင်ငံ Edexcel မှ အသိအမှတ်ပြုထားသည့် Higher National Diploma (HND) တန်းအသစ်အား Myanmar Noble College တွင် (5.1.2015) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်။

အခြေခံပညာ အထက်တန်းအောင်မြင်ထားသူများ GCE 'O' Level, LCCI Level '3' အောင်မြင်ထားသူများ လျှောက်ထားနိုင်ပါသည်။

(HND) Certificate ရပြီးနောက် UK, Singapore, Thai နှင့် Malaysia နိုင်ငံများရှိ တက္ကသိုလ် များသို့ တက်ရောက်၍ BEng, BSc(Hons), BA(Hons) ဘွဲ့များ အားရယူနိုင်ပါသည်။

UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်း၏ Syllabus အတိုင်းသင်ကြား ပို့ချပြီး နိုင်ငံတကာ ပညာရေးနည်းဖြင့် Myanmar Noble College မှ တဆင့် ဝင်ရောက်နိုင်ပါသည်။

ငါးနှစ် နှင့် အထက်ပညာသင်ဆုအစီအစဉ်ကို Myanmar Noble College တွင်အသေးစိတ် စုံစမ်းမေးမြန်းနိုင်ပါသည်။

'ကျောင်းအပ်နှံမှုများကို စတင်လက်ခံလျက်ရှိပါသည်။'

Contact Info : အမှတ်(၁၀၀)နှင့် ဆီးလမ်း (အထက်) အလုံမြို့နယ်၊ ရန်ကုန်။ ၀၁-၂၂၀၄၇၆/၀၉ ၄၃၁၈၃၇၉၈ ။

**တန့်ကွက်ခိုင်ဝါကြော်ငြာ**

L.L.B., D.B.L., D.I.L., Dip.CA., WIPO

L.L.B., D.B.L., D.I.L., D.M.L., WIPO

Hein Htet San Law Firm

**တန့်ကွက်နိုင်ငံကြော်ငြာ**

**တန့်ကွက်နိုင်ငံကြော်ငြာ**

**တန့်ကွက်နိုင်ငံကြော်ငြာကြော်ငြာချက်**

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# အထက(၂)ဗဟန်း(နန်ယန်) နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

အထက(၂)ဗဟန်း(နန်ယန်)၏ဒသမအကြိမ် အာစရိယပူဇော်ပွဲ ဆရာ/ဆရာမကြီးများအား အောက်ဖော်ပြပါအတိုင်း ပူဇော်ကန်တော့ပါမည်။

| စဉ် | အမည် | ဦးရေ | တစ်ဦးချင်း ပူဇော်ငွေ | စုစုပေါင်း ပူဇော်ငွေ | မှတ်ချက် |
|---|---|---|---|---|---|
| ဆရာ/ဆရာမများအတွက် ကန်တော့ငွေ/ဂါရဝပြုငွေ | | | | | |
| ၁ | အသက်(၇၀) အထက် ဆရာ၊ ဆရာမကြီးများ | 44 | 300,000 | 13,200,000 | |
| ၂ | အသက်(၆၀) အထက် ဆရာ၊ ဆရာမကြီးများ | 68 | 200,000 | 13,600,000 | |
| ၃ | လုပ်သက် ၂၀ အထက် | 31 | 100,000 | 3,100,000 | |
| ၄ | လုပ်သက် ၁၀နှစ် အထက် | 41 | 70,000 | 2,870,000 | |
| ၅ | လုပ်သက် ၁၀နှစ် အောက် | 82 | 50,000 | 4,100,000 | |
| ၆ | ဒေါ်အေးမြင့်(ကျောင်းရုံးခန်းစာရေး) | 1 | 100,000 | 100,000 | |
| ၇ | လက်ရှိကျောင်းဝန်ထမ်းများ | | | 300,000 | |
| | ကန်တော့ငွေ | 267 | | 37,270,000 | |
| ၈ | ကံစမ်းမဲ(အသက် ၆၀ အထက် ဆရာ/ဆရာမများ၊ လက်ရှိကျောင်းအုပ်ဆရာကြီးသာ) | | | | |
| | နှစ်(၅၀)အထူးဆု | | | 5,000,000 | |
| | ဧကာဒသမဆု | | | 1,100,000 | |
| | ဒသမဆု | | | 1,000,000 | |
| | နဝမဆု | | | 900,000 | |
| | အဋ္ဌမဆု | | | 800,000 | |
| | သတ္တမဆု | | | 700,000 | |
| | ဆဋ္ဌမဆု | | | 600,000 | |
| | ပဉ္စမဆု | | | 500,000 | |
| | စတုတ္ထဆု | | | 400,000 | |
| | တတိယဆု | | | 300,000 | |
| | ဒုတိယဆု | | | 200,000 | |
| | ပထမဆု | | | 100,000 | |
| | ဗလာမပါမဲ | 101 | 20,000 | 2,020,000 | |
| | ကံစမ်းမဲငွေ | | | 13,620,000 | |
| | စုစုပေါင်း ကုန်ကျငွေ | | | 50,890,000 | |

ကွယ်လွန်လေပြီးသော ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများအား ရည်စူး၍ နံနက် ၅နာရီတွင် သံဃာအပါး ၅၀ အား ကျောင်းအစည်းအဝေးခန်းမ၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေပါမည်။

- ကျောင်းသား ကျောင်းသူဟောင်းများမှ စေတနာဒါနဖြင့် ဧည့်ခံကျွေးမွေးပါမည်။ (၁) မုန့်ဟင်းခါး၊ (၂) Nescafe၊ (၃)Sunkist၊ (၄)Milo၊ (၅) နို့ခေါက်ဆွဲ၊ (၆) ဝက်သားတုတ်ထိုး၊ (၇)ကော်ပြန့်စိမ်း၊ (၈)ကော်ပြန့်ကြော်၊ (၉)ရွှေပုစွန်ကော်ဖီနှင့် မုန့်မျိုးစုံ၊ (၁၀)အသုပ်စုံ၊ (၁၁)ထမင်း (ဆိတ်သား၊ ကြက်သား၊ ငါးဟင်း)၊ (၁၂)ရေသန့်၊ (၁၃)ဆီချက်ခေါက်ဆွဲ၊ (၁၄)ကြာဆံကြော်၊ (၁၅) ကြက်သားလိပ်ပေါင်မုန့်၊ (၁၆)ငါးထမင်းချဉ်၊ (၁၇) ရွှေတောင်ခေါက်ဆွဲ၊ (၁၈)အညာမုန့်ပြားသလပ်၊ (၁၉) ရွှေရင်အေး၊ (၂၀)ကြာဆံချက်၊ (၂၁)ယိုးဒယားရေခဲမုန့်။
- မျိုးဆက်သစ်လူငယ်များမှ ဖျော်ဖြေရေးအစီအစဉ်နှင့် Successတီးဝိုင်းအဖွဲ့ဖြင့် ဧည့်ခံပါမည်။
- သို့ဖြစ်ပါ၍ အထက(၂)ဗဟန်း(နန်ယန်)ကျောင်းတွင် ပညာသင်ကြားခဲ့ဖူးသော ကျောင်းသားကျောင်းသူများ အားလုံး ဆရာ ဆရာမများအား ပူဇော်ကန်တော့နိုင်ရန် ၂၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) တွင် မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ**

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

[illegible]

Certificate in Advanced Social Research Skills
@ WISE College
ISWEP

[illegible] WISE College နှင့် Initiative for Social Work Education and Practice (ISWEP) [illegible] Social Research [illegible] Field Research [illegible] Research Report Development [illegible] (Chairman – ISWEP) [illegible]

1. Field Research
2. Report Writing
3. Quantitative Research at a glance
4. Qualitative & Quantitative Research
5. Quantitative Research Methodologies
6. Research Design
7. Practicum
8. Program Evaluation

[illegible] Social Research [illegible]

WISE College [illegible]

[illegible]

[illegible]

# ဝမ်းနည်းကြေကွဲခြင်း

## ဦးသိန်းဝင်း

## ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ

## အသက်(၇၆)နှစ်

ဦးမိုးကျော်သူ-(မန်နေဂျင်းဒါရိုက်တာ၊ Rain Forest ကုမ္ပဏီလီမိတက်)-သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်မြင့်မြင့်ဝင်း(ဥက္ကဋ္ဌ၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်)တို့၏ဖခင်၊ မောင်ဘုန်းမြင့်သူ(GR:II, I.S.Y)၏ချစ်လှစွာသောအဘိုး ဦးသိန်းဝင်းသည် ၂၁-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မင်းအောင်-ဒေါ်တင်မမ မိသားစု၊ ဦးတင်ဦး-ဒေါက်တာနုနုလင်း မိသားစု၊**
**ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့် မိသားစု၊ ဦးနိုင်လင်း-ဒေါ်ထိုက်ကော့ မိသားစု၊**
**ဦးအောင်ဇေယျာလွင်-ဒေါ်ကလျာပြည့်ဝေသျှန် မိသားစု၊**
**ဦးမောင်မောင်ထွေး-ဒေါ်စန်းစန်းဌေး မိသားစု၊**
**Mr+Mrs Tetsuro Usui Family, William, Christoher,**
**Hennery Yong, Ta Ka Ki, Pyi Pyi,**
**Hennery Liu, Orion Usui**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊
လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်
သာသနာ့ဒါယကာကြီး
ပဥ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ
လှူမှုထူးချွန်(ပထမဆင့်)၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

## ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်

နာယက၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်
ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ
အသက် (၇၆)နှစ်

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sky Net(Myanmar International) ဝန်ထမ်းများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ရေကန်
သာသနာ့ဒါယကာကြီး
ပဥ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ
လှူမှုထူးချွန်(ပထမဆင့်)၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

## ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်

ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ
နာယက၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်
အသက် (၇၆)နှစ်

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sky Net(Myanmar National Channel) ဝန်ထမ်းများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ရေကန်
သာသနာ့ဒါယကာကြီး
ပဥ္စမအကြိမ်၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ပစ္စည်းလေးပါးဒါယကာ
လှူမှုထူးချွန်(ပထမဆင့်)၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

## ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်

ပဲခူးမြို့၊ အောင်သုခမ္မရိပ်သာယောဂီ
နာယက၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်
အသက် (၇၆)နှစ်

ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်သည် ၂၁-၁၂-၂၀၁၄ ရက် နံနက် ၅း၅၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sky Net(Channel-9) ဝန်ထမ်းများ**

---

# ဝမ်းနည်းကြေကွဲခြင်း

အထက(၂)ဇဟာန်း (နန်ယန်ကျောင်း)တွင် ပညာသင်ကြားနေသော G-11 (H) မှ မောင်ချမ်းငြိမ်းကြွယ်၏ အဘိုး၊ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ မင်းကွက်(၁)ရပ်ကွက်၊ ၁၅လမ်းနေ ဦးအောင်ကြွယ် (ရတနာကြွယ် ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်) အသက် (၇၇)နှစ်သည် ၂၁-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွှေလမင်း စာသင်ဝိုင်းမှ ဆရာ/ဆရာမများနှင့်**
**ကျောင်းသား ကျောင်းသူများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ လမ်း၊ ရေတွင်း၊ ရေကန်

## သာသနာ့ဒါယကာကြီး လှူမှုထူးချွန်ပထမဆင့်

## သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊

## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း(ခ)လင်ကမ်းစိန်

## နာယက၊ ရွှေသံလွင် ကုမ္ပဏီလီမိတက်

## အသက် (၇၆)နှစ်

ရွှေမင်းဝံသာသနာ့ရိပ်သာ(ဇဟာန်း)၊ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)တို့၏ ပုညသီ အမျိုးသမီးအဖွဲ့ကြီး၏ ဂုဏ်ထူးဆောင် နာယကကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီ၏ခင်ပွန်း၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်းသည် ၂၁-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေမင်းဝံသာသနာ့ရိပ်သာ(ရန်ကုန်)**
**သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)**
**ဂေါပကအဖွဲ့နှင့်ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကိုကိုလေး (ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့)

## အသက် (၇၆)နှစ်

ASIA EXPRESS CO.,LTD၏ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင်-ဒေါ်သက်သက်နိုင်တို့၏ အစ်ကိုကြီးသည် ၂၀-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စိုးမိသားစု**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၄၃၈၅ Xin Li Feng ယာဉ်လက်ဝယ်ရှိသူ ဦးစံထွန်း ၁၃/လလန(နိုင်)၀၀၅၅၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၇၄၅၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးထွန်းညွန့်ဆွေ(၁၂/မဂဒ(နိုင်)[illegible]) + ဒေါ်နီနီရီ(၁၂/[illegible]) [illegible]

(နှစ်ဖက်မိဘသဘောတူညီချက်ဖြင့်)

**ဖခင် ဦးထွန်းညွန့်ဆွေ + မိခင် ဒေါ်နီနီရီ**

မြန်မာ့အလင်း

လူမှုစီးပွားအားကစား

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ သောကြာနေ့။




လူမှုစီးပွား

**လျှော်ဖြူပင် စိုက်ပျိုးခြင်းဖြင့် ဝင်ငွေကောင်းရရှိနိုင်၍ စိုက်ပျိုးမှုများလာ**

စာ - ၄



ပြည်တွင်းရေးရာ

**နှစ်သစ်ကူးရာသီ ရိဒ်ရေကန်သို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြား**

စာ - ၅



# စောင့်ကြည့်ရမယ့် ဝနိုက်ဒါရဲ့ အဆုံးအဖြတ်

စာ - ၇




ဒုတိယမြောက် ပွဲကျပ်ကာလနဲ့

## ဆောက်သမ်တန်ရဲ့ လားရာ




ပရီမီယာလိဂ်ရဲ့ပွဲစဉ် (၁၇) မှာ ဆောက်သမ်တန်က အဲဗာတန်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရတယ်။ ကစားရခက်ပါတယ်ဆိုတဲ့ အဲဗာတန်လိုအသင်းမျိုးကိုတောင် ပေးဂိုးမရှိ သုံးဂိုးသွင်းပြီး နိုင်ခဲ့တာဆိုတော့။ အဲဒါဟာ ရော်နယ်ကိုးလ်မန်းအတွက် ကျေနပ်လက်သင့်ခံစရာ ရလဒ်တစ်ခုဆိုတာ မှန်သော်ငြား အဲဒီအနိုင်ဟာ ဆောက်သမ်တန်ဆက်လျှောက်ရမယ့်လမ်းအတွက် ပြီးမြောက်ပြည့်စုံတဲ့ အထောက်အပံ့တစ်ခုတော့ မဟုတ်နိုင်ဘူးလို့ ကျွမ်းကျင်သူအများစုက ဝေဖန်ပိုင်းခြားထောက်ပြကြတယ်။ **စာမျက်နှာ ၇ သို့ »**

## ကျူပီအာအသင်းရဲ့ အသက်ကယ်ကစားသမား (သို့) အော်စတင်

စာ - ၂


VICTORIA ကုန်တိုက်

Happy New Year

ဈေးရောင်းပွဲတော် (27 - 12 - 2014 to 5 - 01 - 2015)

(27 - 12 - 2014)(1-1-2015)(5-1-2015) နေ့များတွင် Model Show, Starlet Sky Kids Show,

Ph : 689371, 689372




အင်းလျားကန်ဘေးမှာအမြင့်ဆုံးထိုးထွက်လာမယ့်ရတနာ.....34TH STOREY DIAMOND INYA PALACE CONDOMINIUM

**အရစ်ကျ ၅၀% ပေးချေပြီး (၃၄)ထပ် အမိုးပြီးမှ ၅၀% အရစ်ကျပေးချေရန်**
**ငွေပေးချေမှုစနစ်ဖြင့် ရောင်းချပေးနေပါပြီ။**

- မြန်မာနိုင်ငံ၏ ပထမဦးဆုံး 5-Star Hotel grade setting condominium.
- Ground Floor, 6th Floor, 22nd Floor တို့တွင် Facility Area များပါဝင်ပြီးရန်ကုန်မြို့၏ Facility အများဆုံး Condominium.
- 6th Floor, 22nd Floor တို့တွင် ရန်ကုန်မြို့၏ အကျယ်ဆုံးနှင့် အရှည်ဆုံးရေကူးကန် (၂)ခုပါရှိပါသည်။
- ကြည်လင်သန့်ရှင်းသောလေကိုရှူရှိုက်ရင်းအင်းလျားကန်ရေပြင်ကို မေးတင်ရှုမျှော်နိုင်ပြီး ရွှေတိဂုံဘုရားကိုဦးခိုက် ဖူးမြော်နိုင်တဲ့ Diamond Inya Palace Condominium.
- Diamond Inya Palace Condominium ဝယ်ယူခြင်းအားဖြင့် မိမိအိမ်ခန်းအပြင် မြေပိုင်ဆိုင်မှုပါရရှိမည်ဖြစ်ပါသည်။

**Diamond Inya Palace Site / Show Flat / Sales Office**
**No. 2, U Tun Nyein Street, Mayangone Township, Yangon , Myanmar**
**HP : 09-420097992 ~ 5, 09 420097998**
**Website : http://www.diamondinyapalace.com**

**Another Pretigious By**

မန္တလေးတိုင်းဒေသကြီး

# လျှော်ဖြူပင်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေကောင်းရရှိနိုင်၍ စိုက်ပျိုးမှုများလာ

တောင်သာမြို့နယ်တွင် လျှော်ဖြူပင် စိုက်ခင်းများကို တပိုင်တနိုင် စိုက်ပျိုးလာရာ ပျိုးထောင်၍ ပျိုးပင်ရောင်းချသူများပါ အဆင်ပြေလျက်ရှိပြီး မိသားစု စားဝတ်နေရေးအပြင် စီးပွားဖြစ်ပါ တွက်ချေကိုက်၍ အခြားသီးနှံများ မဖြစ်ထွန်းသည့်မြေများကို ဝယ်ယူစိုက်ပျိုးလာကြကြောင်း သိရသည်။

လျှော်ဖြူပင်သည် ရေဝပ်သည့်မြေ၊ ရေစီးရေလာမကောင်းသော မြေမှလွဲ၍ နေရာဒေသအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး အပူပိုင်းဒေသနှင့် ပိုမိုသင့်လျော်ကာ နှစ်ရှည်အပင်ကြီးမျိုးဖြစ်ကြောင်း၊ အစေးထုတ်ပုံနည်းစနစ်ပေါ် မူတည်၍ သက်တမ်းကွာခြားမှု ရှိနိုင်ကြောင်း သိရသည်။

"အပင်တစ်သောင်းကျော် စိုက်ထားပါတယ်၊ လောလောဆယ် ရေဝယ်ပြီး လောင်းနေပါတယ်၊ အခု ရေတွင်းတူးနေပါပြီ၊ ကျောက်စရစ်မြေ၊ သဲဝန်းမြေနဲ့ နုန်းစနယ်မြေမျိုးကို ပိုသင့်လျော်တယ်၊ ကျွန်တော်တို့ဒေသမှာ အများဆုံးစိုက်သင့်ပါတယ်၊ လေးနှစ်ဆိုရင် အစေးထုတ်လို့ရပါပြီ၊ အနှစ်နှစ်ဆယ်ကျော်အထိ ထွက်အားရှိတော့ အဆင်ပြေပါတယ်၊ အစေးကို အသုံးပြုမှုများလာတယ်၊ ကုန်ကြမ်းလိုအပ်ချက်လဲ များလာတော့ ပုံမှန်ဝင်ငွေအပြင် စီးပွားဖြစ်ပါ စိုက်ပျိုးနိုင်တဲ့အတွက် လူတိုင်းစိတ်ဝင်စားသင့်ပါတယ်" ဟု စိုက်ခင်းပိုင်ရှင် ဦးကျော်ကျော်ထွန်းက ပြောပြသည်။

လျှော်ဖြူစေးကို ဆေးကုလားမအဖြစ် အသိများပြီး အများစုမှာ ပြည်ပသို့ တင်ပို့ရောင်းချလျက် စားသောက်ကုန်လုပ်ငန်း၊ တိုင်းရင်းဆေးဝါး၊ လူသုံးကုန်ပစ္စည်း၊ အဖျော်ယမကာ၊ အထည် ရက်ကန်း၊ စက္ကူပုံနှိပ်၊ သားရေလုပ်ငန်းနှင့် မှန်ထည်ဆိုင်ရာ စက်မှုလုပ်ငန်းများတွင် ပေါင်းစပ်ရောနှောပြီး ကျယ်ပြန့်စွာ အသုံးပြုလာရာ တစ်ပိဿာလျှင် ၇၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်အထိ အရောင်းအဝယ်ရှိကြောင်း သိရသည်။

"ဈေးကွက်စီးပွားရေးအရ အိမ်နီးချင်းနိုင်ငံတွေရဲ့ ဈေးကွက်ထက် ကမ္ဘာ့ဈေးကွက် လိုအပ်ချက်အထိ စဉ်းစားပြီး စိုက်ပျိုးသင့်တယ်၊ ကျွန်တော်တို့ရွာနားက စိုက်ခင်းဆိုရင် အတော်လေး ဖြစ်ထွန်းနေပြီ မကြာခင်မှာ အစေးထုတ်ရတော့မယ်၊ အခြားနှစ်ရှည်သီးနှံနဲ့စာရင် အဆင်ပြေနိုင်တယ်" ဟု ရုံးစည်ကြီးကျေးရွာဒေသခံတစ်ဦးက ပြောပြသည်။

တစ်ဧကလျှင် အပင် ၁၅၀ မှ ၃၀၀ အထိ စိုက်ပျိုးနိုင်ပြီး အခြားရာသီသီးနှံများပါ သီးညှပ်စိုက်ပျိုးနိုင်သည့်အပြင် ခြံစည်းရိုး အရိပ်ပင်၊ လေကာပင်အဖြစ် အသုံးပြုနိုင်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး အချိန်တိုအတွင်း ဝင်ငွေကောင်းစွာ ရရှိနိုင်ကြောင်း၊ အပင်များကို ပေ ၁၀၊ ၁၅ ပေခြား စိုက်ပျိုးရသည့်အတွက် မြေဧရိယာ အကျယ်အဝန်း သုံးစွဲမှုများသဖြင့် မြေလွတ်မြေရိုင်းများ၊ ပလပ်မြေများ၊ အခြားသီးနှံ မစိုက်ပျိုးနိုင်သည့် မြေများ၊ တောင်ကုန်းတောင်စောင်းများတွင် ပိုမိုစိုက်ပျိုးသင့်ပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောပြန်လည်ထူထောင်ရေး စီမံကိန်းများ၌ တွဲဖက်စိုက်ပျိုးသင့်သည့် အပင်မျိုးဖြစ်ကြောင်း သိရသည်။



**"အနှစ်နှစ်ဆယ်ကျော်အထိ ထွက်အားရှိတော့ အဆင်ပြေပါတယ်၊ အစေးကို အသုံးပြုမှုများလာတယ်၊ ကုန်ကြမ်းလိုအပ်ချက်လဲများလာတော့ ပုံမှန်ဝင်ငွေ အပြင် စီးပွားဖြစ်ပါ စိုက်ပျိုးနိုင်တဲ့အတွက် လူတိုင်းစိတ်ဝင်စားသင့်ပါတယ်"**

လင်းလက်ကြယ်(တောင်သာ)

## ကုန်ထုတ်လုပ်ငန်းတိုးတက်ရေးဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီက ဖျာပုံမြို့ အမက(၂) လိပ်ဥကုန်းကျောင်း၌ကျင်းပရာ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ဖျာပုံခရိုင်ဦးစီးမှူး ဦးမြင့်အောင်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ရည်ရွယ်ချက်များနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၏ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များနှင့် လုပ်ဆောင်ချက်များ၊ ကုန်သွယ်မှုကဏ္ဍများ၊ ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများစသည့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

## မြို့နယ်ချင်းဆက်တံတား တည်ဆောက်

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မြောက်ဦးမြို့နယ် မြို့ချောင်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းကျေးရွာချင်းဆက်ကွန်ကရစ်တံတား ပေ အရှည် ၁၃၀ ကို ငွေကျပ်သိန်း ၁၃၀ ကုန်ကျခံ၍ ရိုးမမြေကုမ္ပဏီကတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၅၇)

## တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ ကျေးရွာအရောက်ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်စိုးနှင့် မယ်ဖားလုံဖောင်ဒေးရှင်းတို့ပါဝင်သောအဖွဲ့သည် ကျေးရွာများတွင် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ လက်လှမ်းမီနိုင်စေရေး၊ တိရစ္ဆာန်သေဆုံးမှု လျော့နည်းရေး၊ ကျေးလက်ဒေသမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လွယ်တော်ခမ်းကျေးရွာအုပ်စုရှိ ကျေးရွာများ၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ လွယ်တော်ခမ်းကျေးရွာအုပ်စုရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျွဲ၊ နွား ၅၂ ကောင်၊ ဝက် ၂၅၈ ကောင်၊ ကြက်၊ ဘဲ အကောင် ၇၀၀၊ ဆိတ် ၃၄ ကောင်၊ ခွေး၊ ကြောင် ၉၅ ကောင်တို့အား ကူးစက်ရောဂါ ကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ အခမဲ့ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း (iprd)





ချင်းပြည်နယ်

# နှစ်သစ်ကူးရာသီ ရိဒ်ရေကန်သို့ ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်မှု များပြား

ချင်းပြည်နယ်၏ အထိမ်းအမှတ်သင်္ကေတတစ်ခုဖြစ်သော ရိဒ်ရေကန်သို့ နှစ်သစ်ကူးရာသီ ပြည်တွင်း ပြည်ပခရီးသွားများနေ့စဉ်ရာချီ ဝင်ရောက်လည်ပတ်မှုများရှိနေခြင်းကြောင့် ရိဒ်ရေကန်ရှိ တည်းခိုခန်းများနှင့် ရိဒ်ခေါဒါရ်မြို့တွင် လူများစည်ကားနေကြောင်း သိရသည်။

"ရိဒ်ရေကန်ဆိုတာက ချင်းလူမျိုးတို့ရဲ့ အမှတ်သင်္ကေတတစ်ခုလည်း ဖြစ်တယ်လေ၊ နောက်ပြီး ဘိုးဘွားတို့ရဲ့ ဝိညာဉ်တွေရှိနေတယ်ဆိုပြီး ယုံကြည်မှုလည်းရှိကြတယ်။ တချို့ဆိုရင် ရေကန်ကိုလာပြီးဆုတောင်းကြတဲ့သူတွေလည်းရှိတယ်။ အစည်ကားဆုံးကတော့ ခရစ္စမတ်ရာသီနဲ့ နှစ်သစ်ကူးရာသီမှာ တော်တော်လေး စည်ပါတယ်၊ တချို့ဆိုရင် တည်းခိုဖို့ အခန်းကို မရကြပါဘူး"ဟု ရိဒ်ခေါဒါရ်မြို့မှ ဦးတွဲခိုပေါင်က ပြောသည်။

"ရိဒ်ရေကန် အပန်းဖြေစခန်းကို အိန္ဒိယ မဏိပူဘက်က ချင်းလူမျိုးတွေလည်းလာကြတယ်၊ ပြည်ပဘက်ကိုရောက်နေတဲ့ ချင်းတိုင်းရင်းသားတွေလည်းလာကြတယ်။ ဘာပဲဖြစ်ဖြစ် တစ်နှစ်တစ်ခေါက်လောက်တော့ ဒီဘက်က ချင်းတိုင်းရင်းသားတွေက လာကြပါတယ်။ တချို့ဆို မိသားစုအလိုက် အပန်းဖြေဖို့ လာကြတာရှိသလို သူငယ်ချင်းတွေစုပြီး လာကြတာလည်းရှိတယ်"ဟု ၎င်းကဆိုသည်။ ရိဒ်ရေကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၅၉၆၆ ပေတွင် တည်ရှိကာ သုံးမိုင်ပတ်လည်ကျယ်ဝန်းသော သဘာဝရေကန်ကြီးဖြစ်ပြီး ရေအနက်ပေ ၆၀ ကျော်ရှိကြောင်း သိရသည်။

"ချင်းပြည်နယ်မှာက ဒီအချိန်ကတော့ ပျော်စရာအကောင်းဆုံးအချိန်ပါ။ ချယ်ရီပန်းတွေ ပွင့်တယ်။ တောင်ဇလပ်ပန်းနီနီတွေပွင့်တယ်။ ရိဒ်ရေကန်ဘေးမှာလည်း အားလုံးဟာ ဒီပန်းတွေပွင့်နေတော့ ချင်းတိုင်းရင်းသားတို့အတွက် ပျော်စရာ အကောင်းဆုံးအချိန်တွေပါ"ဟု ဟွာငိုးလ် ချင်းလူမျိုးတစ်ဦးက ပြောသည်။

သျှင်နေမင်း

# တည်ငြိမ်အေးချမ်း၍သာယာ ကရင်ပြည်နယ်အတွင်းမှာ

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကရင်ပြည်နယ်အတွင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်းပေါင်း ၈၈၂၀ ဒသမ ၁၈၆ သိန်း သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဲ့ဒီအထဲမှာ ကျွန်တော်စိတ်ဝင်စားမိတဲ့ လုပ်ငန်းငယ်လေးတစ်ခုကတော့ သံတောင်ကြီးမြို့နယ် ပျားစခန်းငြိမ်းချမ်းရေးကျေးရွာတွင် လူနေအိမ် ၂၄ လုံး တည်ဆောက်ပေးခြင်းဆိုတာပါပဲ။ ညြော် - ဘာလိုလိုနဲ့ ဦးစောဖဲရိမိုးတို့အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာတာ၊ တစ်နည်းပြောရရင် သံတောင်မြောက်ပိုင်းဒေသ တည်ငြိမ်အေးချမ်းခဲ့တာ ၁၇ နှစ်တောင် ရှိလာပါပကောလို့လည်း တွေးလိုက်မိပါတယ်။ ဦးစောဖဲရိမိုးကတော့ ဆုံးသွားပြီလို့ သိရပါတယ်။ KNU တပ်မဟာ(၂)ကနေ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့မှာ ဝင်ရောက်ခဲ့ကြတာပါ။ သံတောင်မြို့နယ်ထဲမှာပဲ နောက်တစ်ဖွဲ့က ဦးကိုကြီးအဖွဲ့။ သူတို့ဝင်လာတဲ့ ရက်ကတော့ ၁၉၉၉ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ဖြစ်ပါတယ်။ ဒီလိုနဲ့ ဆက်ကယ်ဆက်ကယ် သတိရသွားတဲ့ အဖွဲ့တွေ တန်းစီပြီးပေါ်လာပါရော့လား။

၁၉၉၄ ခုနှစ် ဒီဇင်ဘာလမှာ DKBA ၊ KNU တပ်မဟာ(၆)၊ တပ်ရင်း(၁၆)က ဦးစောသမူဟဲတို့အဖွဲ့အနေနဲ့ ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ၊ ဖထီးပဒိုအောင်ဆန်းနဲ့အဖွဲ့က ၁၉၉၈ ခုနှစ် ဧပြီလ၊ အဲဒီနောက် KNU၊ KNLA (ထို့ကော်ကိုး)အဖွဲ့က ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလဆိုတော့ကာ ပြန်စဉ်းစားကြည့်ရင် ကရင်ပြည်နယ်အတွင်းမှာ တည်ငြိမ်အေးချမ်းမှုရခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူးပဲ။ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တပ်ဖွဲ့ဝင်တွေနဲ့ မိသားစုဝင်တွေအတွက် နေရေးထိုင်ရေး၊ ရေရှည်ဘဝရပ်တည်ရေးကိစ္စတွေကို နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးသလို ၎င်းတို့အခြေချနေထိုင်ရာ ဒေသများရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုပါ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။

နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာတာနဲ့အမျှ ကရင်ပြည်နယ်အတွင်းမှာ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်ခွင့်ရလာတာကလည်း အမှန်ပါပဲ။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းတွေ ပိုမိုကောင်းမွန်လာအောင် ဖောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ သိပ်ပြီးတော့ဝေးဝေးလံလံဆယ်စုနှစ်တွေကိုမကြည့်ဘဲအနီးဆုံး အချိန်ကာလများဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွေကို လေ့လာကြည့်ရှုနိုင်ပါတယ်။

ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းက ကျိုက်ဒုံ-ပိုင်ကလိုင်-တောင်ကလေး လမ်းကတော့ အရှည်၃၁မိုင်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ကွန်ကရစ်တံတားများအပါအဝင် ငွေကျပ်သိန်းပေါင်း ၄၈၆၀ သုံးစွဲဆောင်ရွက်ခဲ့ပါတယ်။ မြဝတီမြို့နယ် အတွင်းက ထိဝါကလေး-တာလေလမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မိုင် ၃၀ ကျော်ရောမြေလမ်းဖောက်ပေးပြီးဖြစ်တာမို့ သည်နှစ်မှာတော့ အဲ့ဒီလမ်းပေါ်က တံတားပေါင်း ၁၆ စင်းနဲ့ ရေပြွန် ၄၈ ခုကို ဆက်လက်တည်ဆောက်ပေးနေပါတယ်။ အလားတူပဲ မြဝတီမြို့နယ်ထဲက ရွှေကုက္ကို-ထီးခိုတော-ရေကျော်-သက္ကာရ-မော်ဖားသူလမ်းကိုလည်း ထပ်မံတိုးချဲ့ ဖောက်လုပ်ပေးနေပါတယ်။ ရွှေကုက္ကိုမှ မဲ့ပလဲ့ ချောင်းကူးတံတားအကြား ၁ မိုင် ၇ ဖာလုံကိုတော့ ကတ္တရာခင်းခြင်းလုပ်ငန်းနဲ့ ကွန်ကရစ်တံတား လေးစင်း တည်ဆောက်ခြင်းများ ဆောင်ရွက်နေပါတယ်။ တာလေ-ရှိုးထလမ်း ၁၂ မိုင် ၁ ဖာလုံနဲ့ တံတားကြီး/ငယ် အစင်း ၂၀ ၊ Box Culvert ကိုးခု တည်ဆောက်ဖောက်လုပ်ခြင်းများလည်း ပါဝင်မှာဖြစ်ပါတယ်။ စုကလိစခန်းသစ်နဲ့ အဇင်းလမ်း ၁၀ မိုင်ကိုတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျောက်လမ်း ၁၀ မိုင် ခင်းပေးတာဖြစ်ပါတယ်။

ဖာပွန်မြို့နယ်ထဲမှာတော့ ကမမောင်းဒေသက နို့ထရွာနဲ့ အုန်းတောရွာအကြား၊ ယွန်းစလင်းချောင်းကူး အရှည်ပေ ၆၉၀ ရှိ နို့ထတံတားကြီးကို ငွေကျပ်သိန်းပေါင်း ၁၇၈၀ သုံးစွဲ တည်ဆောက်ပေးနေပါတယ်။ ဦးစောဖဲရိမိုး၊ ဦးကိုကြီးတို့အဖွဲ့များ အခြေချနေထိုင်ရာ သံတောင်ကြီးမြို့နယ်အတွင်းမှာလည်း ဗဟုံး-ကျေးကတော့-မောင်ဘလော့လမ်း ၂၃ မိုင် ၇ ဖာလုံအနက် မြေလမ်း ၁၀ မိုင်၊ ကျောက်ခင်းလမ်းငါးမိုင် တံတားရှစ်စင်း၊ Box Culvert ၃၆ ခု ဆောင်ရွက်လျက်ရှိပါတယ်။

ကော့ကရိတ်မြို့နယ် အတွင်းမှာလည်း သမိန်ဒွတ်-ကညင်ကတိုက်ကျေးရွာချင်းဆက်လမ်းငါးမိုင်ကို ကျောက်ခင်းလမ်းဆောင်ရွက်ပေးမှာဖြစ်ပြီး တံတား ၁၃စင်း တည်ဆောက်နေပြီ ဖြစ်ပါတယ်။ ကြာအင်းဆိပ်ကြီးမြို့နယ်ထဲက ဖားပြ-ဆိပ်ဖူးကုန်း-နှန်းခွီး-လွှတ်ရှမ်းလမ်းကိုတော့ ၁၀၀ပေတံတားတစ်စင်း အပါအဝင် တံတားရှစ်စင်း တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ မြိုင်ကြီးငူ-မဲသဝေါလမ်း ၃၁ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းနဲ့ မယ်ပေါ်ထ(မြတ်မျိုးဆန်းမြိုင်)တံတားကြီးပေ ၆၀၀ တည်ဆောက်ခြင်းလုပ်ငန်းတွေကတော့ ကျွန်တော်မကြာခဏ ရေးသားတင်ပြခဲ့ဖူးပါပြီ။


ကရင်ပြည်နယ်အတွင်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ပြည်ထောင်စုရန်ပုံငွေနဲ့ ဆောင်ရွက်ပေးနေတဲ့ အခြား အခြားသော လုပ်ငန်းများကတော့ ပညာရေးလုပ်ငန်းတစ်ခု၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းလေးခု၊ ရေရရှိရေးလုပ်ငန်းတစ်ခု၊ စွမ်းအင်လုပ်ငန်းသုံးခုတို့ဖြစ်ပြီး ၎င်းလုပ်ငန်းများကိုလည်း ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြဝတီမြို့နယ်နဲ့ သံတောင်ကြီးမြို့နယ်များမှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဒါပေမယ့် - ရိုးရိုးလေးစဉ်းစားကြည့်ရင်ပဲ ဘယ်သူမှုမငြင်းနိုင်တဲ့ အရာတစ်ခုက ကရင်ပြည်နယ်အတွင်းမှာ ယခုလို သွားလမ်းသာပြီး လာလမ်းသင့်နေခြင်းဟာ နယ်စပ်ဒေသ တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးလမ်းများ ကောင်း၍မဟုတ်ပါ၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းလမ်းများ ကောင်းနေ၍လည်း မဟုတ်ပါ။ နယ်မြေဒေသ တည်ငြိမ်အေးချမ်းနေတဲ့အတွက် မည်သူမဆိုမည်သည့်နေရာမဆို လွတ်လွတ်လပ်လပ်အေးအေးချမ်းချမ်း သွားလာနေထိုင်နိုင်ခြင်းဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှု မရှိခဲ့ပါလျှင်၊ ပျက်ပြားခဲ့ပါလျှင်၊ ငြိမ်းချမ်းခြင်းကို မတည်ဆောက်နိုင်ပါလျှင် မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း မဆိုထားနှင့် ရွှေလမ်းငွေလမ်းများပင် ခင်းထားစေဦးတော့၊ ခြေတစ်လှမ်းသော်မျှ၊ ကားဘီး တစ်လိမ့်စာသော်မျှ ရွေ့၍ရမည်မဟုတ်ပါ။ ဒါတွင်ပဲလား။ စာသင်ကျောင်းများဆီက ခေါင်းလောင်းသံကို မှန်မှန်ကြားရတော့မည်မဟုတ်ပါ။ ဆေးရုံဆေးပေးခန်းများလည်း တံခါးပိတ်ထားသည်နှင့် ကြုံပါလိမ့်မည်။ တပ်မတော်သားဘဝ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်က ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်နှင့် မိုင်းကိုင်မြို့အကြားက ဝမ်ထီဆိုသည့် ရွာပျက်ကြီးထဲမှာ ကျွန်တော် တပ်စုစခန်းချခဲ့ဖူးပါတယ်။ တိုက်ပွဲတွေဖြစ်လွန်းလို့ ရွာပျက်သွားရုံမျှမက အဲ့ဒီရွာကို ချပေးထားသော ကျေးလက်ကျန်းမာရေးဌာန (Sanction) ကိုလည်း ကျိုင်းတောင်/ ကျိုင်းခမ်းကို ပြောင်းရွှေ့ချထားပေးလိုက်ရကြောင်း သိရှိလိုက်ရပါတယ်။

ဆရာဇော်ဂျီရဲ့ ကဗျာထဲကအတိုင်းပြောရရင် သို့တပြီးကား --- ကျွန်တော်တို့ ဖွားသော မြေ၊ ကျွန်တော်တို့ မြေ၊ ကျွန်တော်တို့ဒေသ၊ ကျွန်တော် ကျွန်မတို့၏ ပြည်နယ်များ၊ ကျွန်တော် ကျွန်မတို့ရဲ့ တိုင်းဒေသကြီးများ အခြေတိုးမြင့် ကျန်ကောင်းသင့်သည့်အတွက် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဖော်ဆောင်ရမှာ ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူများအတွက် အလိုအပ်ဆုံးအရာဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုရလဒ်ကိုလည်း ဝိုင်းဝန်းကြိုးပမ်း ရယူတည်ဆောက်ပေးကြရမှာ ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ် - - - - -။

ကရင်ပြည်နယ်

မြင့်စိုး(နတလ)




ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ပေးလျက်ရှိသည့် ကရင်ပြည်နယ်ပြ မြေပုံ။

ရှမ်းပြည်နယ်(တောင်ပိုင်း)

## ညောင်ရွှေမြို့နယ် ဘောရိသကျေးရွာတွင် နုန်းထိန်းတမံဆည်ကြီးတည်ဆောက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာနသည် အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် စဉ်ဆက်မပြတ်ဖော်ဆောင်လျက်ရှိရာ ဘောရိသကျေးရွာတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်အပြီး နုန်းထိန်းတမံဆည်ကြီး တည်ဆောက်နေသည်။

မြို့နယ်ဆည်မြောင်းဦးစီးဌာနအနေဖြင့် ၁၉၉၂ ခုနှစ်မှစ၍ နုန်းထိန်းတမံ ခြောက်ခုနှင့် နုန်းဖမ်းဆည် ၂၄ ခုကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည်။ အဆိုပါ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်ပေးခြင်းအားဖြင့် အင်းလေးကန်အတွင်းသို့ ဝင်ရောက်လာမည့် သဲနုန်းများကို ကန်အတွင်းမဝင်ရောက်အောင် ထိန်းသိမ်းပေးနိုင်သည့်အပြင် လယ်ယာမြေ စိုက်ပျိုးရေးအတွက် ရေပေးဝေနိုင်သော အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း သိရသည်။

ခင်မောင်မြ(ညောင်ရွှေ)



မကွေးတိုင်းဒေသကြီး



## ဂန့်ဂေါဒေသထွက်အုတ်များ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး ဂန့်ဂေါဒေသထွက် အုတ်လုပ်ငန်းများမှ အုတ်တစ်ချပ်လျှင် အုတ်ဖိုသို့လာရောက်ယူပါက ငွေကျပ် ၇၀ နှင့် ဟားခါးအထိအရောက်ဆိုလျှင် အုတ်ခဲတစ်ချပ် ငွေကျပ် ၁၅၀ မှ ၁၇၀ ဈေးပေါက်နေ၍ ဈေးကောင်းရကာ ဝင်ငွေကောင်းနေကြောင်း သိရသည်။

"ကျွန်တော်တို့ကတော့ အုတ်လုပ်ငန်းပဲလုပ်ရတာပါ။ အရောက်ပို့ပေးတာမျိုး မရှိပါဘူး။ တောင်ပေါ်တွေကို အရောက်ပို့ပေးဖို့ဆိုရင် လာဝယ်တဲ့သူတွေက ကားကို ကိုယ့်အစီအစဉ်နဲ့ကိုယ် စီစဉ်ခဲ့ရပါတယ်။ တင်တာ၂တာကအစ ကိုယ့်စိတ်ကြိုက် အုတ်ကိုရွေးပြီး တင်စေပါတယ်။ ဟားခါးမြို့အထိအရောက်ဆိုရင် တစ်ချပ်ကို ငွေကျပ် ၁၀၀ ယူတယ်လို့ သိရပါတယ်"ဟု KK အုတ်လုပ်ငန်းမှ အလုပ်သမားခေါင်းဆောင် ဦးဝါတားက ပြောသည်။

"အုတ်တစ်ချပ်ကို လုပ်တော့မယ်ဆို မှုန့်မြေစေးက ပိုကောင်းပါတယ်။ မြေစေးကို ဖြိုချတယ်။ နောက်ပြီး အုတ်ချပ်ရေတစ်ထောင်စာကို ခန့်မှန်းပြီးတော့ လွှစာမှုန့် နှစ်အိတ်ရယ်၊ သဲနှစ်အိတ်ရယ်ရောပြီး နင်းရပါတယ်။ နင်းပြီးရင် တစ်ညအိပ်လောက် ရေဖန့်ဖန့်လေးနဲ့ နှပ်ထားရပါတယ်။ နောက်နေ့ဆို အုတ်ရိုက်လို့ ရပါပြီ"ဟု ၎င်းက ပြောပြသည်။

တစ်ရက်လျှင် အုတ်ချပ်ရေ ၁၂၀၀ ကျော်ရိုက်လို့ပြီးကြောင်း၊ ရိုက်ပြီးသား အုတ်များကို တစ်ပတ်ခန့် နေပူလှန်းကာ မီးဖုတ်ရကြောင်း၊ မီးဖုတ်ရာတွင်လည်း အုတ်ချပ်ရေ ခုနစ်သောင်းမှ ရှစ်သောင်းအထိ တစ်ပြိုင်တည်း မီးဖုတ်၍ ငါးရက်ခန့် မီးဖုတ်ရကြောင်း သိရသည်။

သျှင်နေမင်း

စစ်ကိုင်းတိုင်းဒေသကြီး

## တစ်ဧက ကျပ်တစ်သောင်းခွဲဖြင့် ထွန်စက်သစ်ကြီးများငှားရမ်းပေး

မြင်းမူမြို့နယ်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အဆင့်မြင့် လယ်ယာများဖော်ထုတ်၍ သီးထပ်သီးညှပ်များ ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)မှပေးပို့သော အိန္ဒိယနိုင်ငံထုတ် New Holland ထွန်စက်သစ်ကြီး ငါးစီးကို တောင်သူများအား ဒီဇင်ဘာလဆန်းမှစ၍ ငှားရမ်းထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

New Holland ထွန်စက်ကြီးများသည် နိုင်ငံတကာအဆင့်မီ ထွန်ယက်နိုင်သော စက်ကြီးများဖြစ်ကြောင်း၊ ၎င်းထွန်စက်ကြီးများဖြင့် ထွန်ယက်ပါက ထွန်ရေးနက်သဖြင့် သီးနှံများအထွက်တိုးကြောင်း၊ တောင်သူများအနေဖြင့် ၎င်းထွန်စက်ကြီးများကို ငှားရမ်းထွန်ယက်ပါက တစ်ဧကလျှင် ငွေကျပ် တစ်သောင်းငါးထောင်သာ ပေးသွင်းရသည့်အတွက် အချိန်ကုန်၊ ငွေကုန်သက်သာစေကြောင်း၊ အဆိုပါထွန်စက်သစ်ကြီးများကို မြင်းမူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၂) စက်မှုလယ်ယာစခန်းမှ ကျွမ်းကျင်ဝန်ထမ်းများက မောင်းနှင်ထွန်ယက်ပြီး ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်မင်းမင်းထွန်းက ပြောပြသည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာနများတွင် ယခင်ကအသုံးပြုခဲ့သည့် ထွန်စက်များသည် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ စက်စွမ်းအားများ ကျဆင်းလာခြင်းကြောင့် အဆင့်မြင့်လယ်ယာများဖော်ထုတ်ရာတွင် စက်စွမ်းအားပြည့် ထွန်ယက်နိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)က မြို့နယ်များသို့ New Holland ထွန်စက်သစ်ကြီးများကို ထပ်မံပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

ဖိုးခါး(iprd)



မကွေးတိုင်းဒေသကြီး



## မင်းဘူးမြို့နယ်တွင် ကညွတ်သီးနှံများ စတင်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စုတွင် စပျစ်သီးနှံနှင့် ကညွတ်သီးနှံစံပြစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။

ကညွတ်သီးနှံသည် လက်ရှိစိုက်ပျိုးနေသော ဟင်းသီးဟင်းရွက်သီးနှံများအနက် ဝင်ငွေအများဆုံးရရှိနိုင်သော သီးနှံတစ်ခုဖြစ်ကြောင်း၊ ကညွတ်သီးနှံကောင်းစွာ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည့် နေပြည်တော်ကောင်စီနယ်မြေရှိ စက်စက်ယိုစိုက်ကွင်းသို့ မင်းဘူးမြို့နယ်မှ တောင်သူ ၄၉ ဦးအား ကညွတ်သီးနှံးစိုက်ပျိုးနိုင်ရေးအတွက် လေ့လာရေးပို့ဆောင်ပေးပြီးဖြစ်ကြောင်း၊ ကညွတ်စိုက်ပျိုးလိုသော တောင်သူများအတွက် မင်းဘူးမြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးတွင် ကညွတ်သီးနှံပျိုးပင်များကို ပျိုးထောင်ထားရှိကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျောက်တန်းကျေးရွာအုပ်စုတွင် အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းပြီး ကညွတ်သီးနှံစံပြစိုက်ပျိုးပြသလျက်ရှိကြောင်း၊ ကညွတ်သီးနှံစိုက်ပျိုးလိုသော တောင်သူများအား ကညွတ်မျိုးစေ့ရရှိရေးနှင့် ပျိုးပင်များရရှိရေးတို့အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းထံမှ သိရသည်။

သန်းနိုင်ဦး(ငဖဲ)

# ကလစ်ချ်ကိုနှင့်ပွဲကို အိုးလ်ထရက်ဖို့ဒ်တွင် ထိုးသတ်လိုသည်ဟု တိုင်ဆန်ဖူရီ ပြောဆို

● အောင်က



WBO ဟဲဗီးဝိတ် ချန်ပီယံခါးပတ်အတွက် ယူကရိန်းနိုင်ငံသား ဝလာဒီမာ ကလစ်ချ်ကိုအား စိန်ခေါ်ခွင့်ရရှိထားသူ အင်္ဂလန်ဟဲဗီးဝိတ်လက်ဝှေ့သမား တိုင်ဆန်ဖူရီက ကလစ်ချ်ကိုနှင့်ပွဲကို မန်ချက်စတာယူနိုက်တက်အသင်း၏ အိမ်ကွင်းဖြစ်သော အိုးလ်ထရက်ဖို့ဒ်ကွင်း၌ ထိုးသတ်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

တိုင်ဆန်ဖူရီသည် ပြီးခဲ့သည့် နိုဝင်ဘာ ၂၉ရက်တွင် ချီဆိုရာအား အနိုင်ရရှိခဲ့ပြီးနောက် ကလစ်ချ်ကို၏ WBO ဟဲဗီးဝိတ်ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ခွင့်ရရှိထားသူဖြစ်သည်။ ပွဲစီစဉ်သူ ဖရန့်ဝါရင်က တိုင်ဆန်ဖူရီနှင့် ကလစ်ချ်ကိုတို့ပွဲအား ပြီးခဲ့သည့် မေ ၃၁ရက်တွင် ဝင်ဘလေကွင်း၌ ကားလ်ဖို့ဒ်နှင့် ဂျော့ဘ်ဂရော့ဗ်တို့ ထိုးသတ်ခဲ့သကဲ့သို့ နာမည်ကျော်ဘောလုံးကွင်းတစ်ခုအတွင်းကျင်းပရန် ဆန္ဒရှိနေပြီး သူအားပေးသည့် အာဆင်နယ်အသင်း၏ အမ်းမရိတ်ကွင်း (သို့) ဝင်ဘလေကွင်းတွင် ကျင်းပသွားရန် ရည်ရွယ်ထားသည်ဟုဆိုသည်။

သို့သော်လည်း မန်ချက်စတာမြို့ဖွား တိုင်ဆန်ဖူရီက "ဖရန့်ဝါရင်နဲ့ ကျွန်တော့်ရဲ့ ပွဲစီစဉ်သူ မစ်ဟန်နက်စ်တို့က လန်ဒန်မှာ မွေးဖွားသူတွေမို့ ကျွန်တော်နဲ့ ကလစ်ချ်ကိုတို့ပွဲကို လန်ဒန်မှာပဲ ကျင်းပချင်နေပါတယ်။ ဒါပေမယ့် ကျွန်တော်က မန်ယူအသင်း ပရိသတ်ပါ။ ဒါကြောင့် ကျွန်တော့်ရဲ့ အိပ်မက်တစ်ခုဖြစ်တဲ့ ကလစ်ချ်ကိုနဲ့ပွဲကို မန်ယူရဲ့အိမ်ကွင်းဖြစ်တဲ့ အိုးလ်ထရက်ဖို့ဒ်ကွင်းမှာပဲ ထိုးသတ်ချင်ပါတယ်။ အင်္ဂလန်ရဲ့ နံပါတ် ၁ ကွင်းဟာ ဝင်ဘလေကွင်းပါ။ ဒီကွင်းဟာ လန်ဒန်မှာတည်ရှိပြီး လူဝင်ဆံ့မှုလည်းများတယ်။ ဒါကြောင့် ပွဲစီစဉ်သူတွေက ကျွန်တော်တို့ပွဲကို ဝင်ဘလေမှာ ကျင်းပဖို့ ဆန္ဒရှိနေတာကိုလည်း နားလည်ပါတယ်။ ဒါပေမယ့် ကျွန်တော်က လန်ဒန်က မဟုတ်ပါဘူး။ မန်ချက်စတာကသာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ပွဲဟာ ကျွန်တော်မွေးဖွားတဲ့နေရာမှာသာ ဖြစ်သင့်တယ်။ ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံခါးပတ်အတွက် ထိုးသတ်ပြီး အနိုင်ရရှိမယ်ဆိုရင် ဒီအောင်ပွဲမှာ အိုးလ်ထရက်ဖို့ဒ်မှာပဲဖြစ်စေချင်တယ်" ဟု ပြောသွားသည်။



# Roger Federer ဖောင်ဒေးရှင်းအတွက် ရန်ပုံငွေပွဲ၌ ဖက်ဒါရာက ဝါရင်ကာကိုအနိုင်ယူ

ထက်အောင်

ကမ္ဘာ့အဆင့် (၂)ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာ ဖက်ဒါရာ တည်ထောင်ထားသည့် Roger Federer ဖောင်ဒေးရှင်းအတွက် ရန်ပုံငွေရှာဖွေပွဲအဖြစ် ပြီးခဲ့သည့်တနင်္ဂနွေနေ့တွင် ဖက်ဒါရာနှင့် တစ်နိုင်ငံတည်းသား စတန်ဝါရင်ကာတို့ ယှဉ်ပြိုင်ကစားခဲ့သည့် သရုပ်ပြတင်းနစ်ပွဲစဉ်တွင် ဖက်ဒါရာက ၇-၆(၇-၄)၊ ၆-၄ ဖြင့် အနိုင်ရရှိသွားခဲ့သည်။

Roger Federer ဖောင်ဒေးရှင်းသည် အာဖရိကတောင်ပိုင်းမှ ခြောက်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ဆင်းရဲချို့တဲ့သည့် ကလေးငယ်များအတွက် ပညာရေးနှင့် အထောက်အပံ့ပေးရန် ရည်ရွယ်တည်ထောင်ထားသည့် ဖောင်ဒေးရှင်းဖြစ်သည်။

အဆိုပါ တင်းနစ်ပွဲကို ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ဖက်ဒါရာနှင့် ကမ္ဘာ့အဆင့် (၄) တင်းနစ်သမား ဝါရင်ကာတို့သည် ၉၃ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရသည်။ သရုပ်ပြတင်းနစ်ပွဲအတွက် ရောင်းချရန် စီစဉ်ထားသည့် လက်မှတ် ၁၁၀၀၀ စလုံး ရောင်းချခဲ့ရပြီး ပရိသတ်များအား အာဖရိကရိုးရာတေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေခဲ့သည်ဟုဆိုသည်။

ဖက်ဒါရာနှင့် ဝါရင်ကာတို့ ယှဉ်ပြိုင်ကစားခဲ့သည့် သရုပ်ပြပွဲမှ ဖောင်ဒေးရှင်းအတွက် ပေါင် ၈၅၀၀၀၀ ရရှိခဲ့ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ဖက်ဒါရာက "ဝါရင်ကာနဲ့ သရုပ်ပြပွဲကစားခဲ့တဲ့ အချိန်က ကျွန်တော့်အတွက် တကယ့်ကို ကျေနပ်စရာကောင်းတဲ့ အချိန်ကာလတစ်ခုပဲဖြစ်ပါတယ်။ ပရိသတ်တွေကလည်း ကျွန်တော်တို့နှစ်ဦးစလုံးကို အံ့အားသင့်စရာကောင်းလောက်အောင် ကြိုဆိုအားပေးခဲ့ကြတယ်။ ဒီသရုပ်ပြပွဲကနေ များပြားတဲ့ ငွေကြေးပမာဏရရှိခဲ့တာကလည်း ကောင်းမွန်တဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ဝါရင်ကာကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသွားသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော်က စတင်တည်ထောင်ခဲ့သော Roger Federer ဖောင်ဒေးရှင်းသည် ကလေးငယ်များ၏ ပညာရေးအတွက် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၇ သန်း ရှာဖွေပေးနိုင်ခဲ့ပြီး အာဖရိကခြောက်နိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ကလေးငယ်ပေါင်း ၂၈၅၀၀၀ ကို အကူအညီပေးနိုင်ခဲ့သည်။ အဆိုပါ ဖောင်ဒေးရှင်းအနေဖြင့် လာမည့် ၂၀၁၈ ခုနှစ်တွင် အကူအညီပေးမည့် ကလေးငယ်ပေါင်း တစ်သန်းအထိ ရှိလာစေရန် ရည်ရွယ်ထားသည်ဟုဆိုသည်။

**Roger Federer ဖောင်ဒေးရှင်းသည် ကလေးငယ်များ၏ ပညာရေးအတွက် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၇ သန်း ရှာဖွေပေးနိုင်**

